# ကြေးမုံ
The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့၊ (22-3-2015) (၈၁၅၂)


**မျက်မှောက်လောက ကြီးပွားကြောင်း တရားလေးပါး**

| | | |
|---|---|---|
| ✻ | ဥဋ္ဌာနသမ္ပဒါ | - ထကြွလုံ့လဝီရိယနှင့် ပြည့်စုံမှု၊ |
| ✻ | အာရက္ခသမ္ပဒါ | - စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊ |
| ✻ | ကလျာဏမိတ္တတာ | - မိတ်ဆွေကောင်းရှိမှု၊ |
| ✻ | သမဇီဝိတာ | - မျှတစွာ အသက်မွေးမှု။ |

**ထူးခြားသည့် နေ့အပူချိန်များ**

သာယာဝတီ
၄၂ ဒီဂရီစင်တီဂရိတ်
ကြို့ပင်ကောက်
၄၂ ဒီဂရီစင်တီဂရိတ်
ဘော်လခဲ
၄၂ ဒီဂရီစင်တီဂရိတ်
သိမ်ဇရပ်
၄၂ ဒီဂရီစင်တီဂရိတ်
အောင်လံ
၄၁ ဒီဂရီစင်တီဂရိတ်

# ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများ ဆရာဝန်ကျင့်ဝတ်ကို တန်ဖိုးထားထိန်းသိမ်းရမည်ဖြစ်

နေပြည်တော် မတ် ၂၁

**လားရှိုးမြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(လားရှိုး)၌ ကျင်းပသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ခန့်အပ်ထားသော ဆရာဝန်သစ်လွင်များအား တာဝန်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။**






ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ခန့်အပ်ထားသော ဆရာဝန်သစ်လွင်များအား တာဝန်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ပြည်သူအားလုံး တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေးနှင့် ဒေသတွင်းနိုင်ငံများနည်းတူ ကုသမှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင်နှစ်အလိုက် ခွင့်ပြုဘဏ္ဍာငွေဖြင့် ဆေးရုံ၊ ဆေးခန်း၊ ဆေးဝါးလိုအပ်ချက်များကို ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ဒေသအားလုံး ဟန်ချက်ညီညီတိုးတက်စေရန် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ဆေးရုံ၊ ဆေးခန်းများတိုးတက်လာသည်နှင့်အမျှ ကျန်းမာရေးဝန်ထမ်းခန့်ထားရေးကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုဆိုလျှင် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရှမ်းပြည်မြောက်ပိုင်းဒေသအတွက် ဆရာဝန် ၄၂ ဦး ခန့်ထားပေးနိုင်ပြီဖြစ်ပါကြောင်း၊ ယခုလုပ်ငန်းခွင်ဝင်ရောက်ကြမည့် ဆရာဝန်သစ်လွင်များကလည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာထားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ရှမ်းပြည်နယ် လားရှိုးဒေသတွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာဝန်သစ်လွင်များအနေဖြင့် မကြာမီလုပ်ငန်းခွင်သို့ဝင်ရောက်ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ကြတော့မည်ဖြစ်ရာ ဆရာဝန်သစ်လွင်များအနေဖြင့် ပြည်သူများအား ကိုယ်ချင်းစာတရားထားရှိကြရန်၊ စေတနာ၊ အနစ်နာ၊


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**


# အဆင့်မြင့်လယ်ယာမြေများတွင် နွေစပါးများ အောင်မြင်ဖြစ်ထွန်း

**နေပြည်တော် မတ် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ တောင်သူ ၉၇ ဦးတို့၏ လယ်မြေဧက ၂၄၄ ဒသမ ၅၃ ကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (MOAI)တို့ ပူးပေါင်း၍ အဆင့်မြင့်လယ်ယာမြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ကုန်ထုတ်လမ်း ၁၁ ခု စုစုပေါင်းအရှည် ၅ ဒသမ ၈၄ မိုင်၊ ရေပေးမြောင်း ၃၃ ခု စုစုပေါင်းအရှည် ၉ ဒသမ ၂၅ မိုင်၊ ရေနုတ်မြောင်း ၂၀ အရှည် ၅ ဒသမ ၉၂ မိုင်၊ မြောင်းဖြတ်တံတား နှစ်စင်း၊ ရေယူ၊ ရေနုတ်အဆောက်အအုံ ၁၂၃ ခုတို့ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုအခါ တဲကြီးကုန်းကျေးရွာရှိ အဆိုပါ အဆင့်မြင့်လယ်ယာမြေများတွင် တောင်သူများက နွေစပါး ပုလဲသွယ်စပ်မျိုးစပါးများကို ပေါင်စနစ်ဖြင့် စနစ်တကျပျိုးထောင်၍ သိပ္ပံနည်းကျ GAP စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။ **(ရွှေကူတို)**






## ပြည်တွင်းရေးရာ

**✻ ရှေ့ဖုံးမှ**

ကရုဏာတရားထားပြီး စောင့်ရှောက်သွားကြရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ထူးချွန်သည့်ဆရာဝန်ကြီးများဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်မြောက်ပိုင်း လားရှိုးဒေသရှိ ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်သစ်လွင်များအား တာဝန်အပ်နှင်းလွှာများကိုပေးအပ်သည်။

ယင်းနောက် ဆရာဝန်သစ်လွင်များကိုယ်စား ဆရာဝန်သစ်လွင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ဆရာဝန်သစ်လွင်များအား မှာကြားရာတွင် တစ်နိုင်ငံလုံးအနေအထားဖြင့် ယခုချိန်ထိ ဆရာဝန် သုံးသောင်းကျော် ဆေးကျောင်းတက်ရောက်အောင်မြင်ခဲ့သော်လည်း အဆိုပါဆရာဝန်များထဲမှ အကြောင်းကြောင်းကြောင့် ပြည်ပရောက်ရှိနေသူများ၊ ဆေးပညာနယ်ပယ်တွင် မရှိတော့သူများရှိပါကြောင်း၊ ယခုအခါတွင် ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ယူနေကြသူ ကျန်းမာရေးဝန်ထမ်းများ တစ်သောင်း နီးပါးမျှသာကျန်ရှိတော့ပါကြောင်း၊သို့ဖြစ်၍ ဆရာဝန်များစွာ လိုအပ်နေပါကြောင်း။

ယခုဆရာဝန်သစ်လွင်များအား စာတွေ့နယ်ပယ်တွင်သာမက လက်တွေ့နယ်ပင်တွင် လျင်မြန်စွာအတွေ့အကြုံကောင်းရရှိစေရန် ဆေးရုံကြီးများတွင် ဦးစွာတာဝန်ချပေးခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ဆရာဝန်သစ်လွင်များအနေဖြင့် အတွေ့အကြုံများစွာရှိသည့် ဆရာဝန်ကြီးများထံမှ လေ့လာဆည်းပူးကြစေလိုကြောင်း၊ ယခုတတ်မြောက်ပြီး ဆေးပညာအပြင် ပါရဂူဘွဲ့များရရှိအောင် ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း၊ ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအနေဖြင့် ဆရာဝန်ကျင့်ဝတ်ကို တန်ဖိုးထားထိန်းသိမ်းရမည်ဖြစ်ပြီး မိမိတို့ကုသရမည့် လူနာများအား စေတနာ၊ ကရုဏာ၊အနစ်နာဖြင့် စောင့်ရှောက်ကုသပေးကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် လားရှိုးမြို့ ကန်မိန်းကျောင်းတိုက်အတွင်း တည်ဆောက်ပြီးစီးသွားသည့် သုခဝိဟာရကန်မိန်းဓမ္မာရုံတော်ကြီးဖွင့်ပွဲနှင့် ရေစက်ချမဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် ရှမ်းပြည်နယ်တောင်ကြီးမြို့ သာသနဝိပုလ ဓာတ်တော်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပညာနန္ဒ၊ ကန်မိန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒတို့အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဇနီး ဒေါ်ဖြူဖြူညွန့်၊ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် ဓမ္မာရုံဂေါပကဥက္ကဋ္ဌ ဦးဆန်မန်တို့က သုခဝိဟာရကန်မိန်းဓမ္မာရုံတော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သုခဝိဟာရ ကန်မိန်းဓမ္မာရုံတော်ကြီးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီးနောက် မင်္ဂလာကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီး အမှူးပြုသော ပရိသတ်များက လားရှိုးမြို့ ကန်မိန်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီးက အာရာမက သံဃိကဒါနအဖြစ် သုခဝိဟာရကန်မိန်း ဓမ္မာရုံတော်ကြီးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကန်မိန်းကျောင်း ဆရာတော်ထံ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် အလှူငွေကျပ် သိန်း ၁၀၀ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆန်မန်ထံပေးအပ်စဉ်။ (သတင်းစဉ်)

ကိုယ်တိုင်လက်ရောက်ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မာရုံအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆန်မန်ထံပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဓမ္မာရုံအတွက်အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတက ဓမ္မာရုံတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် ဗိသုကာအင်ဂျင်နီယာများကို လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးအမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရှမ်းပြည်နယ်တောင်ကြီးမြို့ သာသနဝိပုလဓာတ်တော်ကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်ဇနီးတို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့၌ တတိယမြောက် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသနိုင်သော မြို့ဂုဏ်ရောင် စီနီပလက်ဖွင့်လှစ်






**မန္တလေး မတ် ၂၁**

မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားစေရေးအတွက် ရုပ်ရှင်ရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ရှိ မြို့ဂုဏ်ရောင် စီနီပလက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၁) လမ်းနှင့် (၈၃) လမ်းထောင့်ရှိ အဆိုပါရုပ်ရှင်ရုံမျက်နှာစာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူ၊ အေစီအီး ဆောက်လုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစံကိုကိုတင့်ဆန်းနှင့် Mega Ace Cineplex Executive Director ဒေါ်မိုးနွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြန်ကြားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် ဦးစံကိုကိုတင့်ဆန်းတို့က မြို့ဂုဏ်ရောင် စီနီပလက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်များ၊ မြို့မိ မြို့ဖများ၊ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ရုပ်ရှင်ချစ်ပြည်သူများက မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုပြီး ဒစ်ဂျစ်တယ် စနစ်ဖြင့် ရုပ်ရှင်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

မန္တလေးမြို့တွင် နိုင်ငံပိုင် ရုပ်ရှင်ရုံငါးရုံရှိပြီး ပုဂ္ဂလိကသို့ နှစ်ရှည်ငှားရမ်းခွင့်ပြုထားသည့် ရုပ်ရှင်ရုံ လေးရုံအနက် ယနေ့ဖွင့်လှစ်သော မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံသည် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသနိုင်သော DCP (Digital Cinema Package) စနစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်သည့် တတိယမြောက် ရုပ်ရှင်ရုံဖြစ်သည်။

DCP စနစ်ဖြင့် ပြသနိုင်သော ရုပ်ရှင်ရုံများ ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်က ၂၀၀၃ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ဂုဏ်ရောင် ရုပ်ရှင်ရုံသည် နိုင်ငံတစ်ဝန်းတွင် နှစ်ရှည်ငှားရမ်း လုပ်ကိုင်ခွင့်ပြုထားသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံ ၂၇ ရုံအနက် ၁၅ ရုံမြောက်အဖြစ် ဖွင့်လှစ်နိုင်သော ရုပ်ရှင်ရုံဖြစ်သည်။

နိုင်ငံတော်က ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အပြီးရောင်းချခဲ့ပြီး ရုပ်ရှင်ရုံများအနက် ရုပ်ရှင်ရုံနှစ်ရုံသည် DCP စနစ်သို့ ပြောင်းလဲခဲ့ပြီး ဖြစ်သည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များက ၎င်းတို့အစီအစဉ်ဖြင့် ဆောင်ရွက်သည့် DCP ရုပ်ရှင်ရုံ ၁၅ ရုံရှိသဖြင့် စုစုပေါင်း DCP စနစ်ဖြင့် ပြသနိုင်သော ရုပ်ရှင်ရုံ ၃၂ ရုံရှိပြီဖြစ်ကြောင်း၊ ပိတ်ကားအရေအတွက်မှာ ၄၂ ခုရှိကြောင်း သိရသည်။

နိုင်ငံတော်က နှစ်ရှည်ငှားရမ်းထားသော ရုပ်ရှင်ရုံများကို ဖလင်ဖြင့်ပြသခြင်းမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသနိုင်သော ရုပ်ရှင်ရုံများအဖြစ် ပြောင်းလဲရေးနှင့် အပြီးရောင်းချခဲ့သော ရုပ်ရှင်ရုံများကို မူလစည်းကမ်းချက်ပါအတိုင်း ရုပ်ရှင်များ ပြသနိုင်ရေး၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသနိုင်သော ရုပ်ရှင်ရုံများ ပေါ်ထွက်လာရေးအတွက် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနက တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး သင်တန်းဖွင့်

**ရွှေတောင် မတ် ၂၁**

ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုဘဝ တိုးတက်ဖွံ့ဖြိုးရေးကို ရည်ရွယ်၍ ရွှေတောင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် ဆယ်အိမ်စုမှူး သင်တန်းအမှတ်စဉ်(၁/၂၀၁၅)ဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ယဉ်ကြွေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအကြောင်း သိကောင်းစရာများကို ပြောကြားခဲ့သည်။

(၀၄၃)

ဆရာကောင်း (ဆေး - ၂) အဝ်းလိဝ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်မှ တည်ထောင်သော
ကောင်းထက်ကျော်
တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့် စာသင်ဝိုင်းများ
အထူးစခန်းသွင်းဘော်ဒါဆောင်
ထူးချွန်ထက်မြက်တို့ တက်ရောက်ရာ
တက္ကသိုလ်ဝင်တန်း ၁၅ ဦးနှင့် ပုံမှန်ဝိုင်းများ
အစိအစဉ်အားလုံး ကြိုတင် အပ်နှံမှသာ....
HOT LINE - 09 421 168127, 09 420 700008, 01 548339,

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကလိုအပ်ချက်ဟာ အရင်းအနှီးဖြစ်ပါတယ်

ဒေါက်တာကံဇော်

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်ပနိုင်ငံများမှ ချေးငွေအထောက်အပံ့ရယူမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တွေ့ဆုံမေးမြန်း ပြောကြားချက်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**

**ဒေါက်တာကံဇော်**
**ပြည်ထောင်စုဝန်ကြီး**
**(ယမန်နေ့မှအဆက်)**

ပြည်တွင်းစုဆောင်းမှုအနေနဲ့ ပြည်တွင်းမှာ တကယ်လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အပြည့်အဝ မဆောင်ရွက်နိုင်သေးပါဘူး။ ဒါကျွန်တော်တို့နိုင်ငံသာ မဟုတ်ပါဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအားလုံးမှာ၊ ဘယ်နိုင်ငံမှာမှ ပြည်တွင်းစုဆောင်းမှုကနေ ပြည်တွင်းလိုအပ်ချက် ရင်းနှီးမြှုပ်နှံမှုကို ဖြည့်ဆည်းနိုင်တယ်ဆိုတာ မရှိပါဘူး။ အဲဒီလို ပြည်တွင်းစုဆောင်းမှုက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အပြည့်အဝမဖြည့်ဆည်းနိုင်တဲ့ အချိန်မှာ ကျွန်တော်တို့က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ရရှိအောင်ဆောင်ရွက်ဖို့အတွက် ရှာဖွေကြရပါတယ်။

ဒီနေ့ဒီအချိန်ခါမှာ လိုအပ်တဲ့အရင်းကိုရှာဖွေဖို့အတွက် ကူညီပေးနေတဲ့၊ ငွေထုတ်ပေးနေတဲ့နိုင်ငံတွေ အများကြီးရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ **ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို တစ်ကမ္ဘာလုံးက အလွန်မှ အားရတာဖြစ်သလို ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ကမ္ဘာလုံးက သိပ်ပြီးတော့ အားတက်ဂုဏ်ယူပံ့ပိုးကြဖို့ရှိပါတယ်။**

**ဒါကြောင့် ဒီအခြေအနေပေါ်မှာမူတည်ပြီးတော့ မြန်မာနိုင်ငံကို နိုင်ငံတကာကနေပြီးတော့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလို့ခေါ်တဲ့ FDI (Foreign Direct Investment) လုပ်လာကြပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ Foreign Direct Investment လုပ်နေတဲ့ နိုင်ငံ ၄၀ လောက် ရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ရှိနေတဲ့သယံဇာတနဲ့ လူ့စွမ်းအားအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်ဆိုတာမှာ ကျွန်တော်တို့နိုင်ငံမှာ အသက်(၁၅)နှစ်ကနေ (၆၀)ကြား အလုပ်လုပ်နိုင်တဲ့ လူဦးရေဟာ စုစုပေါင်းလူဦးရေရဲ့ (၆၀) ရာခိုင်နှုန်းလောက်ရှိပါတယ်။**

ကျွန်တော်တို့နိုင်ငံမှာ Population Bonus လို့ခေါ်တဲ့ လူဦးရေဆိုင်ရာ ဆုလာဘ်ကြီးရနေတယ်လို့ ပြောပါတယ်။ ဘာလို့လဲဆိုတော့ အလုပ်လုပ်နိုင်တဲ့ လူဦးရေက အများအပြားရှိနေပါတယ်။ အလုပ်လုပ်နိုင်တဲ့ လူဦးရေက များနေတဲ့အတွက် နိုင်ငံရဲ့ ထုတ်လုပ်မှုစွမ်းအား သိပ်ကောင်းတဲ့အခြေအနေ ဖြစ်ပါတယ်။

ဒါဟာ နှစ်ပေါင်း ၂၀၊ ၃၀ လောက် ရဦးမှာဖြစ်တဲ့အတွက် ဒီထုတ်လုပ်မှုစွမ်းအားကောင်းတဲ့ လူငယ်တွေရှိတဲ့ နိုင်ငံဟာ နုပျိုနေပါတယ်။ နုပျိုတဲ့ နိုင်ငံ၊ စွမ်းအားရှိတဲ့နိုင်ငံဖြစ်နေပါတယ်။ ဒီနုပျိုမှု၊ စွမ်းအားရှိမှုဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအတွက်၊ နိုင်ငံတကာကနေ ပေးလိုတဲ့အကူအညီတွေ၊ ဖွံ့ဖြိုးမှုပူးပေါင်းပါဝင်မှုတွေ၊ ဒီဖွံ့ဖြိုးမှု ပူးပေါင်းပါဝင်မှုလုပ်ချင်တဲ့သူတွေအတွက်က သိပ်ကိုအားကောင်းနေတဲ့ အချိန်ဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ဒီအချိန်အခါမှာဆိုရင် နိုင်ငံတော်ရဲ့ နိုင်ငံရေး မျက်နှာစာမှာ အောင်မြင်မှုတွေရလာသလို၊ စီးပွားရေးမျက်နှာစာမှာလည်း အောင်မြင်မှုတွေရနိုင်ဖို့အတွက် နိုင်ငံတကာကနေပြီးတော့ အပြည့်အဝပါဝင်လာနိုင်အောင် ကျွန်တော်တို့ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့တဲ့ မြန်မာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်ရဲ့ အောင်မြင်မှုတွေက ဖော်ပြပြီးဖြစ်ပါတယ်။ တစ်ဖက်ကလည်း နိုင်ငံတော်မှာ စီးဝင်နေတဲ့ အရင်းအနှီးတွေ၊ ဒီအရင်းအနှီးတွေနဲ့ ခုနကပြောတဲ့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု၊ **နောက်တစ်ခါ အပြည်ပြည်ဆိုင်ရာ တရားဝင်ဖွံ့ဖြိုးမှုချေးငွေများ (Official Development Assistance) ကို တကယ်တော့ ချေးငွေလို့မခေါ်ပါဘူး။ သူတို့က (Official Development Assistance) (ODA) နိုင်ငံတကာ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု၊ (Official Development Assistance) (ODA)မှာ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့ (ODA) ချေးငွေပဲဖြစ်ပါတယ်။ နှစ်ပေါင်း (၄၀)ကြာမှ ပေးဆပ်ရမှာဖြစ်ပါတယ်။**

သူ့ရဲ့အတိုးနှုန်းဟာဆိုရင် (၀ ဒသမ ၀၁)ရာခိုင်နှုန်းပဲ ရှိပါတယ်။ တကယ်တော့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုမှာ အခြေခံအဆောက်အအုံ တည်ဆောက်ဖို့ လမ်းတို့၊ တံတားတို့၊ သင်္ဘောဆိပ်တို့၊ လေဆိပ်တို့၊ နောက်တစ်ခါ



နိုင်ငံရဲ့လိုအပ်ချက်ဖြစ်တဲ့ သင်္ဘောကြီးတွေဝယ်လို့ရသည်အထိ ဒါဟာ Official Development Assistance နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။

Official Development Assistance စီးဝင်မှုဟာလည်း ကျွန်တော်တို့ဆီမှာ အလွန်မှကောင်းတဲ့အခြေအနေဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ Official Development Assistance အနေနဲ့ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ တရုတ်၊ အီတလီ၊ ကူဝိတ်၊ ဆားဘီးယားစတဲ့နိုင်ငံတွေအပြင် ဥရောပသမဂ္ဂနဲ့ အမေရိကန်နိုင်ငံတွေက ရရှိနိုင်ပါတယ်။ လက်ရှိအားဖြင့်တော့ အာရှမှာရှိတဲ့ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယအစရှိတဲ့ နိုင်ငံတွေကနေပြီးတော့ ဆောင်ရွက်ပေးနေတာ အလွန်မှ အောင်မြင်နေတဲ့ Official Development Assistance ဖြစ်ပါတယ်။

တကယ်တော့ အထောက်အပံ့အဖြစ် Official Development Assistance ဆိုတာနဲ့ ချေးငွေ (Loan) ဆိုတာကို ခွဲခြားသိဖို့လိုအပ်တယ်။ Loan ဆိုတာကတော့ တကယ့်ချေးငွေကိုပြောတာ ဖြစ်တယ်။ Official Development Assistance ကတော့ ချေးငွေ (၄) မျိုးဖြစ်တဲ့ -

| | | |
|---|---|---|
| (၁) | Official Development Assistance (ODA) (တရားဝင် ဖွံ့ဖြိုးမှု အကူအညီ ချေးငွေ) | - နှစ် (၄၀) အတိုးနှုန်း ၀. ၀၁% |
| (၂) | Concessional Loan (အတိုးနှုန်း သက်သာသောချေးငွေ) | - (၁ - ၂) % |
| (၃) | Commercial Loan (ကူးသန်းရောင်းဝယ်ရေးချေးငွေ) | - (၄- ၅) % |
| (၄) | Special Loan (အထူးချေးငွေများ) | |

**ပိုမိုသက်သာတဲ့အတိုးနှုန်းနဲ့ ချေးတာဖြစ်တယ်။ နောက်တစ်ခါ ကူးသန်းရောင်းဝယ်ရေးအတွက် ပေးတဲ့ချေးငွေ (Commerical Loan)၊ နောက်အထူးချေးငွေ၊ ချေးငွေဆိုတာက အမျိုးမျိုးရှိတဲ့အတွက် ဘယ်ချေးငွေဟာ ပိုပြီးတော့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အခြေခံအဆောက်အအုံမှာ သုံးရမလဲ။ ဘယ်ချေးငွေကတော့ နိုင်ငံရဲ့ပြန်ရချက်မြန်တဲ့၊ နောက်တစ်ခါ အမြတ်အစွန်း ရမယ့်လုပ်ငန်းတွေမှာ သုံးရမလဲဆိုတာ သက်ဆိုင်ရာငွေကြေးလိုအပ်တဲ့ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေက ဆောင်ရွက်ရမှာဖြစ်ပါတယ်။**

ချေးငွေတွေချေးယူတဲ့အခါ၊ နိုင်ငံတကာကနေပြီးတော့မှ အရင်းအနှီးတွေကို စုဆောင်းနေရတဲ့အချိန်မှာ ချေးငွေများကို နိုင်ငံတော်ကနေပဲ တိုက်ရိုက်ချေးတာဖြစ်ပြီး နိုင်ငံတော်ကနေပြီးတော့ပဲ အာမခံပြီးတော့ ချေးပါတယ်။ ဒါပေမယ့် ကျန်တဲ့နိုင်ငံတွေမှာတော့ နိုင်ငံတော်က တိုက်ရိုက်အာမခံရတာမဟုတ်သလို ပုဂ္ဂလိကဘဏ်က ချေးငွေများကို တိုက်ရိုက်ရယူတဲ့စနစ် ရှိနေပါပြီ။ အခြားနိုင်ငံတွေမှာ ပုဂ္ဂလိကဘဏ်ကနေ တိုက်ရိုက်ချေးတဲ့(Business Investment) ပေါ့လေ။ သက်ဆိုင်ရာ အခြားနိုင်ငံ ဘဏ်တွေကနေပြီးတော့ သက်ဆိုင်ရာနိုင်ငံအတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကို ချေးငှားတဲ့ Commercial Loan တွေလည်း ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ကတော့ ဒါဟာ မကြာခင်ကာလအတွင်းမှာ Commercial Loan တွေ ပွင့်လင်းလာမယ်လို့ မျှော်လင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘဏ်လုပ်ငန်းတွေ တိုးတက်လာလို့ပါ။

ပုဂ္ဂလိကကဏ္ဍဆန်ဆန် လုပ်လာတဲ့လုပ်ငန်းမျိုးတွေဆိုရင် ဥပမာအားဖြင့် ပုဂ္ဂလိကလျှပ်စစ်လုပ်ငန်းတွေလုပ်တယ်။ မြန်မာနိုင်ငံမှာ အခုဆိုရင် (IPP)ဆိုရင် မော်လမြိုင်မှာလုပ်နေတဲ့(IPP)၊ အခြားဒေသတွေမှာလုပ်တဲ့ (IPP) တွေလည်းရှိတယ်။ (IPP)မှာဆိုရင် အဓိကအားဖြင့် သူတို့တွေ (PPA)လို့ခေါ်တဲ့ (Power Purchasing Agreement) ကို အပေါင်ကိုထားပြီးတော့ အဲဒီ(Agreement)က တစ်ဆင့် တိုက်ရိုက်အသုံးပြုရတဲ့ ချေးငွေတွေလုပ်တာလည်းရှိတယ်။ အဲဒီလုပ်ဆောင်မှုတွေဟာ ပွင့်လင်းလာတဲ့ နိုင်ငံမျိုးကို အရင်းစီးဝင်မှုတွေ ဖြစ်ပါတယ်။

ဒီအရင်းစီးဝင်မှုတွေဟာ ဘာလို့အရေးကြီးသလဲဆိုတော့ ကမ္ဘာ့နိုင်ငံတိုင်း ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံတိုင်းမှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြန်လည်တည်ဆောက်၊ ပြန်လည်တည်ဆောက်မှုကနေ တစ်ဆင့်တိုးတက်မှု၊ တိုးတက်မှုကမှ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို သွားရတာ ဖြစ်ပါတယ်။

အဲဒီလို သွားခဲ့သလို ကမ္ဘာ့နိုင်ငံအားလုံးမှာ အကောင်းဆုံးလို့ပြောတဲ့ ဂျပန်နိုင်ငံလိုမျိုး၊ နောက်ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးဟာဆိုရင် အရင်းအနှီး တည်ဆောက်မှုကနေ တစ်ဆင့်မှ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိရတာဖြစ်တဲ့အတွက် အရင်းစီးဝင်မှုဟာ ကမ္ဘာ့နိုင်ငံတိုင်းမှာ ပြည်တွင်းအရင်းစုဆောင်းမှု၊ အပြည်ပြည်ဆိုင်ရာ အရင်းအနှီးရရှိမှုအပေါ်မှာ အခြေခံပြီးတော့ ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် အပြည်ပြည်ဆိုင်ရာ အရင်းအနှီးရွေ့ပြောင်းမှုဟာ ကမ္ဘာမှာ အရေးကြီးတဲ့ ဖွံ့ဖြိုးမှုကို ဦးတည်တာ ဖြစ်တယ်။

**အရင်းအနှီးများများစီးဝင်ခြင်းဟာ အဲဒီနိုင်ငံအပေါ်မှာ များများယုံကြည်ခြင်းလို့ ဆိုရမှာဖြစ်တယ်။ ဥပမာ အဓိပ္ပာယ်တစ်ခုကို စဉ်းစားကြည့်ပါ။ ငွေချေးမယ်ဆိုရင် ပြန်မဆပ်နိုင်ဘူးလို့ယူဆရင် ဘယ်သူကမှ ထုတ်ချေးမှာ မဟုတ်ပါဘူး။ ချေးမယ်ဆိုကတည်းက ပြန်ဆပ်နိုင်မယ်၊ အချိန်တန်ရင် ပြန်ဆပ်မှာပဲဆိုပြီးတော့ သေချာလည်း ယုံကြည်တယ်၊ နောက်တစ်ခါ ပြန်ဆပ်မယ်ဆိုတဲ့ သူ့ရဲ့ ချမ်းသာမှု၊ ကြွယ်ဝမှု၊ သယံဇာတ၊ သူရဲ့ပညာ၊ သူရဲ့အသိပညာ၊ သူ့ရဲ့လုပ်ငန်းပေါ့ အဲဒီဟာတွေအားလုံး သေချာမှ သာလျှင် ချေးတာမျိုး ဖြစ်ပါတယ်။**

ဒါကြောင့် ငွေချေးငှားမှုနဲ့ပတ်သက်လို့ အခုအချိန်မှာဆိုရင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ကူဝိတ်၊ ဆားဘီးယား စတဲ့နိုင်ငံတွေကနေ ချေးငှားတာတွေ ရှိပါတယ်။ ဒါ့ပြင် အဓိကအားဖြင့်တော့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ဘဏ်မှာတော့ အဖွဲ့အစည်းတွေအများကြီး ရှိတာပေါ့လေ။ နောက်တစ်ခါ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးရန်ပုံငွေ အဖွဲ့တွေက ချေးငှားပေးပါတယ်။

နိုင်ငံရဲ့ အခြေအနေကို ကြည့်ပြီးတော့ ပြန်ဆပ်နိုင်မှာ သေချာတယ်၊ သူတို့ရဲ့ငွေပြန်ဆပ်မှုသမိုင်းမှာကြည့်ရင်လည်း တာဝန်ရှိမှု၊ တာဝန်သိမှုနဲ့ ချေးထားတဲ့ ငွေတွေကိုလည်း စနစ်တကျပြန်ဆပ်တယ်၊ Project Document မှာလည်း အရင်းကျေကာလ၊ ဘယ်တော့ အရင်းကျေမလဲဆိုတာ သေချာဖော်ပြထားပါတယ်။

ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (Internal Rate of Return – IRR) ဘယ်လောက်ရှိတယ်ဆိုတာ ဖော်ပြတယ်။ အဲဒီဟာကိုလည်း မှန်မှန်ကန်ကန်ရအောင် ကိုယ်ကလုပ်နိုင်ရမယ်။ နောက် ကျွန်တော်တို့က Cost Benefit (ကုန်ကျမယ့်စရိတ်) ပြန်ရလာမယ့် အကျိုးကျေးဇူးတွေရှိမယ်။ အဲဒါတွေကို တွက်ဆကြည့်ရမယ်။

အကျိုးအမြတ်နဲ့ စရိတ်အချိုးမှာ အကျိုးအမြတ်များမှ စရိတ်နည်းပြီး ဒီလုပ်ငန်းက လုပ်လို့ရမယ်။ အကျိုးပြန်ရချက်ကလည်း ကောင်းရမယ်၊ ပြန်ရချက်ကို ပြန်လည်ပေးဆပ်နိုင်တဲ့အခြေအနေလည်း ရှိရမယ်။ နောက်တစ်ခါ အရင်းကျေကာလကလည်း မြန်မြန်အရင်းကျေနိုင်မှ ကိုယ့်အတွက်လည်း အကျိုးအမြတ်ကရလာမယ်။ ဒါတွေကို ချေးငှားသူက စိစစ်ပြီးမှ သေချာလို့ ချေးငှားတာ ဖြစ်ပါတယ်။

**အဲဒီတော့ အဲဒီကောင်းတဲ့အခြေအနေတွေမှာ တကယ်လက်တွေ့ အကောင်အထည်ဖော်တဲ့၊ တကယ်ရရှိခံစားနေရတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ ရှိမယ်၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေရှိမယ်။ ဒီအဖွဲ့အစည်းတွေကတော့ စရိတ်ကို အနည်းဆုံးဖြစ်အောင်လုပ်မယ်၊ ပြန်ရချက်ကို အကောင်းဆုံးဖြစ်အောင်လုပ်မယ်။ ခုနကပြောတဲ့ အရင်းကျေကာလကို မြန်မြန်ရနိုင်ဖို့အတွက် Delay မဖြစ်ဖို့လိုတယ်။ လုပ်ငန်းတွေက သူပေးရမယ့်အချိန်ကို ပေးကိုပေးရမယ်။ စံချိန်စံညွှန်းအပြည့်အဝ စစ်ဆေးခံနိုင်ရမယ်။ အဲဒီအခြေအနေတွေနဲ့ အားလုံးပြည့်စုံရင် ဒါဟာသူ့ရဲ့ International Facts မှာ အကုန်လုံးဝင်သွားမယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့နိုင်ငံမှာ မအောင်မြင်တဲ့ကိစ္စတွေ ရှိလာစရာမရှိဘူး။**

အရင်းအနှီးသုံးစွဲနိုင်မှုနဲ့ နည်းပညာရရှိနိုင်မှု။ နည်းပညာဟာ ထပ်မံပြီးတော့ တိုးချဲ့ရမှာဖြစ်တဲ့အတွက် အခုအချိန်မှာဆိုရင် နိုင်ငံနဲ့အဝှမ်း အရည်အသွေးမြှင့်တင်ရေးတွေ လုပ်နေပါတယ်။ နည်းပညာဆိုင်ရာလက်မှတ်ရသင်တန်းတွေ၊ နိုင်ငံတကာနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နေတဲ့ နည်းပညာဆိုင်ရာကျွမ်းကျင်မှု သင်တန်းတွေလည်း လုပ်နေတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ကတော့ မိမိရဲ့နိုင်ငံသားတွေကို ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်အောင် ပညာအရည်အချင်းအားဖြင့်လည်းကောင်း၊ နည်းပညာအားဖြင့်လည်းကောင်း၊ ကျွမ်းကျင်မှုအားဖြင့် လည်းကောင်း၊ လုပ်ခလစာ တိုးတက်လာခြင်းအတွက် လည်းကောင်း လုပ်နေပါတယ်။ ကိုယ့်ရဲ့ထုတ်လုပ်မှုစွမ်းအားမြင့်ရင် လုပ်ခလစာကလည်း တိုးမှာဖြစ်ပါတယ်။

ကမ္ဘာမှာတိုင်းတာနေတာက လုပ်ခလစာကို ထုတ်လုပ်မှုစွမ်းအားနဲ့ ချိန်တယ်။ လူတစ်ဦးချင်းရဲ့ ထုတ်လုပ်မှုစွမ်းအား မမြင့်မချင်း သူရဲ့လုပ်ခလစာဟာ သာမန်အခြေအနေမှာပဲ ရှိမယ်။ ကိုယ်ဖြစ်နိုင်တာထက်ပိုတဲ့ လုပ်ခလစာ ဘယ်ကမ္ဘာမှာမှ သတ်မှတ်ထားတာ မရှိဘူး။

**ဒါကြောင့် Rate ကိုသတ်မှတ်တဲ့အခါမှာလည်း အဓိကအားဖြင့် ထုတ်လုပ်နိုင်မှု စွမ်းအားနဲ့ Rate က တိုက်ရိုက်သွားပြီး ပတ်သက်နေတယ်။ ဒါအခြေခံပဲ။ လုပ်ခလစာအခြေခံသည် တစ်ဦးချင်းစီရဲ့ ထုတ်လုပ်မှုစွမ်းအားနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။**

ဒါကမ္ဘာမှာ သီအိုရီအရ လည်းကောင်း၊ လက်တွေ့အရလည်းကောင်း ဒီအခြေခံအတိုင်းသွားမှာပဲ။ ဒါကြောင့် အဲဒီလိုဟာတွေတိုးမြှင့်လာဖို့အတွက် နိုင်ငံတော်အနေနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ (၅)နှစ်စီမံကိန်းကနေ ယခုနောက်ဆုံး ၂၀၁၅-၂၀၁၆ မှာ ပထမဆုံး ပြုပြင်ပြောင်းလဲရေးဖြစ်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး၊ ဒုတိယပြုပြင်ပြောင်းလဲရေးဖြစ်တဲ့ စီးပွားရေးနဲ့ လူမှုရေး ပြုပြင်ပြောင်းလဲရေး၊ တတိယအဆင့်ဖြစ်တဲ့ ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသော အစိုးရ၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုဖြစ်တဲ့ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု (Public Administration Reform)၊ နောက်တစ်ခုက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီအပေါ်မှာ အခြေခံပြီးတော့ အခု ပဉ္စမနှစ်မှာဆိုရင် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ ဒီရည်မှန်းချက်ကြီးကိုရအောင် နည်းလမ်းရှာဖွေပြီးတော့ တကယ်အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်ရမယ့်နှစ်ဖြစ်တယ်။

ဒီအခြေအနေတွေအပေါ် အခြေခံပြီးတော့ အပြည်ပြည်ဆိုင်ရာ အရင်းအနှီး စီးဝင်မှုတွေအပေါ်မှာ ကြိုဆိုပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေက ပိုပြီးတော့ တိုးမြှင့်လာဖို့ လိုပါတယ်။ ကျွန်တော်တို့ လက်ရှိဖွံ့ဖြိုးတိုးတက်မှုတွေအပေါ်မှာ အရင်းအနှီး လိုပါသေးတယ်။ ဒီထက်ကို အများကြီး အရင်းအနှီး လိုပါတယ်။ ဒီအရင်းအနှီးတွေကို သက်ဆိုင်ရာနိုင်ငံရဲ့ ချေးငွေခံနိုင်ရည်ရှိမှုနဲ့ချိန်ဆပြီး ဆောင်ရွက်သွားရင် မအောင်မြင်နိုင်စရာမရှိဘူး။ အောင်မြင်လည်း အောင်မြင်လာနေပြီဆိုတာ ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

# အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့ (IPI) ၏ ညီလာခံနှင့် မြန်မာနိုင်ငံ

## ဒေါက်တာသာစိန်နှင့်အဖွဲ့

ကမ္ဘာ့ငြိမ်းချမ်းရေးသည် လူသားအချင်းချင်း၏ နားလည်စာနာမှုအပေါ်တွင် များစွာမူတည်သည်။ ထို့အတွက် သတင်းအချက်အလက်မှန်များ ရရှိရေးမှာ မရှိမဖြစ်လိုအပ်သည်။

ထို့ကြောင့် **လူသားများအကြား နားလည်စာနာမှုရှိရန် အခြေခံလိုအပ်ချက်အနေဖြင့် ကမ္ဘာတစ်ဝန်းရှိ စာနယ်ဇင်းသမားများအကြား နားလည်စာနာမှုရှိရေးကို ဖော်ဆောင်ရမည်ဖြစ်သည်။ ယင်းယုံကြည်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ကို ဖွဲ့စည်းခဲ့ပါသည်။**

အပြည်ပြည်ဆိုင်ရာစာနယ်ဇင်းအဖွဲ့၏ ရည်မှန်းချက်မှာ **စာနယ်ဇင်းလွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန်၊ စာနယ်ဇင်းသမားအချင်းချင်းနားလည်မှုဖော်ဆောင်ရန်၊ စာနယ်ဇင်းသမားနှင့် ပြည်သူများအကြား နားလည်မှုရှိလာစေရန်၊ နိုင်ငံများအကြား တိကျပြီး ဘက်မလိုက်သော သတင်းများ အခမဲ့ဖလှယ်မှုမြှင့်တင်ရန်နှင့် သတင်းစာပညာရပ်များ ဖွံ့ဖြိုးရန်**တို့ ဖြစ်ပါသည်။

### အပြည်ပြည်ဆိုင်ရာစာနယ်ဇင်းအဖွဲ့အစည်း၏ ကမ္ဘာ့ညီလာခံ

အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့အစည်း (IPI) သည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် အထင်ရှားဆုံး ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်မှုအဖွဲ့အစည်းဖြစ်ပြီး အယ်ဒီတာများ၊ မီဒီယာ အမှုဆောင်များနှင့် ရှေ့ဆောင်စာနယ်ဇင်းသမားများဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတကာကွန်ရက်တစ်ခုလည်း ဖြစ်ပါသည်။

စာနယ်ဇင်းကျင့်ဝတ်များ တိုးတက်ရေး၊ သတင်းနှင့်သတင်းအချက်အလက် လွတ်လပ်စွာစီးဆင်းမှုတိုးတက်ရေး၊ လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်စောင့်ရှောက်ရေး၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပိုမိုမြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

**IPI ၏ ပြက္ခဒိန်အရ နှစ်စဉ်ကျင်းပသည့် ညီလာခံတစ်ခုမှာ IPI ကမ္ဘာ့ညီလာခံဖြစ်ပါသည်။ အဆိုပါညီလာခံသို့ ကမ္ဘာတစ်ဝန်းမှ နာမည်ကြီးသော မီဒီယာအဖွဲ့အစည်းများမှ ရှေ့ဆောင်စာနယ်ဇင်းသမားများ၊ အစီအစဉ်ညွှန်ကြားရေးမှူးများ၊ အမှုဆောင် အယ်ဒီတာများ၊ ဝါရင့်မီဒီယာအမှုဆောင်များနှင့် ထိပ်တန်းမီဒီယာလုပ်ငန်း အမှုဆောင်များ တက်ရောက်ကြပါသည်။**

ညီလာခံတွင် ပါဝင်ဆွေးနွေးကြမည့်အဖွဲ့ဝင်များ (Panelists) သည် အကောင်းဆုံးစာနယ်ဇင်းကျင့်ဝတ်များနှင့် ခေတ်ရေစီးကြောင်းနှင့် လိုက်လျောညီထွေဖြစ်ပေါ်လာစေရေး ဆွေးနွေးရန် အခွင့်အလမ်းတစ်ရပ်ပေးသကဲ့သို့ မီဒီယာနှင့် စာနယ်ဇင်းပညာ ဆင့်ကဲပြောင်းလဲလာမှုဖြစ်ပေါ်လာစေရေးအတွက်လည်း လေးနက်သည့်အတွေးအမြင်များ ပေးလျက်ရှိပါသည်။

ညီလာခံတွင် ဒေသတွင်းနှင့် နိုင်ငံတကာတွင် သတင်းလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပိုမိုရရှိရေး ဆွေးနွေးကြသကဲ့သို့ အမြင်ချင်းဖလှယ်နိုင်ရေးအတွက်လည်း ထူးခြားသည့် အခွင့်အရေးပေးလျက်ရှိပါသည်။

လွတ်လပ်ပြီး အမှီအခိုကင်းသော သတင်းမီဒီယာသည် ရေရှည်တည်တံ့သော စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးနှင့် လူ့အခွင့်အရေးထိန်းသိမ်းရေးအတွက် အခြေခံအဆင့်ပင်ဖြစ်ပါသည်။ အဆိုပါညီလာခံသည် ညီလာခံကျင်းပသောဒေသနှင့် နိုင်ငံအတွင်း ကျွန်ုပ်တို့၏ လုပ်ငန်းများမြှင့်တင်ရေး အကူအညီပေးသလို သတိပေးနေသည့် ပလက်ဖောင်းတစ်ခုအနေဖြင့် ကျွန်ုပ်တို့၏အဖွဲ့ဝင်များနှင့် ကျွန်ုပ်တို့ကို အလုပ်အကျွေးပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အပြောင်းအလဲသည် အလွန်အရေးပါသော သမိုင်းဝင်အပြောင်းအလဲများကို ရင်ဆိုင်နေရသည့် နိုင်ငံများ၏ အပြောင်းအလဲကဲ့သို့ပင်ဖြစ်ပါသည်။

### မြန်မာနိုင်ငံတွင် ကျင်းပမည့် IPI ကမ္ဘာ့ညီလာခံ၏ ရည်ရွယ်ချက်များ

မြန်မာနိုင်ငံ၌ ကျင်းပမည့် IPI ကမ္ဘာ့ညီလာခံ၏ ရည်ရွယ်ချက်များမှာ IPI ၏ ကမ္ဘာ့ညီလာခံမှရရှိသော အခွင့်အလမ်းကို ထိရောက်စွာအသုံးပြုကာ ဒေသတွင်း သတင်းလွတ်လပ်မှုအပေါ် အကျိုးသက်ရောက်စေသည့် စာနယ်ဇင်းဆိုင်ရာ ပြဿနာအချို့ကို ဖြေရှင်းရန်၊ မီဒီယာလွတ်လပ်မှု၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုနှင့် စာနယ်ဇင်းကျင့်ဝတ်များဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကြေညာချက်ပါ ရပိုင်ခွင့်အတွက် ပလက်ဖောင်းတစ်ခုဖန်တီးရာတွင်လည်းကောင်း၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ ဖလှယ်ရေးအတွက် စာနယ်ဇင်းသမားများအားပေါင်းစုတွေ့ဆုံပေးရေးတွင်လည်းကောင်း လုပ်ငန်းအထမြောက်ရန် လမ်းညွှန်မည့် မဟာဗျူဟာသည် မိမိတို့၏ အထူးတလည်ကျွမ်းကျင်မှုအပေါ် တည်မှီနေကြောင်းကို သိရှိသဘောပေါက်ရန်တို့ ဖြစ်ပါသည်။

**IPI ညီလာခံကို မတ်လ ၂၇ ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ရှိ Chatrium Hotel Royal Lake ၌ ကျင်းပမည်ဖြစ်ပါသည်။ ညီလာခံသို့ နိုင်ငံပေါင်းစုံမှ စာနယ်ဇင်းအဖွဲ့ဝင်ပေါင်း ၁၅၀ နှင့် မြန်မာနိုင်ငံ မှ ၆၀ ခန့် တက်ရောက်မည်ဟုသိရသည်။**

### ညီလာခံမှရရှိနိုင်မည့် အကျိုးကျေးဇူး

ညီလာခံသည် အာရှနှင့် ကမ္ဘာတစ်ဝန်းရှိ စာနယ်ဇင်းသမားများနှင့် မြန်မာနိုင်ငံရှိ စာနယ်ဇင်းသမားများအကြား ဆက်ဆံရေးတိုးမြှင့်နိုင်မည့်အပြင် အရေးကြီးသော ကွန်ရက်ချိတ်ဆက်မှု အခွင့်အလမ်းတစ်ရပ်ကိုပါ ဖော်ဆောင်ပေးမည်ဖြစ်သည်။

ညီလာခံသည် အကောင်းဆုံးသော စာနယ်ဇင်းဆိုင်ရာ အလေ့အကျင့်များ ဖလှယ်ရေးအတွက် အရေးပါသော ပလက်ဖောင်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။

**ညီလာခံမှတစ်ဆင့် လွန်ခဲ့သောသုံးနှစ်က မြန်မာနိုင်ငံ၏ ကြီးမားသော တိုးတက်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီ၏ အနှစ်သာရအဖြစ် စာနယ်ဇင်းလွတ်လပ်မှုကို ဖော်ဆောင်ခဲ့သော မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများအပေါ် နိုင်ငံတကာက အာရုံစိုက်လာမည်ဖြစ်သည်။ ထို့အပြင် တက်ရောက်လာသူများအနေဖြင့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးလုပ်ငန်း အောင်မြင်မှုများအပေါ် အရေးကြီးသော သင်ခန်းစာများ ထုတ်ယူနိုင်ကြမည်ဖြစ်သည်။**

**ညီလာခံသည် မြန်မာနိုင်ငံရှိ ကောင်းမွန်သောမီဒီယာပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ပေးမည့် မြန်မာအစိုးရ၏ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် IPI အကြား ဆက်ဆံရေးနှင့် ယုံကြည်မှုပိုမိုမြှင့်တင်နိုင်မည်ဟု မျှော်လင့်ရပါသည်။**

မတ်လ ၂၇ ရက်တွင် အပိုင်း (၁)အဖြစ် ဥပဒေနှင့် အလေ့အထများမှတစ်ဆင့် မီဒီယာလွတ်လပ်ခွင့်ရယူခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းခေါင်းစဉ်အောက်တွင် ၂၀၁၁ ခုနှစ်မှစပြီး မြန်မာနိုင်ငံ၌ ထူးခြားသည့် ဖွံ့ဖြိုးတိုးတက်မှုအချို့ရရှိခဲ့မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် လွတ်လပ်ပြီး အမှီအခိုကင်းသော မီဒီယာတစ်ရပ်အတွက် ဥပဒေဆိုင်ရာ ပတ်ဝန်းကျင်တစ်ရပ်ဖော်ဆောင်နိုင်ခဲ့မှု၊ နှစ် ၅၀ အတွင်း ပထမဦးဆုံးအနေဖြင့် ပုဂ္ဂလိကသတင်းစာများ ထုတ်ယူခွင့်ရပြီး စိစစ်ဖြတ်တောက်မှုလုပ်ငန်းများ ဖျက်သိမ်းခဲ့မှု၊ စာနယ်ဇင်းဥပဒေအသစ်များ ပြဋ္ဌာန်းခဲ့မှု၊ ပြည်သူ့ဝန်ဆောင်မှုမီဒီယာဥပဒေအား လွှတ်တော်တွင်တင်ပြဆွေးနွေးထားမှု၊ မြန်မာနိုင်ငံတွင် မလိုလားအပ်သော ဥပဒေဟောင်းများ ကျန်ရှိနေဆဲဖြစ်ပြီး ယင်းဥပဒေဟောင်းများက စာနယ်ဇင်းလွတ်လပ်ခွင့်အပေါ် ခြိမ်းခြောက်နေမှုတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

အပိုင်း (၂) အဖြစ် ထိလွယ်ရှလွယ်သော ပဋိပက္ခသတင်းရေးသားခြင်းသင်ခန်းစာများ ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းခေါင်းစဉ်အောက်တွင် ကမ္ဘာပေါ်၌ ပဋိပက္ခဆက်လက်ရှိနေသရွေ့ စာနယ်ဇင်းသမားများလည်းဆက်ပြီးသတင်းယူကြမည့်အခြေအနေ၊ ထိုသို့သော အခြေအနေတွင် သတင်းစာပညာသည် ပြည်သူအတွက် မရှိမဖြစ်လိုအပ်လျက်ရှိရာ ပဋိပက္ခလျော့နည်းသွားရေးအတွက် စာနယ်ဇင်းသမားများ၏ အခန်းကဏ္ဍ ပို၍ကြီးမားလာမှု၊ သတင်းသမားများ၏ ကလောင် သို့မဟုတ် ကင်မရာများကို လက်နက်အဖြစ် ရှုမြင်ကြသည်ဖြစ်ရာ ပဋိပက္ခအတွင်း ကျရောက်လာမည့် အန္တရာယ်များကို မည်သို့ကြိုတင်ကာကွယ်ရမည်တို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

အပိုင်း(၃)အဖြစ် နောက်ဆုံးရထူးခြားသတင်း (Breaking News) ရယူရာတွင် ဘာသာရေးဆိုင်ရာ အကဲဆတ်မှုဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းခေါင်းစဉ်အောက်တွင် သတင်းဌာနများအနေဖြင့် ဘာသာရေးဆိုင်ရာပြဿနာများကို ဆောင်းပါးများ သို့မဟုတ် မှတ်တမ်းမှတ်ရာများဖြင့် ရေးသားဖော်ပြခဲ့ကြသည်။ သို့သော် နောက်ဆုံးရ ထူးခြားသတင်းများကို မည်သို့ ရယူရေးသားကြမလဲ၊ တင်းကျပ်သော အခြေအနေမျိုးတွင် သတင်းသမားများအနေဖြင့် တိကျမှုရအောင် လုပ်ဆောင်နိုင်သည့် လုပ်ငန်းများရှိပါသလား၊ အရေးအခင်းတစ်ခုနှင့်ပတ်သက်ပြီး ဘာသာရေးဆိုင်ရာ သတင်းရေးသားရာတွင် သတင်းသမားများအနေဖြင့် မျှတအောင် ဆောင်ရွက်ပေးနိုင်မလား၊ ဘာသာရေးခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏အသံကို ကြားရအောင် ကြိုးစားနိုင်တုန်းပဲလားဆိုသည့်အချက်များကို ဆွေးနွေးကြမည်ဖြစ်သည်။

ကျန်အပိုင်းများတွင် သတင်းဌာနရှိ စာတည်းဌာနနှင့် ဘဏ္ဍာရေးဌာနများအကြား ဖြစ်လေ့ဖြစ်ထရှိသော တင်းမာမှုများ၊ အများယုံကြည်လက်ခံနိုင်မှုကို မထိခိုက်စေဘဲ ဝင်ငွေတိုးပွားမည့် အကောင်းဆုံးသော မူဝါဒအလေ့အထများသတ်မှတ်ရေးသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခြင်း၊ သတင်းဌာနများ ခေတ်နှင့်အမီလိုက်နိုင်ရန် ၎င်းတို့၏ စီးပွားရေးပုံစံအသွင်အပြင်များ သတ်မှတ်လိုက်ကြသည်ဖြစ်ရာ ပါဝင်သည့်အကြောင်းအရာအပေါ် မည်သို့မည်ပုံ ထိခိုက်နိုင်မှုနှင့် မည်သို့သော သင်ခန်းစာရရှိနိုင်မှုတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ မီဒီယာနှင့် လူ့အဖွဲ့အစည်းများသည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရချိန်တွင် Hate Speech အသုံးအနှုန်း မြင့်တက်လာသည်မှာ အထူးပြဿနာတစ်ရပ်ဖြစ်လာမှု၊ ယင်းကဲ့သို့သော အငြင်းပွားစကားအမျိုးအစားက သတင်းမီဒီယာရယူရာတွင် စတင်ထိခိုက်လာပါသလား၊ ယင်းအငြင်းပွားစကားများ ကန့်သတ်မှု၊ ကိုင်တွယ်မှုပြုလုပ်ရာတွင် အောင်မြင်အောင် ဘာကို အသုံးပြုရမလဲ၊ လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်ကို လေးစားတန်ဖိုးထားနေဆဲအချိန်တွင် သတင်းသမားများအနေဖြင့် အမုန်းပွားစကားများကို ရှောင်ရှားနိုင်မည်လား၊ ယင်းဖြစ်စဉ်တွင် မီဒီယာအသစ်များ၏ အခန်းကဏ္ဍက ဘယ်လိုရှိမလဲ စသည်တို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

ထိုခေါင်းစဉ်များနှင့်အတူ **အရေးအခင်းတစ်ခုကို ပုံကြီးချဲ့ခြင်း သို့မဟုတ် အထိတ်တလန့်ဖြစ်အောင် ပြုလုပ်ခြင်းမရှိဘဲ အရေးကြီးသတင်းများ ဖြန့်ဝေရေးတာဝန်ကို မည်သို့ယူမလဲ၊ သတင်းစိစစ်မှုကို ထိန်းချုပ်သော ကြိုးပမ်းမှုများသည် အာဏာရှိသူတို့ကိုကာကွယ်ရန် သက်သက်မဖြစ်ရေးအတွက် သတင်းသမားများ မည်သို့လုပ်ဆောင်ကြမလဲ၊ ထိလွယ်ရှလွယ် သတင်းရေးသားသည့် အာရှဒေသမှ သတင်းသမားများအနေဖြင့် ခြိမ်းခြောက်မှုများ၊ အန္တရာယ်များနှင့် ရင်ဆိုင်နေရမှု၊ မှုခင်းနှင့် အကျင့်ပျက်ခြစားမှုများ တိုက်ဖျက်ရေးနှင့် ဖော်ထုတ်ရေးတွင် ၎င်းတို့အခန်းကဏ္ဍအရေးကြီးမှု စသည့်အကြောင်းအရာများကိုလည်း ဆွေးနွေးကြမည်ဖြစ်သည်။**

စာမျက်နှာ ၁၀ သို့ »»



အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့အစည်း၏ ကမ္ဘာ့ညီလာခံ (၂၀၁၄) ကျင်းပခဲ့စဉ်က တွေ့ရစဉ်။

**ညီလာခံသည် အာရှနှင့် ကမ္ဘာတစ်ဝန်းရှိ စာနယ်ဇင်းသမားများနှင့် မြန်မာနိုင်ငံရှိ စာနယ်ဇင်းသမားများအကြား ဆက်ဆံရေးတိုးမြှင့်နိုင်မည့်အပြင် အရေးကြီးသော ကွန်ရက်ချိတ်ဆက်မှု အခွင့်အလမ်းတစ်ရပ်ကိုပါ ဖော်ဆောင်ပေးမည်ဖြစ်။**

## နှစ် (၇၀) ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်သူ၏ "သား"၊ ပြည်၏ "အား"

ဝေယံမောင်

### ဒို့ပြည်ထောင်စု

ဒို့ညီနောင်ထု
ဒို့တည်ထောင်မှု
ယှဉ်တုနှောင့်ယှက်၊ ဝင်စွက်ဖက်သော်
လေ့ခွက်ချည်းကျန်၊ မလျှော့မာန်နှင့် . . .
အလံမလှဲ၊ သတ္တိဇွဲနှင့် . . .
ကျူးလည်း မခံ၊ မာန်လည်း မကြောက်
ခြောက်လည်း မလန့်၊ ဟန့်လည်း မဖယ်
ဆွယ်လည်း မလိုက်၊ တိုက်လည်း မဆုတ်
ကျားကုတ်ကျားခဲ၊ အားကုန်နွဲ၍
တုံးပဲတိုက်တိုက်၊ ကျားကိုက်ကိုက်တည့်
မငိုက်ဦးခေါင်း၊ စဉ်လာကောင်းဖြင့်
ထောင်းထောင်းကြေညက်၊ မှုန်းချေဖျက်ကာ
ပြည့်တွက်စွန့်စားခဲ့ကြသည်။
သမိုင်းကြောင်းက သက်သေတည်။

### လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် မြန်မာ့တပ်မတော်

ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ဖြင့် ဖွဲ့စည်းထားရှိသည့် မြန်မာ့တပ်မတော် ဖြစ်တည်ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း (၇၀) တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာ့တပ်မတော်၏သမိုင်းကြောင်းသည် မြန်မာနိုင်ငံ၏လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာခဲ့ပြီး တပ်မတော်နှင့် ပြည်သူတို့၏ အမျိုးသားရေးပေါင်းစည်းစွမ်းအားစုဖြင့် နိုင်ငံ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့နိုင်ငံ သူ့ကျွန်ဘဝကျရောက်ခဲ့ရခြင်းနှင့် နှစ်ပေါင်းတစ်ရာကျော်မျှ ကျွန်သက်ရှည်ခဲ့ရခြင်းများ၏ အဓိကအကြောင်းအရင်းတစ်ချက်သည် ထိုစဉ်က နိုင်ငံကိုကာကွယ်နိုင်စွမ်းရှိသော စနစ်တကျဖွဲ့စည်းထားသည့် အမြဲတမ်းတပ်မတော်တစ်ရပ် မရှိခဲ့၍ဟုဆိုလျှင် မည်သူမျှ ငြင်းနိုင်မည်မထင်ပါ။

မျိုးချစ်စိတ်ဓာတ် မည်မျှပင် လွှမ်းခြုံပတ်ပါစေ၊ စနစ်မကျသော၊ အကွဲကွဲအပြားပြားဖြစ်နေသော မြန်မာ့တော်လှန်ရေးအင်အားစုများ၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများသည် မထိရောက်ခဲ့ဘဲ နှစ် ၁၀၀ ကျော် သူတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝနှင့် ကျွန်သက်ရှည်ခဲ့ကြရသည် မဟုတ်ပါလော။

ထို့ကြောင့်လည်း ခေတ်ပညာတတ်မျိုးချစ်လူငယ်များ၏ ကြံစည်ကြိုးပမ်းအားထုတ်မှုနှင့်အတူ တပ်မတော်၏ဖခင် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်ဖြင့် ယနေ့မြန်မာ့တပ်မတော်၏အစ ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် စနစ်တကျ စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

### မျိုးချစ်တပ်မတော်

ရဲဘော်သုံးကျိပ် အစပြုထူထောင်ခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကို လွယ်ကူချောမွေ့စွာ ထူထောင်ဖွဲ့စည်းနိုင်ခဲ့ခြင်း မဟုတ်ပါ။ နယ်ချဲ့ဗြိတိသျှများကို တော်လှန်တိုက်ထုတ်ရန် စနစ်တကျ ဖွဲ့စည်းထားသည့် လက်နက်ကိုင် တော်လှန်ရေးတစ်ရပ် ဆင်နွှဲခြင်းဖြင့်သာလျှင် အောင်မြင်နိုင်မည်ကို သိရှိလာသည့် ဗိုလ်ချုပ်အောင်ဆန်း (ထိုစဉ်က သခင်အောင်ဆန်း) ဦးဆောင်သော မျိုးချစ်လူငယ်များက အခက်အခဲပေါင်းများစွာကို ဖြတ်သန်းကာ ဂျပန်တို့ထံတွင် စစ်ပညာများသင်ယူ၍ လက်မောင်းသွေးဖောက်ကာ သစ္စာရေသောက်၍ စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့တပ်မတော်သည် နိုင်ငံတော်လွတ်လပ်ရေးကို အရယူပေးရန် မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် မျိုးချစ်လူငယ်တို့ဖြင့် စတင်စုစည်းထူထောင်ခဲ့ခြင်းကြောင့် မျိုးချစ်တပ်မတော်ဟူသော အစဉ်အလာကောင်းကို ပိုင်ဆိုင်ခဲ့ပါ၏။ ခေတ်အဆက်ဆက်တွင်လည်း မျိုးချစ်တပ်မတော်ပီသစွာ မယိုင်မလဲခိုင်မြဲသော အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ဆက်လက်ရှင်သန်လျက်ရှိပါသည်။

ထိုစဉ်က တပ်မတော်သည် နိုင်ငံ့လွတ်လပ်ရေးကို အရယူပေးလိုကြသည့် မြန်မာ့သားကောင်း ရတနာများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ပြည်ထောင်စုသား သွေးချင်းများအားလုံး စုဝေးရာနေရာဖြစ်လာခဲ့ပြီး ဂျပန်တို့နှင့် ပူးပေါင်းကာ နယ်ချဲ့စနစ်ကို တိုက်ထုတ်ချေမှုန်းနိုင်ခဲ့ပါသည်။ အလားတူ ယနေ့ခေတ်တွင်လည်း ပြည်ထောင်စုသား သွေးချင်းများဖြင့် စုစည်းထားသော တပ်မတော်ကြီးကို ခေတ်မီတပ်မတော် ဖြစ်စေရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။

ဂျပန်တို့ပေးခဲ့သည့် လွတ်လပ်ရေးမှာ ရွှေရည်စိမ်မှုသာဖြစ်ပြီး ဖက်ဆစ်ဝါဒအောက် တစ်ဖန်ကျရောက်ခဲ့ရပြန်ပါသည်။ ဖက်ဆစ်ဂျပန်တို့အနေဖြင့် တစ်စတစ်စ အင်အားတိုးတက်ကြီးထွားလာသော မြန်မာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို စိုးရိမ်မှုရှိလာပြီး အင်အားအဆမတန် လျှော့ချစေလျက် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)အဖြစ်သို့ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပါသည်။ မည်သို့ပင် တပ်မတော်၏ အင်အားကို လျှော့ချစေကာမူ မျိုးချစ်စိတ်မာန် အရင်းခံ၍ ရှင်သန်ဆင့်ဆင့် ရင့်ကျက်ထွန်းပေါ် တပ်မတော်၏ စုစည်းမှုအား၊ ပြည်သူတို့၏ ယုံကြည်ထောက်ခံမှုအားတို့ကိုမူ ရိုက်ချိုးချေဖျက်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။

ပြည်သူတို့ လိုလားတောင့်တသည်က အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် လွတ်လပ်ရေး၊ ဖက်ဆစ်တို့ ပေးအပ်သည်က အတုအယောင် ရွှေရည်စိမ်လွတ်လပ်ရေး ဖြစ်လေရာ ရက်စက်ယုတ်မာရိုင်းစိုင်းသော ဖက်ဆစ်စနစ်ဆိုးအောက်မှ လွတ်မြောက်ရန်မှာ ဖက်ဆစ်ဂျပန်တို့ကိုတော်လှန်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့သည်ကို သိမြင်လာခဲ့ပါသည်။


(၆၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ကြောင်းများ ချီတက် စစ်ရေးပြစဉ်။

ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်နိုင်စွမ်းရှိသော အဖွဲ့အစည်းမှာ ပြည်သူလူထုနှင့် တစ်သားတည်းရှိနေသော၊ ပြည်သူကြားမှ ပေါက်ဖွားလာသော၊ မျိုးချစ်လူငယ်တိုင်းရင်းသားပေါင်းစုံပါဝင်သော ပြည်ထောင်စုတပ်မတော်ပင် ဖြစ်ပါသည်။

### တပ်မတော်နေ့ပေါ်ပေါက်လာပုံ

တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော မြန်မာ့တပ်မတော်သည် ဖက်ဆစ်ဂျပန်အား မြန်မာ့မြေမှ အပြီးတိုင်တိုက်ထုတ်ရန် ဆုံးဖြတ်၍ ၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့တော်လှန်ရေး ပန်းခြံ၌ စစ်ထွက်အခမ်းအနား ကျင်းပကာ မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တပ်မတော်နှင့်အတူ တစ်တိုင်းတစ်ပြည်လုံး ပါဝင်သော တော်လှန်မှုဖြင့် ဖက်ဆစ်ဂျပန်တို့အား အတိအလင်း စစ်ကြေညာ၍ တိုက်ခိုက်ခဲ့ပါသည်။

မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည့်၊ နယ်ချဲ့နှင့် ဖက်ဆစ်စနစ်ကို မြန်မာ့မြေမှ အပြီးတိုင် မောင်းထုတ်နိုင်ခဲ့သည့် အဓိကလက်နက်မှာ တပ်မတော်နှင့်ပြည်သူ ညီတူစွာလက်တွဲ၍ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ခိုင်ဖီးအင်အားကြီးမားလှသည့် အမျိုးသားစည်းလုံးညီညွတ်ရေးပင်ဖြစ်ကြောင်း သမိုင်းကြောင်းက မီးမောင်းထိုးပြနေပါသည်။ ထိုအစဉ်အလာကောင်းကို ဆက်လက်စောင့်ထိန်းကာ တပ်မတော်သားအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စိတ်ဝယ် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ထားများ ထက်သန်တိုးပွားစေရန် အထူးလိုအပ်လှပါသည်။ သို့မှသာလျှင် ကမ္ဘာမှာ မြန်မာဟူ၍ ဝင့်ထည်ခိုင်မတ်စွာ ရပ်တည်နိုင်မည် ဖြစ်ပါသည်။

တပ်မတော်အနေဖြင့် ဖက်ဆစ်ဂျပန်တို့အား တွန်းလှန်တိုက်ခိုက်ခဲ့သည့် မတ်လ ၂၇ ရက်နေ့ကို တပ်မတော်သားများ အလေးအမြတ်ပြုရမည့် နေ့အဖြစ်ခံယူ၍ တပ်မတော်နေ့အဖြစ် ကျင်းပခဲ့ကြပါသည်။ ပြည်သူများအနေဖြင့်လည်း တပ်မတော်နှင့် အတူလက်တွဲကာ ဖက်ဆစ်တို့အား တိုက်ထုတ်နိုင်ခဲ့သည့် အထိမ်းအမှတ်အနေဖြင့် တပ်မတော်နေ့ကျရောက်တိုင်း တပ်မတော်နေ့ စစ်ရေးပြဆင်နွှဲသည့် တပ်မတော်သားအပေါင်းတို့အား လေးမြတ်ချစ်ကြည်စွာ ကြိုဆိုနှုတ်ဆက်ပြီး အောင်စံပယ်ပန်းကုံးများဖြင့် ဆီးကြိုဂုဏ်ပြုကြသည့် ကြည်နူးဖွယ်ကောင်းသော အစဉ်အလာ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့ကြောင့်လည်း မြန်မာ့အဘိဓာန်တွင် တပ်မတော်နေ့ကို "တပ်မတော်နှင့် ပြည်သူလက်တွဲကာ ဖက်ဆစ်စနစ်ကို တော်လှန်ခဲ့သော ၁၉၄၅ ခု၊ မတ်လ ၂၇ ရက်နေ့ကို အထိမ်းအမှတ်ပြု၍ နှစ်စဉ် ကျင်းပမြဲဖြစ်သော နေ့" ဟု ဖော်ပြထားသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

### တပ်မတော်၏ စွမ်းပကား

တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားဖော်ဆောင်ရန် လွတ်လပ်ရေးကိုရယူပေးနိုင်ခဲ့သည့် တပ်မတော်သည် စတင်ပေါ်ပေါက်ချိန်မှ ယနေ့အထိ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးအဖြစ်ခံယူလျက် အစဉ်တစိုက် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိပါသည်။

**အရေးသုံးပါးအား ထိပါးကျူးကျော်လာမည့် ရန်စွယ်များ တစ်နည်းအားဖြင့် မတရားသော စစ်ပွဲများကို ကာကွယ်တွန်းလှန်နိုင်ရေးအတွက် တရားသောစစ် ဆင်နွှဲနိုင်ရန် လေးနက်သော သစ္စာအဓိဋ္ဌာန်လေးချက်ဖြင့် အမြဲအသင့်ရှိနေသော ပြည်သူ့တပ်မတော် ဖြစ်ပါသည်။**

### တုန့်နှိုင်းမဲ့မြတ်ဂုဏ်ဒြပ်နှင့် တပ်မတော်

လူ့ဘဝ၏ အဓိကအချက်မှာ အသက်ရှင်ရပ်တည်နိုင်ရေးပင် ဖြစ်ပါ၏။ နိယာမအရ မွေးဖွားခြင်းရှိလျှင် သေဆုံးခြင်းဟူသည် ရှိမြဲဖြစ်သော်လည်း သက်တမ်းအရ သေဆုံးရသည်မှလွဲ၍ အသက်ရှင်နေထိုင်ရာ သက်တမ်းတစ်လျှောက် ကိုယ်လက်အင်္ဂါ စုံလင်စွာဖြင့် အသက်ရှည်ရာ အနာမဲ့ကြောင်း ကောင်းကောင်းမွန်မွန် သက်သောင့်သက်သာ နေထိုင်လိုကြသူချည်းသာ ဖြစ်ပါသည်။ ဤသည်ကား သာမန်လူသားတို့၏ ဆန္ဒဖြစ်ပါသည်။ သို့သော် လူထဲကလူဖြစ်သည့် တပ်မတော်သားတို့မှာမူ သာမန်လူသားတို့နှင့်မတူ နိုင်ငံနှင့် လူမျိုးအတွက် အသက်ကိုပင် ပေးအပ်ပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုထားကြသူများ ဖြစ်ပါသည်။

နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရာဝယ် ပစ္စည်းဥစ္စာ၊ သားသမီး၊ ဇနီး၊ ကိုယ်အင်္ဂါ၊ အသက်တည်းဟူသော စွန့်ခြင်းကြီးငါးပါးကို စွန့်လွှတ်ရခြင်း၊ ပင်ပန်းဆင်းရဲ အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားရခြင်းနှင့် စွန့်လွှတ်စွန့်စား ဆောင်ရွက်ရခြင်းစသည့် ပေးဆပ်မှုများဖြင့် ပြည်သူ့သားကောင်းပီသစွာ တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများ ဖြစ်ပါသည်။

" ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏" ဟူသော အသက်ကိုပေးဆပ်သည့် ဂုဏ်ဒြပ်ကား တုန့်နှိုင်းမဲ့မြတ်လှပါပေ၏။

### မြင့်မြတ်သောအစဉ်အလာများနှင့်တပ်မတော်

စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ ကောင်းမြတ်သော အစဉ်အလာများကို စဉ်ဆက်မပြတ် ထိန်းသိမ်းထားနိုင်ခြင်းသည်လည်း တပ်မတော်၏ ထင်ရှားသော စွမ်းဆောင်ရည်ဟု မော်ကွန်းတင်ဂုဏ်ပြုရမည်ဖြစ်ပါသည်။ တပ်မတော်၏ အသက်ဝိညာဉ်ဟု ခေါ်ဆိုအပ်သော စစ်စည်းကမ်းကို အခြေခံကာ တပ်မတော်၏ အဓိကတာဝန်များဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် တိုင်းကျိုးပြည်ပြုတာဝန်များကို ခေတ်အဆက်ဆက် မပျက်မကွက် ထမ်းဆောင်နိုင်ခြင်းမှာလည်း တပ်မတော်၏ ထူးခြားသော ဂုဏ်အင်္ဂါတစ်ရပ်ပင် ဖြစ်ပါသည်။

တပ်မတော်အနေဖြင့် ယနေ့ကာလ ဒီမိုကရေစီအစိုးရလက်ထက်တွင်လည်း ပြည်သူတစ်ရပ်လုံး ရည်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးကို မိဘပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိလေရာ နိုင်ငံနှင့်လူမျိုးတို့၏ အမျိုးသားအကျိုးစီးပွားကို ဆတက်ထမ်းပိုးတိုး၍ ဖော်ဆောင်နိုင်စွမ်းရှိသည့် ပြည်ထောင်စုတပ်မတော်ကြီးအဖြစ် အရှည်တည်တံ့နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှစ် ၇၀ ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။

**သီဖွဲ့မကုန်၊ ကျော်သည့်ဂုဏ်နှင့်**
**စုန်ဆန်စီးမြဲ၊ သမိုင်းထဲဝယ်**
**တပ်လည်း ခေတ်မီ၊ စွမ်းရည်လည်း ကောင်း**
**ကျိုးကြောင်းလည်း သိ၊ သတ္တိလည်း ပြောင်**
**အောင်ပွဲဆင်မြန်း၊ "ပြည်ချစ်ပန်း" ဟု**
**ပွင့်လန်းနိုင်စေ၊ တောင်းဆုခြွေသည်**
**မြေမိုးသက်သေ တည်စေသော်ဝ်။** ။



# စစ်တွေအခြေပြုခရီးစဉ်များတွင် ထပ်မံအင်အားဖြည့်ပြေးဆွဲပို့ဆောင်ပေးမည့် အောင်တံခွန် (၇)ရေယာဉ်အား ကြည့်ရှုစစ်ဆေး

**ရန်ကုန်　မတ်　၂၁**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဒုတိယဝန်ကြီး ဦးဟံစိန်နှင့် အတူ ယနေ့နံနက် ၉ နာရီတွင် မော်တင်လမ်းသစ်တံတားတွင် ဆိုက်ကပ်ထားသော စစ်တွေအခြေပြုခရီးစဉ်များတွင် ထပ်မံ၍အင်အားဖြည့် ပြေးဆွဲမည့် အောင်တံခွန်(၇) ရေယာဉ်အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

ထို့နောက် အောင်တံခွန် (၇)ရေယာဉ်ပေါ်တွင် သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် အောင်တံခွန် (၃)ရေယာဉ်နစ်မြုပ်မှုနှင့် ပတ်သက်၍ ဖြေကြားရာတွင် အောင်တံခွန် (၃)ရေယာဉ် ကျောက်ဖြူနှင့် စစ်တွေကြား နစ်မြုပ်ခဲ့ပြီး နောက်တစ်နေ့တွင် ကိုယ်တိုင်သွားရောက် ခဲ့ပါကြောင်း၊ ရခိုင်ဌာနခွဲတွင် အောင်တံခွန်ရေယာဉ် ခြောက်စင်းရှိပြီး ခရီးစဉ်တွင် ထပ်မံအင်အားဖြည့်ပြေးဆွဲပေးမည့် အောင်တံခွန်(၇)ရေယာဉ်ကို ဒလသင်္ဘောကျင်းတွင် မွမ်းမံပြင်ဆင်ပြီး ထပ်မံစေလွှတ်ပေးမည်ဖြစ်ကြောင်း၊ သင်္ဘော Accident ဖြစ်သည့်ကိစ္စနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ကာ စစ်တွေမြို့သို့စေလွှတ်ပြီး စစ်ဆေးနေပါကြောင်း၊ သင်္ဘောများလည်း ကြံ့ခိုင်မှုကောင်းအောင် စနစ်တကျစစ်ဆေးမည်ဖြစ်ကြောင်း၊ သင်္ဘောမောင်းနှင်သည့် ရေယာဉ်မှူး အပါအဝင် ရေယာဉ်ဝန်ထမ်းများအားလုံးကို ရေယာဉ်ဘေးအန္တရာယ်ကျရောက်လာပါက ဘာလုပ်ရမည် ဆိုသည်ကို အားလုံးကို Training ပေးရမည်ဖြစ်ကြောင်း၊ မကြာခဏ Rehearsal လုပ်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာလျှင် ရခိုင်ပြည်နယ် တွင်ရှိသည့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေအသစ် ပြဋ္ဌာန်းပြီးဖြစ်၍ ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ရေယာဉ်ဝန်ထမ်းများအနေဖြင့် မသမာသည့်နည်းဖြင့် ဝင်ငွေရှာစရာမလိုဘဲ တရားဝင်အနေဖြင့် စီးပွားရှာနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းရေကြောင်းဥပဒေလည်း လွှတ်တော်မှ အတည်ပြုထုတ်ပြန်ထားပြီးဖြစ်၍ နောင်အနာဂတ်တွင် လုပ်ကိုင်မည့် လုပ်ငန်းစဉ်များ သိရှိအောင် အောက်ခြေအထိ ကွင်းဆင်းစစ်ဆေးရမည် ဖြစ်ပါကြောင်း၊ ရေယာဉ် Accident ကြောင့် အသက်ဆုံးရှုံးရသည့်အတွက် ယူကျုံးမရဖြစ်ရသည်ကို မြင်တွေ့ရ၍ ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်း ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း၊ နောင်လုံးဝမဖြစ်အောင် ပြည်ထောင်စုဝန်ကြီးအနေဖြင့် တာဝန်ယူရမည်၊ တာဝန်ခံရမည်ဖြစ်ကြောင်း' ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အောင်တံခွန် (၇)ရေယာဉ်သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဒလသင်္ဘောကျင်းတွင် ကိုယ်ထည်ပိုင်း၊ အင်ဂျင်ပိုင်းဆိုင်ရာများ ကြံ့ခိုင်မှု ပိုမိုကောင်းမွန်စေရန်အတွက် ကျင်းတင်ပြုပြင်ဆောင်ရွက်ခြင်း၊ ခရီးသည်များအတွက် အသက်ကယ်အင်္ကျီများ၊ အသက်ကယ်ဖောင်များ၊ ဆက်သွယ်ရေးကိရိယာများ၊ ရေကြောင်းအချက်ပြကိရိယာများ တပ်ဆင်ပေးခဲ့သည်။ အဆိုပါ အောင်တံခွန် (၇)ရေယာဉ်ကို မတ် ၂၁ ရက်တွင် ရန်ကုန်မြို့မှ ဟိုင်းကြီးကျွန်း၊ ဟိုင်းကြီးကျွန်းမှ စစ်တွေမြို့သို့ ကမ်းရိုးတန်းသွား ဂါဏာပတိရေယာဉ်ဖြင့် ဆွဲယူ၍ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေး အန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

## အောင်သံခြိမ့်ခြိမ့်

\- လောက်ကိုင်အလှ၊ တို့အလှတည့်၊
လောက်ကိုင်ဘဝ၊ တို့ဘဝတည့်
လောက်ကိုင်ဒေသ၊ တို့ဒေသတည့်၊
\- ဒေသအလှ၊ တို့ဘဝကို
ခြေမွဖျက်ချိုး၊ စရိုက်ဆိုးနှင့်
စီးပိုးစီးနင်း၊ အတင်းဝင်ရောက်
သစ္စာဖောက်တို့
လောက်ကိုင်နယ်မြေ၊ ရမ်းကားမွှေ၍
တို့မြေပိုင်နက်၊ တို့အသက်တို့
စွဲမက်မြတ်နိုး၊ ဇာနည်မျိုးတို့
ထိုးဖောက်နှိမ်နင်း၊ သုတ်သင်ရှင်းကာ
ဖြိုခွင်းအောင်နိုင်၊ အောင်ပွဲပိုင်ပြီ
လောက်ကိုင်အလှ၊ တို့အလှဟေ့
လောက်ကိုင်ဘဝ၊ တို့ဘဝဟေ့
လောက်ကိုင်ဒေသ၊ တို့ဒေသဟေ့
ရန်စရန်ငုတ်၊ ရန်မျိုးပြုတ်အောင်
တိုက်ထုတ်မာန်ဝင့်၊ အောင်ပွဲဆင့်သည်
မိုးမြင့်တည်စံ တို့အလံ၊
အောင်သံခြိမ့်ခြိမ့် အောင်ပွဲခံ။ ။

ရေနံ့သာမောင်ကျော်ညွန့်

# မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

**ရန်ကုန်　မတ်　၂၁**

မြန်မာနှစ်သစ်ကူးပွဲတော်ကာလအတွင်း စိတ်ကြွရူးသွပ်ဆေးပြားနှင့် အခြားမူးယစ်ဆေးဝါးများ သုံးစွဲမှုကြောင့် ယာဉ်မတော်တဆမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ ကာယိန္ဒြေပျက်စီးမှုများ၊ သေဆုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့ခွဲ-၃၊ တပ်ဖွဲ့ခွဲမှူး၊ ဒုတိယရဲမှူးကြီးမြင့်အောင်က အမှာစကားပြောကြားသည်။

ယင်းနောက် မူးယစ်တပ်ဖွဲ့စု(၄၂) တပ်ဖွဲ့စုမှူး ရဲမှူးခင်မောင်သိန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ သင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့သည့် မှုခင်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲသို့ မြို့နယ်အတွင်းရှိ လူငယ်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ အဆိုပါ မူးယစ်ဆေးဝါးအသိပညာပေး ဟောပြောပွဲကို ကျောက်တံတား၊ စမ်းချောင်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ မရမ်းကုန်း၊ လမ်းမတော်နှင့် လသာမြို့နယ်တို့၌ ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။

**(သတင်းစဉ်)**

# သင်္ကြန်ကာလအတွင်း မှုခင်းကြိုတင်ကာကွယ်ရေး သန်လျင်၌ ပညာပေးဆွေးနွေး

**သန်လျင်　မတ်　၂၁**

သန်လျင်မြို့နယ် မူး/စိတ်တား အဖွဲ့ဥက္ကဋ္ဌက ဦးဆောင်ပြီး သင်္ကြန်ကာလအတွင်း မှုခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် လိင်စိတ်နိုးကြွစေသော ဆေးဝါးများ သုံးစွဲ/ရောင်းဝယ်မှုမရှိရေး ပညာပေးဆွေးနွေးပွဲကို သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် မြို့နယ်ထွေ/အုပ်ရုံး အစည်းအဝေးခန်းမ၌ မတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။**(ယာပုံ)**



အဆိုပါအခမ်းအနားတွင် တောင်ပိုင်းခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး ကြည်လွင်၊ သန်လျင်မြို့နယ် မူး/စိတ်တား ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ သန်လျင်မြို့နယ်ရဲမှူး ရဲမှူးမြင့်ဦး၊ မူးယစ်တပ်စု(၄၃)မှ ဒုရဲမှူးသိန်းလွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဖြိုးကိုကိုစိုး တို့က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးအန္တရာယ်ပေါင်းစုံနှင့် ပြည်သူများ အိမ်သုံးဆေးဝါး အလွဲသုံးခြင်းနှင့် လိင်စိတ်နိုးကြွစေသောဆေးဝါးများနှင့်ပတ်သက်ပြီး ဆွေးနွေးကြရာ အမှတ်(၆၉)မှ ယာဉ်ထိန်းတပ်ဖွဲ့စု၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်ဂီတအစည်းအရုံး၊ မြို့နယ်အထောက်အကူပြု ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆေးဆိုင်ပိုင်ရှင်များနှင့် ဆေးဝါးရောင်းချသူများ အပါအဝင် စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**(ကိုထက်)**


# ကျေးရွာလမ်းမကြီး၊ ကွန်ကရစ်လမ်းနှင့် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**ဘားအံ　မတ်　၂၁**

ဘားအံမြို့နယ် သာယာကုန်းကျေးရွာ မေတ္တာလင်းကြည်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်၊ ကျေးရွာလမ်းမကြီး ကွန်ကရစ်လမ်းဖွင့်ပွဲနှင့် ပန်းရနံ့စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါ မုခ်ဦးရှေ့၌ကျင်းပရာ သာယာကုန်းကျေးရွာ ဆရာတော် ဦးကောသလ္လ၊ သာမညကျောင်းထိုင်ဆရာတော် ဦးခေမိက၊ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်သန်းမြင့်နှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်လိုက်သော ကျေးရွာကွန်ကရစ်လမ်းမကြီးသည် အကျယ် ၁၂ ပေ၊ အရှည် လေးဖာလုံရှိပြီး ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၂၀၊ ကရင်ပြည်နယ်လွှတ်တော်ရန်ပုံငွေမှ ကျပ်သိန်း ၃၀ စုစုပေါင်း ကျပ်သိန်း ၃၅၀ ဖြင့် အကုန်အကျခံကာ ဆောင်ရွက်ခဲ့ပြီး သာယာကုန်းကျေးရွာ ပန်းရနံ့စာကြည့်တိုက်ကိုလည်း ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၃၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၀၀၀၀ စုစုပေါင်း ကျပ် ၃၀၆၀၀၀၀ ဖြင့် ဆောက်လုပ်ခဲ့သည်။ ယင်းကဲ့သို့ ကျေးရွာလမ်းမကြီးကို ကွန်ကရစ်လမ်းမကြီးအဖြစ် ခင်းကျင်းနိုင်ခြင်းဖြင့် ဒေသခံများအတွက် ခရီးသွားလာခြင်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ ပိုမိုလွယ်ကူစေမည်ဖြစ်ပြီး ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်နိုင်ခြင်းဖြင့် စာပေဖတ်ရှုနိုင်သည့် အခွင့်အလမ်းများရရှိကာ အသိပညာဗဟုသုတ တိုးပွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်လေ့လာမှုများအား ကြည့်ရှုအားပေး

**မန္တလေး မတ် ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးရဲမြင့်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရပ်နားလျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse – 2 လေယာဉ်အား ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများလေ့လာနေမှုများကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌသည် အပြည်ပြည်ဆိုင်ရာလေဆိပ် Mobile Hangar အတွင်းထားရှိသည့် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse – 2 အားကြည့်ရှုပြီး ယာယီစခန်း (Event Tent) အတွင်း Solar Impulse Team အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာ နီကိုလပ်ပီဗင်က နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ဆိုင်ရာအကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားနေမှုများ၊ လေ့လာသူ ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်မေးမြန်းဖြေကြားမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယာယီစခန်း( Event Tent) အတွင်း နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ဆိုင်ရာ အချက်အလက်များအား ပရိုဂျက်တာဖြင့် ပြသရှင်းလင်းမှု၊ Mobile Hangar အတွင်းထားရှိသည့် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse – 2 နှင့် လေ့လာနေသည့် ပြည်သူများအား အားပေးကြည့်ရှုသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse – 2 လေယာဉ်မှူးနှစ်ဦးနှင့် တာဝန်ရှိသူများအား First Myanmar Investment နှင့် Yoma Strategic Holdings ကုမ္ပဏီက ယာယီစခန်းအတွင်း ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**






**နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ရပ်နားလျက်ရှိသည့်နည်းတူ ဆိုလာလေယာဉ်မှူးများနှင့် တာဝန်ရှိသူများကလည်း သန့်ရှင်းသည့် သဘာဝစွမ်းအင်ဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်နိုင်သည်များကို လေ့လာသူများအား ဟောပြောလျက်ရှိသည်။**

**လေ့လာသူများက မိမိတို့သိလိုသည်များကို လွတ်လပ်စွာမေးမြန်းရသည့်အတွက် ကျေနပ်ဝမ်းမြောက်သည့်အသံများကို မြင်တွေ့ကြားသိနေရသည်။**

**ဆန်းသစ်တီထွင်လိုမှု၊ စိတ်အားထက်သန်မှုဟူသည့် အပြန်အလှန်ပြောဆိုသံများကလည်း လေဆိပ်ဧရိယာတစ်ဝန်း ပျံ့နှံ့လျက်ရှိသည်။ ထိုထက်သန်မျှော်လင့်နေကြသည့်အသံများနှင့်ပတ်သက်၍ မျှဝေခံစားနိုင်ရန် ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။**

# မျိုးဆက်သစ်တို့ မျှော်လင့်သံ

**အမေး၊ အရေး**
**မင်းမင်းဇော်(သတင်းစဉ်)**
**ဓာတ်ပုံ - ကျော်ထိုက်စိုး**

**ဦးတင်အေး (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**

ဆန်းသစ်တဲ့နည်းပညာတွေနဲ့ ရောက်လာတဲ့ လေယာဉ်ကို ကြိုဆိုရမယ်။ အတတ်ပညာတွေကို လေ့လာဆည်းပူးရမယ်။ လေ့လာသင်ယူတတ်ဖို့ လိုအပ်တယ်။ တို့တစ်တွေလည်း ဒီလိုဘယ်လိုလုပ်မလဲဆိုတဲ့ အတွေးအမြင်တွေရပြီး ဆန်းသစ်တဲ့နည်းပညာတွေ ရအောင် ကြိုးစားသွားဖို့လိုတယ်။ လေ့လာပြီး မေ့လိုက်တယ်ဆိုတာ အကျိုးမရှိဘူး။ လေ့လာပြီးရင် လုပ်နိုင်အောင် ကြိုးစားရမယ်။

**ဆရာမ ဒေါ်ငွေငွေ(ဖောင်တော်ဦး ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မန္တလေး)**

ဆိုလာလေယာဉ်အကြောင်းကို သတင်းစာတွေ တီဗွီတွေထဲမှာ ကြားဖူးနေတာကြာပါပြီ။ ပါရမီစွမ်းအင်အဖွဲ့ရဲ့ ကူညီမှုတွေနဲ့ ဒီကိုလာရောက်လေ့လာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူ ၁၈၀ ကျော်နဲ့ လာရောက်လေ့လာခြင်းဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းက ကလေးတွေ ကိုယ်တိုင်မြင်တွေ့လေ့လာရတော့ သူတို့စိတ်တွေထဲမှာ တီထွင်ဆန်းသစ်လိုမှုတွေ ဖြစ်ပေါ်နေမှာ အမှန်ပါပဲ။ သူတို့ကို မေးကြည့်ရင် တစ်နေ့မှာ ငါတို့လည်း ဒီလို တီထွင်ဆန်းသစ်နိုင်ရမယ်ဆိုတဲ့ အသံတွေကို ကြားသိရမှာဖြစ်ပါတယ်။



ဆရာမ ဒေါ်ငွေငွေ။

**မဟေမာစိုး(ကျောင်းသူ၊ဖောင်တော်ဦး ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း)**

သမီးတို့ကျောင်းကနေ ဆိုလာလေယာဉ်လေ့လာဖို့ စီစဉ်ပေးလို့ လာရောက်လေ့လာခြင်း ဖြစ်ပါတယ်။ အရင်က ဆိုလာရဲ့ ကောင်းကျိုးတွေကို စာအုပ်တွေထဲမှာပဲ လေ့လာခဲ့ရတယ်။ နေရောင်ခြည်စွမ်းအင်နဲ့ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ကောင်းကျိုးပြုစေတဲ့ အကြောင်းတွေ



ဆရာမ ဒေါ်ထိုက်ထိုက်ဝင်း။

ရောပေါ့။ လူတွေက ဆိုလာနဲ့ ကောင်းကင်မှာ ပျံသန်းဖို့ဆိုတာ မယုံကြည်ခဲ့ကြဘူး။ အဲဒါကို ဒီနေ့ လက်တွေ့မြင်တွေ့ရတော့ တအံ့တသြ လေ့လာမိတယ်။ ကိုယ်တိုင်စီးဖူးချင်တယ်။ ကိုယ်တိုင်တီထွင်ချင်လာတယ်။ အဓိက ကတော့ပညာပေါ့လေ။ နည်းပညာတွေကို အဆက်မပြတ် လေ့လာနေဖို့လိုပါတယ်။

**ဆရာမ ဒေါ်ရွှေရည်ဦး(ဖောင်တော်ဦး ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မန္တလေး)**

သတင်းစာတွေမှာ ဖတ်ရလို့ ဒီဆိုလာလေယာဉ် အကြောင်းကို တော်တော်လေး သိထားပါတယ်။ ဆရာတော်ကလည်း သေချာလေ့လာဖို့ တိုက်တွန်းတယ်ရှင့်။ ကျွန်မကိုယ်တိုင်ကလည်း လေ့လာချင်လို့ ဒီကိုရောက်လာတာပေါ့။ ဒီကိုရောက်တော့ သိချင်တာတွေကို လွတ်လွတ်လပ်လပ်မေးမြန်းခွင့်ရတယ်။ သူတို့ကလည်း စိတ်ပါလက်ပါဖြေပေးတော့ ကျွန်မတို့ တော်တော်လေး ဗဟုသုတလည်းရ၊ ဝမ်းလည်းသာကြတယ်။ ဒီဆိုလာစွမ်းအင်နဲ့ ပတ်သက်လို့ ကျောင်းသား ကျောင်းသူတွေကို သင်ပေးသင့်တယ်ဆိုတဲ့ အသိတွေလည်း ဝင်လာတယ်။ လူငယ်တွေက ဒီလိုအလုပ်တွေဆက်လက်လုပ်နိုင်မှာဖြစ်တဲ့အတွက် ကောင်းမွန်တဲ့အခွင့်အလမ်းတွေရဖို့ လိုအပ်ပါတယ်။ ဆန်းသစ်တီထွင်လိုစိတ်တွေဖြစ်ပေါ်စေနိုင်တဲ့ စာသင်နည်းတွေလည်း လိုအပ်ပါတယ်။

**မအိဇင်မွန်(အဖွဲ့ခေါင်းဆောင်၊ ဖောင်တော်ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လေ့လာရေးအဖွဲ့)**

အခု ကျွန်မတို့လေ့လာရေးအဖွဲ့မှာ ဆရာ ဆရာမတွေ အပါအဝင် ကျောင်းသား ကျောင်းသူ ၁၈၀ ကျော်ပါဝင်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံကိုပဲ ဆင်းသက်တာဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ အပြင်မှာ လက်တွေ့လေ့လာခွင့်ရတဲ့အတွက် ကျွန်မတို့ဟာ ကံကောင်းတဲ့သူတွေ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ အခု ကျွန်မတို့ ကျောင်းမှာ နေရောင်ခြည် စွမ်းအင်နဲ့ ပတ်သက်ပြီး သင်ကြားပေးနေပါတယ်။ ကျွန်မတို့ ကျောင်းသား ကျောင်းသူတွေဟာ စာတွေ့တင်မဟုတ်ဘဲ အပြင်မှာ လက်တွေ့လေ့လာခွင့်ရနေကြတာဖြစ်ပါတယ်။ ဒါဟာ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေမယ့် သဘောတရားလည်း ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတိုင်းကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု စွမ်းရည်တွေ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ဒါဟာ ကျွန်မတို့တစ်တွေရဲ့ တိုးတက်မှုပဲဖြစ်ပါတယ်။

**မအေးချမ်းအောင် [အမှတ်(၂၉) အခြေခံပညာအထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်]**

ဒီနေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကို လက်တွေ့လေ့လာရတော့ ကျွန်မအံ့ဩမိတယ်။ ဓာတ်ဆီ ဒီဇယ်လေယာဉ်ဆီတွေမပါဘဲ ဘယ်လိုပျံသန်းနိုင်သလဲဆိုတာကိုပေါ့၊ လေ့လာမိသလောက်ကို ကျောင်းကသူငယ်ချင်းတွေကို ပြန်ပြီးပြောပြရှင်းပြမယ်။ ကျွန်မတို့လည်း ဒီလိုတီထွင်နိုင်အောင် ကြိုးစားမယ်။

**ဆရာမ ဒေါ်ထိုက်ထိုက်ဝင်း [အမှတ်(၂၉) အခြေခံပညာအထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်]**



ဦးတင်အေး

ကျွန်မကိုယ်တိုင်လည်း လေ့လာချင်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေကို နေရောင်ခြည်စွမ်းအင်နဲ့ လေထဲမှာပျံသန်းလို့ရတယ်ဆိုတာကို ရှင်းပြချင်လို့ပါ။ ကျွန်မမှာ သားသုံးယောက်ရှိတယ်။ ကျွန်မသားတွေ၊ ကျွန်မတပည့်တွေကို တီထွင်ဆန်းသစ်လိုမှုတွေရှိအောင် သွန်သင်သွားမှာပါ။ အဆင့်မြင့် စွမ်းအင်တွေနဲ့ လောကကြီးကို တည်ဆောက်နေပြီဆိုတာကို ပြောပြသွားမှာဖြစ်ပါတယ်။ ။



မအိဇင်မွန်။



မအေးချမ်းအောင်။



ဆရာမ ဒေါ်ရွှေရည်ဦး။



မဟေမာစိုး။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၂-၃-၂၀၁၅ (တနင်္ဂနွေနေ့)**

- ၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅း၄၀ “ပညာဥစ္စာပေါင်းမှသာ လူမှာကောင်းတာရ” တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိခင်နှစ်ဦးရဲ့မေတ္တာ”(အပိုင်း-၅၈)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၈း၀၀ Cartoon Series (English Playground)
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိုအေစစ်ကမ္ဘာလေး”(အပိုင်း-၁၅)
- ၁၁း၀၀ Star တို့ရဲ့ လက်ရာ
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏ အကျိုး” [ကံ(သို့မဟုတ်) ကံရှိသောသူ (အပိုင်း-၂)]
- ၅း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်လူဆိုးမလေး”(အပိုင်း-၁၀)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိခင်နှစ်ဦးရဲ့မေတ္တာ”(အပိုင်း-၅၉)
- ၇း၄၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏ အကျိုး” [ဖြူစင်ခြင်းအားမာန်(အပိုင်း-၁)]
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိုအေစစ်ကမ္ဘာလေး”(အပိုင်း-၁၆)
- ၂း၃၀ Spain Laliga Barcelona Vs Real Madrid (LIVE)

## ပြည်တွင်းရေးရာ

# လာမည့်ပြိုင်ပွဲတွင် 'အောင်မြင်ရမည်' ဟူသည့်စိတ်ဓာတ်ဖြင့် ကြိုတင်ပြင်ဆင်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်

**ရန်ကုန်　　မတ်　　၂၁**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစား ပြိုင်ပွဲရုံ-၁ (သုဝဏ္ဏ) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ဦးသောင်းထိုက်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစားဝန်ကြီးဌာန မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြား သည်။ ထို့နောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင် ရေးအတွက် မြန်မာအားကစားအဖွဲ့များ ကြိုတင်လေ့ကျင့်ပြင်ဆင်ဆောင်ရွက် ထားရှိမှု၊အောင်နိုင်ရေးအတွက် အားကစားနည်း(၂၂)နည်းမှ အားကစားအဖွဲ့ဝင် ၄၁၈ ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့သို့ နှစ်ဖက် အစိုးရ အစီအစဉ်အရ ပူးပေါင်းလေ့ကျင့်ရေးစီစဉ်ထားရှိမှု မျှော်မှန်းထားသည့် အတိုင်း ဆုတံဆိပ်များရရှိရေးအတွက် နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် အားကစားသမားများ စခန်းသွင်းကြိုတင်လေ့ကျင့်ပြင်ဆင်ထားရှိမှုနှင့် ပြိုင်ပွဲ အတွေ့အကြုံရရှိရန်စီစဉ်ထားရှိမှု၊ စခန်းသွင်းလေ့ကျင့်စဉ်အတွင်း ထောက်ပံ့ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ စားသောက်နေထိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က မြန်မာအားကစားအဖွဲ့ များ အောင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများက အားကစား အဖွဲ့ချုပ်အလိုက် ကြိုတင်လေ့ကျင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မကြာမီ(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြီးကို စင်ကာပူနိုင်ငံတွင် ကျင်းပတော့မည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်မည့်



ဒုတိယသမ္မတ ဦးညဏ်ထွန်း မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အားကစားနည်းအလိုက် ထိုက်တန်သည့်ဆုတံဆိပ်များရရှိရန် ဦးတည်ချက်ထား ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ အောင်မြင်ရေးအတွက် စိန်ခေါ်မှုများစွာ ရင်ဆိုင်ရမည်ဖြစ်သော်လည်း ယင်းစိန်ခေါ်မှုများကို နိုင်ငံတော်၏ဂုဏ်သိက္ခာ မြင့်မားရေးအတွက် ဖန်တီးပေးနိုင်သော အခွင့်လမ်းကောင်းအဖြစ် ပြောင်းလဲ ပစ်နိုင်ရန် အားလုံးဦးထမ်းပဲ့ထမ်းတစ်စိတ်တစ်ဝမ်းတည်းကြိုးပမ်းသွားရမည်ဖြစ် ကြောင်း၊ အစိုးရနှင့် အားကစားအဖွဲ့ချုပ်များ၊ အားကစားအဖွဲ့အစည်းများ အကြား တာဝန်ရှိသူများ မကြာခဏထိတွေ့မှု၊ အပြန်အလှန်လေးစားမှု၊ ပူးပေါင်း ဆောင်ရွက်မှု၊ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သူတစ်ဦးချင်း၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ရှင်းလင်းစွာချမှတ်ထားမှု၊ ဘဏ္ဍာရေး နည်းစနစ်ပိုင်းအရ တာဝန်ယူမှု၊ တာဝန်ခံမှု၊ နှစ်ဦးနှစ်ဖက် လိုအပ်ချက်များကို တလေးတစားဖြည့်ဆည်းပေးမှု စသည့်အင်္ဂါရပ်များဖြင့် ပြည့်စုံသည့် ရှင်သန်ခိုင်မာသော ဆက်ဆံရေးထူထောင်ထားရှိသွားရန် လိုအပ်ကြောင်း၊ လာမည့်ပြိုင်ပွဲတွင် "အောင်မြင်ရမည်" ဟူသည့်စိတ်ဓာတ်ဖြင့် ကြိုတင်ပြင်ဆင်မှုများကို အရှိန်အဟုန် မပျက် ဆက်လက်လုပ်ဆောင်သွားရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပံ့ပိုးဖြည့်ဆည်းပေးရမည့်ကိစ္စများကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲဖြည့်ဆည်း ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

---

### ❐ကျောက်ဖြူမှ

ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ကိုရှင်းလင်းတင်ပြသည်။ အဆိုပါ Construction မှာ ယခု နှစ် နိုဝင်ဘာလတွင် ပြီးစီးမည်ဖြစ်ပြီး ဒီဇင်ဘာလတွင် လုပ်ငန်းလည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား စီမံ ကိန်း ရှင်းလင်းဆောင်၌ သီလဝါအထူးစီးပွားရေးဇုန် စီမံ ခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က အထူးစီးပွားရေး ဇုန် အပိုင်း(က) ဧရိယာ ၃၉၆ ဟက်တာအတွင်း အဆင့်(၁) အတွက် ၂၁၁ ဟက်တာ၊ အဆင့်(၂)အတွက် ဟက်တာ ၁၅၀ နှင့် Residential & Commercial အတွက် ၃၅ ဟက်တာ တို့ဖြင့် အပိုင်းလိုက်စီစဉ်ဆောင်ရွက်ထားရှိမှု၊ လက်ရှိကာလ တွင် အဆင့်(၁)စီမံကိန်းလုပ်ငန်းများ ၇၈ ရာခိုင်နှုန်းပြီး စီးနေမှုနှင့်လက်ရှိမြန်မာအလုပ်သမား ၁၉၀၀ ခန့်ကို အလုပ် အကိုင်အခွင့်အလမ်းများဆောင်ရွက်ပေးထားနိုင်မှု၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရင်းနှီးမြှုပ်နှံနေမှုနှင့် ရင်းနှီး မြှုပ်နှံမှုများ ဆက်လက်ဝင်ရောက်လာမည့် အလားလာများ အပါအဝင် လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်သန်းဦးက သီလဝါအထူးစီးပွားရေးဇုန် ဓာတ်အားရရှိရေးဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း တည်နေရာ၊ PACKAGE-1(၃၃)KV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တိုးချဲ့ခြင်းစီမံကိန်းဆောင်ရွက်ပြီးစီးမှု၊ (၃၃) KV ဓာတ်အားဖြန့်ဖြူးရေးလိုင်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု၊ PACKAGE-2 သီလဝါ (၅၀)MW ဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ PACKAGE-3(၂၃၀) KV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းဆောင်ရွက် နေမှု၊ သီလဝါဓာတ်အားပေးစက်ရုံစီမံကိန်းအတွက် သဘာဝ ဓာတ်ငွေ့ လက်မ ၂၀ ပိုက်လိုင်း (40KM) သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။

ယင်းနောက် MJTD မှ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာ ရှိချုပ် Mr. Takashi Yanai က လုပ်ငန်းခွင်တိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယ သမ္မတက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် သီလဝါ အထူးစီးပွားရေးဇုန်အတွင်း အခြေခံအဆောက်အအုံများ တိုးတက်လာမှုနှင့် လက်ရှိတည်ဆောက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးရန် မိမိတို့လာရောက်ရခြင်းဖြစ်ကြောင်း၊ လက်ရှိ တည်ဆောက်ရေးလုပ်ငန်းခွင်များအတွင်း လုပ်သားစုစုပေါင်း ၁၉၃၆ ဦးရှိသည့်အနက် လုပ်သား ၁၉၀၀ မှာ မြန်မာ အလုပ်သမားများဖြစ်သည်ကို အားရဖွယ်တွေ့ရှိရပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ယုံကြည်မှုအပြည့်အဝဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြသူများအား ကြိုဆိုပါကြောင်း၊ အပြန်အလှန်အားဖြင့် မိမိတို့ကလည်း ကြိုတင်ခန့်မှန်းနိုင် သော အခွင့်သာသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရန်လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများကလည်း အရည်အသွေးမြင့်မားသည့် အလုပ်အကိုင်အခွင့်အလမ်း များအတွက် လမ်းဖွင့်ပေးပြီး လေ့လာသင်ယူအလုပ်လုပ် လိုစိတ်ပြင်းပြသည့် မြန်မာလုပ်သားများကို နည်းပညာနှင့် အတတ်ပညာလွှဲပြောင်းပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံအတွက် ရှေ့ဆောင်လမ်းပြ အထူးစီးပွားရေးဇုန်ဖြစ်သည့်အတွက် နိုင်ငံတကာစံချိန်မီမူဝါဒနှင့် လုပ်ငန်းစဉ်များကို ကျင့်သုံးပြီး အောင်မြင်အောင် အကောင်အထည်ဖော်သွားရန် လိုအပ်ပါ ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် အထူးစီးပွားရေးဇုန်ကြား ယုံကြည်မှုတည်ဆောက်ရန် လိုအပ်သလို အထူးစီးပွားရေးဇုန် နှင့် ပြည်သူလူထုအကြားမှာလည်း ယုံကြည်မှုတည်ဆောက် ရန်လိုအပ်ပါကြောင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးသော လိုအပ်ချက်များဖြစ်သည့် ရင်းနှီးမြှုပ်နှံမှု နှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖန်တီးပေး နိုင်ခြင်းဖြင့် လူထုယုံကြည်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် နယ်ပယ်ကြီး (၃)ရပ်လုံး ဟန်ချက်ညီသည့်၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ရန် ကြိုးပမ်းသွားကြခြင်းဖြင့် နိုင်ငံ့စီးပွား ရေး၊ နိုင်ငံသူနိုင်ငံသားများ၊ ရင်းနှီးမြှုပ်နှံသူများ အတူတကွ ကြီးပွားတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြော ကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် စီမံကိန်းလုပ်ငန်းခွင် အတွင်းရှိ မြန်မာအလုပ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ဧရိယာအကျယ်အဝန်း ၃၉၆ ဟက်တာရှိသည့် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)ကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆင့်(၁)မှာ လက်ရှိ ၇၈ ရာခိုင်နှုန်းပြီးစီးလျက်ရှိပြီး ယခုနှစ်ဇွန်လတွင် ပြီးစီးမည်ဖြစ်သည်။ အဆင့်(၂)ကို ၂၀၁၆ ခုနှစ်လယ်အတွင်း ပြီးစီးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိကာလတွင် ဂျပန်၊ ထိုင်း၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ မလေးရှား၊ စင်ကာပူ၊ ဆွီဒင်၊ အမေရိကန်ပြည်ထောင်စု နှင့် ဩစတြေးလျအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ကုမ္ပဏီ ပေါင်း ၃၉ ခုတို့က ရင်းနှီးမြှုပ်နှံရန် အဆိုပြုထားခဲ့သည်။ ယင်းတို့အနက် ကုမ္ပဏီ ၂၁ ခုက ရင်းနှီးမြှုပ်နှံခွင့် လိုင်စင်ရရှိ ထားပြီး ကုမ္ပဏီခုနစ်ခုက ဆောက်လုပ်ရေးလုပ်ငန်း များကို စတင်ဆောင်ရွက်လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) အဆင့်(၁) ကို ယခုနှစ် စက်တင်ဘာလ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး စက်ရုံ ငါးရုံ စတင်လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆-၂၀၁၇ခုနှစ်တွင် စက်ရုံတည်ဆောက်မှုများ ပြီးစီးမည် ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းပေါင်း လေးသောင်းနီးပါး ကို ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

### ❍နေစွမ်းအင်သုံးမှ

နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ ထိ ကျောင်းသားကျောင်းသူများ ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ပေးထား ပြီး မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီ ထိ ပြည်သူများကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ပေးထားသည်။ ယနေ့လာရောက် လေ့လာကြသူများတွင် စွမ်းအင်ဝန်ကြီး ဌာနမှ ဝန်ထမ်းနှင့် ကျောင်းသား ကျောင်းသူ ၆၂ ဦး၊ မန္တလေးမြို့ ဖောင် တော်ဦး ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၁၈၅ ဦး၊ မန္တလေးမြို့ အထက (၁၈) မှ ကျောင်း သား ကျောင်းသူ ၁၁၉ ဦး၊ အလက (၂)မှ ကျောင်းသား ကျောင်းသူ ၂၀၊ မိတ္ထီလာမြို့ လေကြောင်းအတတ်သင် လေတပ်စခန်း (ရှမ်းတဲ)မှ ၂၂ ဦး၊ ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စာပေဌာနမှ ၅၀၊ ပြည်ကြီးတံခွန်မြို့ အထက (၂၇)နှင့် အထက (၂၉)မှ ကျောင်းသား ကျောင်းသူ ၈၅ ဦးနှင့် ပြည်သူတစ်ထောင်ကျော်တို့ ပါဝင် ကြသည်။

ကျောင်းသားကျောင်းသူများသည် Mobile hangar အတွင်းရှိ ဆန်း သစ်သော နည်းပညာဖြင့် တည် ဆောက်ထားသည့် နေစွမ်းအင်သုံး Solar Impulse -2 လေယာဉ်အား မလေ့လာမီ ယာယီစခန်း၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နေရောင် ခြည် တစ်မျိုးတည်းကို သာ လောင်စာအဖြစ်သုံးစွဲကာ ပျံသန်းပုံ၊ ကမ္ဘာတစ်ပတ် ပျံသန်းရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အခက် အခဲများ၊ ဆိုလာလေယာဉ် ပျံသန်းရာ တွင် ရာသီဥတု၏ အရေးပါပုံ၊ ဆင်း သက်ရာ နိုင်ငံအစိုးရများ၏ ပူးပေါင်း ဆောင်ရွက်မှုများကို ဆိုလာလေယာဉ် မှူးများဖြစ်သည့် ဘာထရန်ပက်ကဒ် နှင့် အန်ဒရီဘော့ချ်ဘတ်ဂ်၊ ဆိုလာ လေယာဉ်ပျံသန်းရေးအထောက် အကူပြု အဖွဲ့မှ တာဝန်ရှိသူတစ်ဦးတို့က ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ သည်။ အရှေ့တောင် အာရှနိုင်ငံများ အနက် အဘယ်ကြောင့် မြန်မာနိုင်ငံကို ရွေးချယ်ဆင်းသက်ရသလဲဟူသော ကျောင်းသူတစ်ဦး၏ စိတ်ဝင်စားစရာ မေးခွန်းကို ဆိုလာလေယာဉ်မှူး ဘာထရန်ပက်ကဒ်က မြန်မာနိုင်ငံအား ချစ်မြတ်နိုးသောကြောင့်ဟု ဖြေကြား မှုက ကျောင်းသားကျောင်းသူများအား ဘဝင်ကျသွားစေခဲ့သည်။

ဆိုလာလေယာဉ်အား စိတ်ဝင် တစားဖြင့် လာရောက်ကြည့်ရှုကြသည့် ကျောင်းသားကျောင်းသူများ၊ပြည်သူ များအား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ် ပွားသတင်းစာတိုက် (မန္တလေး)မှ မြန်မာ့အလင်း၊ ကြေးမုံနှင့် ဂလို ဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်း စာများ နေ့စဉ်အခမဲ့ဖြန့်ဝေလျက် ရှိသည်။ ထို့အတူ ကိုကာကိုလာ ကုမ္ပဏီကလည်း ကိုကာကိုလာအချို ရည်ဘူးများ၊ ရေသန့်ဘူးများ အခမဲ့ ဖြန့်ဝေပေးလျက်ရှိသည်။ နေရောင် ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 သည် မန္တလေးမြို့မှ တစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းနှင့် နန်ကျင်းမြို့များသို့ ဆက်လက်ပျံသန်းမည်ဖြစ်ပြီး မထွက် ခွာမီ ရွှေပေါင်းမြို့တော် ပုဂံ၏ ကောင်းကင်ယံအထက်၌ ပျံသန်းကာ ရှုခင်းအလှအပများကို ကြည့်ရှုသွား မည်ဖြစ်ကြောင်း သိရသည်။

◆◆◆

# ရခိုင်ကမ်းလွန်ရေနံလုပ်ကွက်များ၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆို

**နေပြည်တော် မတ် ၂၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဗြိတိန်နိုင်ငံအခြေစိုက် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် Operator ဖြစ်သူ BG Exploration & Production Myanmar Pte., Ltd သည် Woodside Energy (Myanmar) Pte. Ltd. နှင့် မြန်မာနိုင်ငံမှ Myanmar Petroleum Exploration & Production Company Ltd. တို့ ပူးပေါင်း၍ ရခိုင်ကမ်းလွန်လုပ်ကွက် A-4 နှင့် ရခိုင်ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက် AD-2 တွင်လည်းကောင်း၊ သြစတြေးလျနိုင်ငံအခြေစိုက် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် Operator ဖြစ်သူ Woodside Energy (Myanmar) Pte. Ltd. သည် BG Exploration & Production Myanmar Pte., Ltd နှင့် မြန်မာနိုင်ငံမှ Myanmar Petroleum Exploration & Production Company Ltd. တို့ပူးပေါင်း၍ ရခိုင်ကမ်းလွန်လုပ်ကွက် A-7 နှင့် ရခိုင်ကမ်းလွန် ရေနက်ပိုင်းလုပ်ကွက် AD-5 တို့တွင်လည်းကောင်း၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်များ (Production Sharing Contracts) ကို မတ် ၂၀ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Mr. Nicholas Coppel နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Woodside Energy (Myanmar) Pte. Ltd မှ Executive Vice President ဖြစ်သူ Mr. Phillip Richard Loader နှင့် BG Exploration & Production Myanmar Pte., Ltd မှ General Manager ဖြစ်သူ Mr. Jonathan Robert Peachey နှင့် Myanmar Petroleum Exploration & Production Company Ltd. ၏ General Manager ဖြစ်သူ ဦးမျိုးတင်တို့မှ လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယခု ရခိုင်ကမ်းလွန်လုပ်ကွက်များဖြစ်သည့် လုပ်ကွက် A-4 နှင့် လုပ်ကွက် A-7 နှင့် ရခိုင်ကမ်းလွန်ရေနက်ပိုင်း လုပ်ကွက်များဖြစ်ကြသည့် လုပ်ကွက် AD -2၊ လုပ်ကွက် AD-5 တို့ လက်မှတ်ရေးထိုးခြင်းသည် ပထမအကြိမ် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် ဆဋ္ဌမမြောက် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အဆိုပါစာချုပ်များ လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၄ သန်းနှင့် Data Fee အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ သန်း ရရှိမည်ဖြစ်သည်။ ရခိုင်ကမ်းလွန် ရေတိမ်ပိုင်း လုပ်ကွက် ၂ ကွက်အတွက် လေ့လာရေးကာလ တစ်နှစ်နှင့် ရှာဖွေရေးကာလ ခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၄၅ ဒသမ ၅ သန်း သုံးစွဲမည်ဖြစ်ပြီး ရခိုင်ကမ်းလွန်ရေနက်ပိုင်း လုပ်ကွက် ၂ ကွက်အတွက် လေ့လာရေးကာလ နှစ်နှစ်နှင့် ရှာဖွေရေးကာလ ခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၃၅ ဒသမ ၁ သန်း သုံးစွဲမည်ဖြစ်သည်။

**(သတင်းစဉ်)**

(၂၀၁၅)ခုနှစ်၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

**"တီဘီရောဂါကင်းဝေးဖို့၊ စုပေါင်းရှာဖွေကုသစို့"**

**"Reach, Treat, Cure Everyone"**

မတ်လ (၂၄)ရက် 24th March

# တပ်မတော်စစ်ကြောင်းများက ပွိုင့်-၁၅၆၄ တောင်ကုန်းအား သိမ်းပိုက်ရရှိ

**နေပြည်တော် မတ် ၂၁**

နှစ်နိုင်ငံနယ်စပ်နှင့် မီတာ ၁၅၀၀ ခန့်အကွာတွင်ရှိသော ကိုးကန့်သောင်းကျန်းသူများအတွက် စစ်နည်းဗျူဟာလိုအပ်ချက် တောင်ကုန်းများဖြစ်သည့် ပွိုင့်-၁၅၆၄ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက တိုက်စစ်ဆင်ချေမှုန်းတိုက်ခိုက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပွိုင့်-၁၅၆၄ တောင်ကုန်းအား သိမ်းပိုက်ရရှိခဲ့သည်။ ထို့အတူ ရှင်ခုတ်ထန် မြောက်ဘက်တောင်ကြောရှိ ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်ထိုးစစ်ဆင် တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

အလားတူ ယနေ့တွင် တပ်မတော်စစ်ကြောင်းများက ရှင်ပင်ကိုင်းကျေးရွာအနီးရှိ ပွိုင့်-၁၉၆၈ တောင်ကုန်းနှင့် ပွိုင့်-၁၉၅၁ တောင်ကုန်းများအား ရှင်းလင်းသိမ်းပိုက်ခဲ့သည်။

ကိုးကန့်သောင်းကျန်းသူများသည် မြေအနေအထား အသာစီးရမှုကို အခွင့်ကောင်းယူ၍ တောင်ကုန်းများပေါ်တွင် အခိုင်အမာခံကတုတ်များဆောက်လုပ်ကာ ဆက်သွယ်ရေးမြောင်းများ၊ ဗုံးခိုကျင်းများနှင့် ပစ်ကျင်းများတူးထားပြီး လောင်ချာ၊ လက်ပစ်ဗုံး၊ စက်သေနတ်ကြီးနှင့် တိုက်မိုင်းများဖြင့် တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း တိုက်စစ်ဆင်နေသည့်တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူပစ်အားများရယူ၍ ဟန်ချက်ညီစွာ ရှုပ်ရှုပ်ချွံချွံ ထိုးဖောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် အခိုင်အမာခံစစ်ယူထားသော တောင်ကုန်းများအား သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါတိုက်ပွဲများတွင် ကိုးကန့်သောင်းကျန်းသူ အလောင်းသုံးလောင်း၊ လက်နက်ငယ် ငါးလက်၊ ကျည်အိမ် တစ်ခု၊ ကျည်မျိုးစုံ ၃၃၅ တောင့်၊ တိုက်မိုင်း ၁၁ လုံး၊ အီနာဂါဗုံးသီး နှစ်လုံး၊ လောင်ချာဗုံးသီး တစ်လုံး၊ လက်ပစ်ဗုံးသုံးလုံး၊ လုပ်သေနတ် ပြုလုပ်မည့် ဆက်စပ်ပစ္စည်းများ၊ MNDAA လက်မောင်းတံဆိပ်ပါ ယူနီဖောင်း ရှစ်စုံ၊ စစ်စိမ်းရောင် ဘောင်းဘီနှစ်ထည်နှင့် အသုံးအဆောင် ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ အရာရှိ ၊ စစ်သည် ၁၁ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတက်ရောဂါဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် မတ် ၂၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ အတက်ရောဂါစီမံချက်တို့ ပူးပေါင်း၍ အတက်ရောဂါဆိုင်ရာ ပညာပေးဟောပြောပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီခွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် အဖွဲ့ချုပ်အနေဖြင့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့ကြီး ဖြစ်သည့်အတွက် အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာ ကျန်းမာရေးကဏ္ဍ အနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းလုပ်ငန်း တစ်ရပ်အနေဖြင့် ပါဝင်ပြီး "အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်ဆိုသည့် အချက်သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက် (၇) ချက်အနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အတက်ရောဂါသည် မြန်မာနိုင်ငံနှင့် ကမ္ဘာပေါ်တွင် အသက်အရွယ်၊ ကျား/မ မရွေး လူမျိုးဘာသာမခွဲခြားဘဲ ဖြစ်နိုင်သောရောဂါတစ်မျိုးဖြစ်ကြောင်း သိရှိရပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်နှင့် အခြားသော လူမှုအဖွဲ့အစည်းများအနေဖြင့် အတက်ရောဂါအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ ဦးစားပေးရောဂါစာရင်းထဲတွင် ထည့်သွင်းစဉ်းစားပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အတက်ရောဂါရှိသူတစ်ဦးချင်းကို ဖြစ်စေ၊ ၎င်းတို့၏မိသားစုအပေါ်သို့ ဖြစ်စေ၊ နိုင်ငံတော်အပေါ်၌ ဖြစ်စေ၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပြီး မလိုလားအပ်သော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာဆိုးကျိုးရလဒ်များ ဖြစ်ပေါ်စေနိုင်ကြောင်း သိရှိရ၍ ယနေ့အတက်ရောဂါအကြောင်း ဟောပြောပွဲမှ ရရှိလာသည့် အသိပညာရပ်များကို မိမိမိသားစု၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများအထိ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဆင့်ပွားပြောကြားအသိပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအတက်ရောဂါစီမံချက် မန်နေဂျာ ပါမောက္ခဒေါက်တာ ဝင်းမင်းသစ်က ဟောပြောပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန တွဲဖက်ပါမောက္ခဒေါက်တာစိမ်းမြမြအေးက အတက်ရောဂါအကြောင်း သိကောင်းစရာ ပညာပေးဟောပြောခြင်းနှင့် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောအထူးကု ဆရာဝန်ကြီး ဒေါက်တာမိုးမိုးဇော်က အတက်ရောဂါနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်နှင့် ရှေးဦးသူနာပြုစုနည်း အကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောပြီး အတက်ရောဂါဆိုင်ရာ ပညာပေးဗီဒီယို ပြသခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၂၂-၃-၂၀၁၅ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၆း၀၀ | အဖွင့် -ဝတ်စားဆင်ယင်မှုပြပွဲ(တေးဂီတ) |
| ၆း၁၅ | မြန်မာဗီဒီယိုဇာတ်လမ်း "သူငယ်ချင်းချစ်သူ" (အောင်ရဲလင်း၊ စွမ်းရည်၊ သင်ဇာဝင့်ကျော်၊ မေသက်ခိုင်) (ဒါရိုက်တာ-ကြည်ဖြူသျှင်) |
| ၇း၄၀ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၈း၀၅ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၉း၂၅ | မြန်မာရုပ်ရှင် (ဆေးရောင်စုံ) "ကိုယ့်အထာနဲ့ကိုယ်" (ခန့်စည်သူ၊ ကျော်ကျော်ဗိုထွန်းထွန်း၊ မိုးဟေကို၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)) |

**တစ်နေ့ (၆) နာရီစာ (၄)ကြိမ်ပြသပါမည်။**

| | |
|---|---|
| ၃း၄၅ | နိုင်ငံတကာခြေစမ်းပွဲ မြန်မာယူ-၂၂ ဘောလုံးအသင်းနှင့် မလေးရှားယူ-၂၂ ဘောလုံးအသင်းတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |

»»» စာမျက်နှာ ၅ မှ

ထို့အပြင် နိုင်ငံများအနေဖြင့် သတင်းသမားများအတွက် ဘေးကင်းလုံခြုံမှုရှိအောင် ကောင်းမွန်စွာ မဆောင်ရွက်နိုင်သေးသည့်အခြေအနေတွင် အန္တရာယ်ကြုံတွေ့နိုင်သော ဝန်ထမ်းများအတွက် လုံခြုံဘေးကင်းမှု အဆင့်အတန်းကို အယ်ဒီတာများကမြှင့်တင်ပေးနိုင်ပါသလား။ ဘာသာရေးပြဿနာသည် ကမ္ဘာတစ်ဝန်းအာရုံစိုက်နေရသည့် ပြဿနာဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့သော အသွင်ကူးပြောင်းရေးနိုင်ငံတစ်နိုင်ငံတွင် ဘာသာရေးကြောင့်ဖြစ်သော တင်းမာမှုများကို မီဒီယာများက ထိန်းချုပ်နိုင်ပါသလား။

နိုင်ဂျီးရီးယား၊ အစ္စရေးနှင့် ပါလက်စတိုင်းကဲ့သို့သောနိုင်ငံများတွင် ဘက်လိုက်မှုမရှိဘဲ နိုင်ငံရေးပဋိပက္ခများနှင့် လူမှုရေးမတည်ငြိမ်မှုများကို သတင်းရယူရေးသားနိုင်ကြပါသလား၊ ငြိမ်းချမ်းရေးမြှင့်တင်ရာတွင် မီဒီယာများက တာဝန်ရှိပါသလား၊ ထောင်ကျခံ အသတ်ခံရသော သတင်းသမားများ၏ မိသားစုများအနေဖြင့် မီဒီယာပညာရပ်အပေါ် ၎င်းတို့၏ အမြင်၊ ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ကျွမ်းကျင်သူများ၏ အကြံဉာဏ်နှင့်အတူ ယင်းမိသားစုဝင်များနှင့် သတင်းဌာနများက သတင်းသမားများကို မည်သို့ဘေးကင်းအောင်လုပ်မည်၊ သတင်းသမားမိသားစုများကို မည်သို့အကာအကွယ်ပေးမည် စသည်ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ စာနယ်ဇင်းသမားများအတွက် အသိအမြင်များ တိုးပွားစေပြီး နိုင်ငံတကာမှ စာနယ်ဇင်းသမားများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မြင်တွေ့ခွင့်ရရှိစေမည့် အခွင့်အရေးတစ်ရပ်ဖြစ်သော မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့အစည်း (IPI) ညီလာခံကို ယခုဆောင်းပါးဖြင့် ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

# နိုင်ငံရေးဆိုင်ရာ အာမခံချက်များ ခေါင်းစဉ်ပါအခန်းအား နှစ်ဖက်အဖွဲ့များ သဘောတူဆွေးနွေးနိုင်



**ရန်ကုန် မတ် ၂၁**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT)တို့ (၇)ကြိမ်မြောက် ဆွေးနွေးလျက်ရှိသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA)ပဥ္စမမြောက်နေ့ ဆွေးနွေးပွဲတွင် နိုင်ငံရေးဆိုင်ရာ အာမခံချက်များနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ခဲ့သည်ဟု ဆွေးနွေးပွဲအပြီးပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။**(ယာပုံ)**

UPWC နှင့် NCCT တို့၏ ငါးရက်မြောက်နေ့ ဆွေးနွေးပွဲအား မတ် ၂၁ ရက်တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

NCA စာချုပ်၏ ပဥ္စမမြောက်အခန်းဖြစ်သည့် **“နိုင်ငံရေးဆိုင်ရာ အာမခံချက်များ”**အခန်းတွင် (၁)နိုင်ငံရေးလမ်းပြမြေပုံ(Road Map)ချမှတ်ခြင်း၊ (၂)နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးခြင်းနှင့် (၃)အားလုံးပါဝင်သာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းဟူသည့် ခေါင်းစဉ်ခွဲသုံးခုပါရှိပြီး ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင်ပြီးပြတ်အောင် ဆွေးနွေးနိုင်ခဲ့သည်ဟု MPC မှ ဦးလှမောင်ရွှေက ပြောကြားသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(NCA)အခန်း(၅) **နိုင်ငံရေးဆိုင်ရာ အာမခံချက်များ** ခေါင်းစဉ်အောက်တွင် ပါဝင်သည့် နိုင်ငံရေးလမ်းပြမြေပုံ(Road Map) ချမှတ်ခြင်း နှစ်ဖက်ကိုယ်စားလှယ်များ ညှိနှိုင်းရန်ခက်ခဲ့သည်။ ၂၀၁၄ စက်တင်ဘာနောက်ပိုင်းမှစ၍ ပြန်လည်တွေ့ဆုံဆွေးနွေးရန်အတွက် ခြောက်လကြာတိုင် ကြန့်ကြာခဲ့ရသည့် အခန်းဖြစ်သည်။ ယနေ့ ဆွေးနွေးပွဲ၌ နိုင်ငံရေးလမ်းပြမြေပုံ(Road Map) ပါအချက်(၇)အား သဘောတူနိုင်ခဲ့သည်။ ထို့ကြောင့် နှစ်ဖက်ခေါင်းဆောင်များ ပြန်လည်ဆွေးနွေးရန်လိုအပ်သည့် အပိုဒ်ခွဲ နှစ်ခုမှလွဲ၍ အခန်း(၅)အား သဘောတူဆွေးနွေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

NCCT အဖွဲ့ဝင် ဒေါ်စောမြရာဇာလင်းက “ဒီနေ့ အထူးအောင်မြင်တဲ့အချက်တွေရှိပါတယ်။ အခန်း(၅)ကို အောင်အောင်မြင်မြင်နဲ့ ကျော်ဖြတ်နိုင်ခြင်းဟာဆိုရင် ကျွန်မတို့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ ဖွဲ့စည်းထားတဲ့ NCCT နဲ့ UPWC က ခေါင်းဆောင်တွေရဲ့ တစ်ဦးအပေါ်တစ်ဦး စိတ်ရှည်သည်းခံအနစ်နာခံမှုကြောင့်ပါ။ ဆွေးနွေးပွဲဟာ အောင်မြင်ရပါလိမ့်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ထားခဲ့လို့ အခန်း(၅)ကို ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်” ဟု ဆွေးနွေးပွဲအပြီး သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ်ပြောကြားသည်။

(၇)ကြိမ်မြောက် ဆွေးနွေးလျက်ရှိသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(NCA) ဆွေးနွေးပွဲအား မတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ အခန်း(၆)၊ NCA စာချုပ် လက်မှတ်ရေးထိုးပြီးနောက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်အခန်း(၇)၊ အထွေထွေတို့ကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

ဆဋ္ဌမနေ့တွင် ဆက်လက်ဆွေးနွေးမည့် အကြောင်းအရာများနှင့် ပတ်သက်၍ “ကျွန်မတို့တိုင်းပြည်ကြီးကို ဘယ်လိုတည်ဆောက်ကြမလဲ၊ လက်နက်ကိုင် တော်လှန်ရေးမှာရှိနေတဲ့ တိုင်းရင်းသားတွေ၊ နိုင်ငံရေးပါတီထဲမှာရှိနေတဲ့ တိုင်းရင်းသားတွေအပြင် အခြားတိုင်းရင်းသားတွေကို ပါဝင်လာနိုင်ဖို့အတွက် ပါဝင်ထိုက်သူများအားလုံးပါဝင်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို ဘယ်လိုအကောင်အထည်ဖော်မလဲ။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီးတာနဲ့ အနာဂတ်မှာလည်း နိုင်ငံရေးမူဘောင်ကို ရေးဆွဲဖို့အချိန်ကျရင် ဘယ်လိုပုဂ္ဂိုလ်မျိုးတွေကို ဖိတ်ခေါ်သွားမလဲဆိုတဲ့ အချက်တွေ ကျန်သေးတယ်။ အဲဒီအချက်တွေက စိုးရိမ်စရာမရှိဘူး။ မနက်ဖြန်ပြီးပြတ်နိုင်တယ်” ဟု NCCT အဖွဲ့ဝင် ဒေါ်စောမြရာဇာလင်းက ပြောသည်။ **(သတင်းစဉ်)**



## အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး ဆန္ဒပြမှုအပေါ် ရှင်းလင်းထိန်းသိမ်းခဲ့မှုအား ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်

**နေပြည်တော် မတ် ၂၁**

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးဆန္ဒပြမှုများအပေါ် တာဝန်ရှိသူများက ရှင်းလင်းထိန်းသိမ်းခဲ့မှုအား ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်မှုများကို ယနေ့တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တွင် ယနေ့နံနက် ၉ နာရီခန့်က အင်အား ၁၂၀ ခန့်သည် ဆိုင်းဘုတ်များကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် လမ်းလျှောက်ဆန္ဒဖော်ထုတ်ခြင်းကို(၈၄ × ၃၅)လမ်း မြတောင်ကျောင်းတိုက်အနီးမှစ၍ လမ်း ၈၀ အတိုင်း(၃၀ × ၈၀)လမ်းဆုံ၊ ယင်းမှ လမ်း ၃၀ အတိုင်း(၃၀ × ၈၄)လမ်းဆုံ၊ ယင်းမှ ၈၄ လမ်းအတိုင်း (၃၄ × ၃၅) လမ်းကြားအထိ ခွင့်ပြုချက်ရယူပြုလုပ်ခဲ့ပြီး မွန်းတည့် ၁၂ နာရီခန့်တွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့တွင် တာမွေမြို့နယ် ဟစ်တိုင်ကွင်း၌ ခွင့်ပြုထားရှိသော်လည်း ယနေ့ညနေ ၄ နာရီခွဲခန့်က အင်းယားကန်ပေါင်ပေါ်တွင် အင်အား ၆၀ ခန့်သည် မိုးပျံပူဖောင်းများနှင့် ဆိုင်းဘုတ်အချို့ကိုင်ဆောင်၍ ကဗျာရွတ်ဆိုခြင်း၊ ဟောပြောခြင်း၊ ကြွေးကြော်ခြင်းများ ပြုလုပ်ခဲ့ပြီး ညနေ ၆ နာရီခွဲခန့်တွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။ **(၀၀၉)**

## နိုင်ငံခြားဝင်ငွေရရှိသော ကြိမ်များ ဝါးတန်းဆိပ်ကမ်းသို့ ရောက်ရှိ

**ရန်ကုန် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ပြည်ပသင်္ဘောများ ဝင်/ထွက်သွားလာရာ ဗိုလ်အောင်ကျော်လမ်း၊ ဆူးလေ၊ M.I.P၊ အလုံ၊



ထီးတန်းနှင့် အေးရှားဝေါလ်ဆိပ်ကမ်းများ၊ ပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်းများဖြစ်သော သာကေတ၊ ယုဇန၊ ဝါးတန်း၊ ဗားကရာ၊ ချောင်းဝ၊ ဘုရင့်နောင်ဆိပ်ကမ်းနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် ကုန်ပစ္စည်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်းများအနက် ဝါးတန်းဆိပ်ကမ်းတွင် မတ် ၂၀ ရက်က မြိတ်-ရန်ကုန် ပြေးဆွဲနေသော M.S ရွှေဖြိုးအောင် သင်္ဘောပေါ်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ သိန္တော၊ မောတောင်၊ ဆင်မကျွန်း၊ တပ်မှူး၊ ဘန်ကြိုင်၊ နော်နယ်နှင့် ကျောက်လုံးကြီးဒေသထွက် ကုန်ပစ္စည်းဖြစ်သော ကြိမ် ၁၀ တန် အတင်၊ အချ ပြုလုပ်နေကြောင်း တွေ့ရှိရသည်။ ယင်းကြိမ်များအား ဝါးတန်းဆိပ်ကမ်းနယ်မြေတာဝန်ကျ Mobile Team အဖွဲ့နှင့် သစ်တောမှ တာဝန်ရှိသူများ တက်ရောက်စစ်ဆေးခဲ့သည်။ ယင်းကြိမ်များအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများမှ ကုန်ကြမ်းနှင့် ကုန်ချောထုတ်လုပ်၍ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ **ကျော်မြင့်အေး(ပြန်/ဆက်)**

## ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း(Combined Fleet Exercise)ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်


**နေပြည်တော် မတ် ၂၁**

တပ်မတော်(ရေ) စစ်ရေယာဉ်များသည် မတ် ၂၇ ရက်မှ ဧပြီ ၆ ရက်အတွင်း ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းနှင့် လက်နက်များလေ့ကျင့် ပစ်ခတ်ခြင်းများအား မာန်အောင်ကျွန်း အနောက်ဘက်ရေပြင်တွင် လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လေ့ကျင့်ခန်း ဧရိယာအဖြစ် Point AA မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၅ မိနစ်၊ Point BB မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၅ မိနစ်၊ Point CC မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၅ မိနစ်၊ Point DD မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၅ မိနစ်စသည့် Coordinates အမှတ်များအား ဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်သည်။

သို့ဖြစ်ရာ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များအမြင့်ပေ ၁၅၀၀၀ အောက် ဖြတ်ကျော်ပျံသန်းခြင်း မပြုကြရန် အသိပေးကြေညာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

Combined Fleet Exercise ပြုလုပ်မည့် လေ့ကျင့်ခန်း ဧရိယာပြပုံ



# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ ဆက်သွယ်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၁**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် မတ် ၁၈ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆက်သွယ်ရေးစခန်းများနှင့် မိုဘိုင်းစခန်းများ၊ အော်ရီဒူးနှင့် တယ်လီနောကုမ္ပဏီများ၏ မိုဘိုင်းဆက်သွယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၁၈ ရက်က ထားဝယ်မြို့ လေဆိပ်ခန်းမဆောင်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ထားဝယ်မြို့နယ်မှ မြို့နယ်အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေး၍ ဆက်သွယ်ရေးဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ထားဝယ်မြို့ရှိ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ မိုဘိုင်းနှင့် မိုက်ခရိုဝေ့ဗ်စခန်းများသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး စာများ၊ ချောထုပ်ပစ္စည်းများ အချိန်မှန်ရောက်ရှိရေး၊ မပျောက်ပျက်စေရေး၊ ပြည်သူလူထုယုံကြည်မှုရှိစေရေး ဝန်ဆောင်မှုကောင်းအောင် စေတနာထားဆောင်ရွက်ရန်၊ ယခင်ထက်ပို၍ ဝန်ဆောင်မှုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သွားရန် မှာကြားသည်။

ထားဝယ်မြို့ရှိ TDX-1B အော်တိုအိတ်ချိန်းအား တယ်လီဖုန်းလိုင်းသာမက သတင်းအချက်အလက်နှင့် အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်သည့် ခေတ်မီ MSAN (Multi-Service Access Node) အော်တိုအိတ်ချိန်းများဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အစားထိုးလဲလှယ်တပ်ဆင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်ဝစွာဖြင့် ပြည်သူလူထုထံသို့ ဝန်ဆောင်မှုပေးနိုင်ရေး မှာကြားသည်။

ဆက်လက်၍ တယ်လီနောကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် ကရပ်ပြင်ရပ်ကွက်ရှိ GSM စခန်းကို လည်းကောင်း၊ အော်ရီဒူးကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် တိုးချဲ့မြို့သစ်ရှိ GSM စခန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ပြည်သူလူထုအတွက် အရည်အသွေးပြည့်မီသည့် ဆက်သွယ်ရေးစနစ် ရရှိသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး အစိုးရဧည့်ဂေဟာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ မိမိတို့လုပ်ငန်းတာဝန်များ ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများကို ယဉ်ကျေးပျူငှာစွာဖြင့် ပြောဆိုဆောင်ရွက်ကြရန်နှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ နည်းပညာများကို လေ့လာဆည်းပူး၍ လိုက်နာဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဆက်သွယ်ရေးကွန်ရက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MFOCN ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် မော်လမြိုင်-ထားဝယ်-မြိတ် ဖိုက်ဘာကေဘယ်လ်ဆက်ကြောင်းချခင်းရန်အတွက် မြေကျင်းတူးခြင်း၊ မြေအောက်ဖိုက်ဘာချခင်းရန် စက်ယန္တရားဖြင့် မြေအောက်သို့ ထိုးသွင်းဆောင်ရွက်မှုအခြေအနေနှင့် ဖိုက်ဘာကေဘယ်မျှင်အား ခေတ်မီစက်များဖြင့် စမ်းသပ်စစ်ဆေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာ ဝန်ဆောင်မှုပေးနိုင်ရေး စနစ်တကျ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ယခင်က ဖိုက်ဘာကေဘယ်လ်ချခင်းသွယ်တန်းမှုမရှိခဲ့သော်လည်း ယခုကဲ့သို့ ဖိုက်ဘာကေဘယ်လ်ချခင်းသွယ်တန်းမှုရှိလာသည့်အတွက် ပိုမိုကောင်းမွန်သည့် ဆက်သွယ်မှုများ ပြည်သူလူထု ရရှိသုံးစွဲလာနိုင်မည်ဖြစ်သည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်ထားရှိသည့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် မောင်းမကန်ရှိ မိုဘိုင်းစခန်းများကို ကြည့်ရှုစစ်ဆေးပြီး နောင်ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများတွင် လိုအပ်မည့် မိုဘိုင်းစခန်းများ တိုးချဲ့တည်ဆောက်သွားနိုင်ရေး ထည့်သွင်းလျာထားသွားရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၁၉ ရက်က မြိတ်မြို့ လေဆိပ်ခန်းမဆောင်တွင် မြိတ်မြို့နယ်မှ မြို့နယ်အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေး၍ ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြိတ်မြို့ရှိ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ မိုဘိုင်းနှင့် မိုက်ခရိုဝေ့ဗ်စခန်းများကို ကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့ အော်တိုအိတ်ချိန်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကိုသိရှိရန်နှင့် ထိုတာဝန်ကို ကျေပွန်စွာဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အော်ရီဒူးကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် မြိတ်မြို့ အောက်ရေပုန်းရပ်ကွက်ရှိ GSM စခန်း၊ မြိတ်မြို့ အောက်ရေပုန်း GSM မိုဘိုင်းစခန်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းအနီး ဆောင်ရွက်ထားသည့် မောတောင် GSM မိုဘိုင်းစခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၀ ရက်က တုံးဗျော GSM မိုဘိုင်းစခန်းနှင့် ဖိုက်ဘာကေဘယ်လ်သွယ်တန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ထားသည့် ပုံစံ၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် MFOCN ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် မော်လမြိုင်-ထားဝယ်-မြိတ် ဖိုက်ဘာကေဘယ်လ်ဆက်ကြောင်းရှိ မြိတ်မြို့အဝင် ကျွဲကူးကျောက်ဖျာတံတားပေါ်တွင် ဖိုက်ဘာကေဘယ်လ်သွယ်တန်းရန် ပိုက်လိုင်းများ သွယ်တန်းထားရှိမှု၊ မန်းဟိုးများတည်ဆောက်ထားရှိမှု၊ မန်းဟိုးများအတွင်း ဖိုက်ဘာကေဘယ်လ်လိုင်းများ ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖိုက်ဘာကေဘယ်လ်ဆက်ကြောင်းများ မပြတ်တောက်စေရေး၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း အလွယ်တကူ ဆောင်ရွက်နိုင်စေရေးနှင့် ဖိုက်ဘာကေဘယ်လ်ဆက်ကြောင်းများ တိုးချဲ့ဆောင်ရွက်သွားနိုင်ရေး မှာကြားသည်။

ဆက်လက်၍ တယ်လီနောကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် မြိတ်တောင်ရပ်ကွက်ရှိ GSM စခန်းနှင့် မြိတ်မြို့ ကြေးနန်းရုံးရှိ မိုဘိုင်းစခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေး စနစ်တကျ ဂရုပြုထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် ဆက်သွယ်မှု မပြတ်တောက်စေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် ယနေ့အချိန်ကာလတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းစခန်း ၈၁ ခု ဝန်ဆောင်မှုပေးနိုင်ပြီဖြစ်ပြီး ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းစခန်း ၈၇ ခု၊ နိုင်ငံတကာဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် အော်ရီဒူးကုမ္ပဏီက မိုဘိုင်းစခန်း ၆၇ ခု၊ တယ်လီနောကုမ္ပဏီက မိုဘိုင်းစခန်း ၇၀ စုစုပေါင်း မိုဘိုင်းစခန်း ၂၂၄ ခု ထပ်မံတည်ဆောက်သွားရန် လျာထားဆောင်ရွက်လျက်ရှိရာ စုစုပေါင်း မိုဘိုင်းစခန်း ၃၀၅ ခု ရှိလာမည်ဖြစ်သည့်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မတ် ၁၇ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံအစိုးရချေးငွေဖြင့် ဆောင်ရွက်ရန် လက်မှတ်ရေးထိုးခဲ့သည့် လုပ်ငန်းများတွင် ပါဝင်သည့် ထားဝယ်-မြိတ်-ကော့သောင်း ဖိုက်ဘာကေဘယ်လ်ဆက်ကြောင်းကိုလည်း တည်ဆောက်ချခင်းသွားမည်ဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီး၏ ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာရှယူ-၂၃ ခြေစစ်ပွဲမတိုင်မီ ခြေစမ်းမည့် မြန်မာနှင့် မလေးရှား

**ရန်ကုန် မတ် ၂၁**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာရှယူ-၂၃ ခြေစစ်ပွဲမှာ မတ်လနောက်ဆုံးပတ်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ယင်းပြိုင်ပွဲ၏ အိမ်ရှင်နိုင်ငံဖြစ်သည့် ကာတာနိုင်ငံမှလွဲ၍ ကျန်အသင်းများမှာ ခြေစစ်ပွဲဝင်ရမည်ဖြစ်ပြီး မြန်မာယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းတို့မှာလည်း ခြေစစ်ပွဲအကြို အကဲစမ်းကြမည်ဖြစ်သည်။ ယင်းနှစ်သင်း၏ ခြေစမ်းပွဲကို မတ် ၂၂ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းတို့မှာ ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်လျက်ရှိပြီး မလေးရှားအသင်းမှာ နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် ရန်ကုန်မြို့တွင် လာရောက်လေ့ကျင့်နေခြင်း ဖြစ်သည်။ မလေးရှား ယူ-၂၂ အသင်းမှာ မတ် ၁၆ ရက် ကတည်းက လာရောက်လေ့ကျင့်နေခြင်းဖြစ်ပြီး မတ် ၁၉ ရက်တွင် မြန်မာယူ-၂၀ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခုဖွဲ့စည်းထားသော မလေးရှားယူ-၂၂ အသင်းမှာ အာရှခြေစစ်ပွဲအတွက်သာ ပြင်ဆင်နေခြင်းဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲဝင်မည့်အသင်း၌ အနည်းငယ်သာ ပါဝင်ဖွယ်ရှိနေသည်။

မြန်မာ ယူ-၂၂ အသင်းမှာ အာရှခြေစစ်ပွဲနှင့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့အတွက် တစ်ပေါင်းတည်း လေ့ကျင့်နေခြင်းဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲတွင်မူ အသက်မီသည့် ကစားသမားများကို ထပ်မံအားဖြည့်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းမှာ ယခုခြေစစ်ပွဲအတွက် ပြင်ဆင်ချိန် နှစ်ပတ်ကျော်သာရှိသေးပြီး ကစားသမားများမစုံလင်မှုကြောင့် လူစုံလေ့ကျင့်နိုင်ခြင်းမရှိသေးပေ။ မြန်မာ ယူ-၂၂ အသင်းသည် ခြေစစ်ပွဲအကြိုခြေစမ်းပွဲ သုံးပွဲကစားထားရာ ဖီဂျီယူ-၂၀ အသင်းနှင့် ဂိုးမရှိသရေကျခဲ့ပြီး ဂျပန် ယူ-၂၂ အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ ထိုင်း ယူ-၂၂ အသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ထားသည်။

ယခု ခြေစမ်းပွဲတွင် ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၃၀၀၀၊ ရိုးရိုးတန်း ကျပ် ၁၀၀၀ သတ်မှတ်ထားသည်။

**(ချစ်ကိုကို)**

# စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်း လွိုင်လင်မြို့တွင် သိမ်းဆည်းရမိ

**လွိုင်လင် မတ် ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာအနီး ပန်ခေါက်ဝိုးဘုန်းကြီးကျောင်းရှေ့တွင် မတ် ၂၀ ရက်က မြို့နယ်အဖွဲ့သည် မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်များအား ပိတ်ဆို့စစ်ဆေးဆောင်ရွက်နေစဉ် နမ့်စန်မြို့ဘက်မှ ယာဉ်မောင်း စိုင်းအောင်ညွန့်မောင်းနှင်လာပြီး စိုင်းစံချို လိုက်ပါလာသော ယာဉ်အမှတ် --- အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့သည်။



မော်တော်ယာဉ်မောင်း ဒက်ဘုတ်အောက်၊ ယာဉ်နောက်ခန်း၊ ယာဉ်၏ ရှေ့အင်ဂျင်ပိုင်း ဘော်ဒီများအတွင်းမှ အဝါရောင်တိပ်များဖြင့် ပတ်လျက်အတွင်းတွင်အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ် ၁၀ အိတ် (တစ်အိတ်လျှင် ဆေးပြား ၂၀၀ စီပါ) အထုပ်ပေါင်း ၁၅၀ အတွင်း ပန်းရောင်စိတ်ကြွဆေးပြား စုစုပေါင်း ၃၀၀၀၀၀ ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၁၂၀၀၀ ခန့်အား ရှာဖွေတွေ့ရှိခဲ့၍ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းမင်းသန်း(IPRD)**

# နောင်ချိုတိုးဂိတ်၌ ကျောက်စိမ်းများ သိမ်းဆည်းရမိ

**နောင်ချို မတ် ၂၁**

နိုင်ငံတော်အခွန်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုများမရှိစေရေး၊ တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးနှင့် ကုန်ပစ္စည်းများ တရားဝင်အခွန်ဆောင်ပြီး ကုန်သွယ်မှုမှန်ကန်မြန်ဆန်စေရေးအတွက် လုပ်ငန်းများဆောင်ရွက် တာဝန်ထမ်းဆောင်လျက်ရှိသည့် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ Mobile Team ညွှန်ကြားရေးမှူး ဦးမြင့်သူရ(စီးပွားကူးသန်း) လှုပ်ရှား(၁) ဦးစီးသော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် နောင်ချိုမြို့ အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မတ် ၂၁ ရက် နံနက် ၉ နာရီက မန္တလေးဘက်မှ လားရှိုးမြို့သို့ မောင်းနှင်လာသော ယာဉ်ငယ် 3F/------ ယာဉ်အား ရပ်တန့်စစ်ဆေးကြစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ယာဉ်မောင်းထွက်ပြေးသွားသောယာဉ်ပေါ်မှ ယာဉ်နောက်ခန်းနေရာအနှံ့အပြားတို့တွင် သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းတုံးအရွယ်မျိုးစုံ ကီလို ၁၃၀ ခန့် ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

**အားကစား**

# ဥရောပခြေစမ်းခရီးစဉ်အတွက် မြန်မာယူ-၂၀ အသင်း အပြီးသတ်လူရွေး

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်



ယူ-၂၀ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ မတိုင်မီ ဥရောပနိုင်ငံများတွင် လေ့ကျင့်မှုများပြုလုပ်ရန် မြန်မာ ယူ-၂၀ အသင်းသည် အပြီးသတ် ကစားသမား ၂၄ ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။ ခြေစမ်းပွဲသွားရောက်ကစားမည့် မြန်မာယူ-၂၀ အသင်းသည် အမာခံများအပြင် လူသစ်လေးဦးကိုလည်း ရွေးချယ်သွားသည်။

ခြေစမ်းပွဲ သွားရောက်ကစားမည့် မြန်မာယူ-၂၀ အသင်းတွင် အုပ်ချုပ်သူ ဦးစိုးဝင်း၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ နည်းပြ ဦးညီညီလတ်၊ လက်ထောက်နည်းပြ ဦးမြကိုမင်း၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေး နည်းပြ စတီဗင်၊ အကြောပြင်နည်းပြဂျူးဒစ်၊ ကစားသမားများအဖြစ် ဂိုး- မျိုးမင်းလတ်၊ ဝေလင်းအောင်၊ ပြည့်စုံချစ်၊ ချစ်ကိုကို၊ နောက်တန်း-ထိုက်ထိုက်အောင်၊ နန္ဒကျော်၊ သီဟထက်အောင်၊ နန်းဝေမင်း၊ နိုင်လင်းထွန်း၊ လှိုင်မျိုးအောင်၊ အောင်မိုးထွေး၊ မျိုးဇော်ဦး၊ အလယ်တန်း- ငြိမ်းချမ်းအောင်၊ ကျော်မင်းဦး၊ စွမ်းထက်အောင်၊ မျိုးကိုထွန်း၊ ရန်နိုင်ဦး၊ ရန်လင်းအောင်၊ မောင်မောင်စိုးရွှေ၊ ဝင်းထွန်း၊ ရှေ့တန်း-အောင်သူ၊ သန်းပိုင်၊ စိုးထွန်းနှင့် မောင်မောင်လွင်တို့ ပါဝင်ကြသည်။

မြန်မာယူ-၂၀ အသင်းသည် ဥရောပနိုင်ငံများတွင် မေလဆန်းပိုင်းအထိ တစ်လကျော်ကြာသွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ပထမဆုံးအဖြစ် ဆားဘီးယားနိုင်ငံသို့ သွားရောက်ခြင်းဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် ဆားဘီးယားနိုင်ငံတွင် ဆားဘီးယား ယူ-၂၀ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ဂျာမနီ၊ ဟော်လန်၊ ဟန်ဂေရီနှင့် ဆလိုဗက်ကီးယားနိုင်ငံများသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။ ယင်းခြေစမ်းခရီးစဉ်များတွင် ဟန်ဂေရီယူ-၂၀ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ပြီး အခြားခြေစမ်းပွဲများ ကစားရန် ကလပ်အသင်းများနှင့် ညှိနှိုင်းသွားမည်ဖြစ်သည်။

□□

နိုင်ငံတကာသတင်းဂျာနယ်

ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံအကြောင်း ဇာတ်စုံသိချင်ပါသလား။
တစ်စောင်တည်းနှင့် ပြည့်စုံစေမှာ နိုင်ငံတကာသတင်းဂျာနယ်ပါ။

- ကမ္ဘာလှည့်ခရီးသွားများစိတ်ဝင်စားမည့် မြန်မာနိုင်ငံမှ ခရီးသွားနယ်မြေသစ်များ
- အမေရိကန်၊ ရုရှားနှင့် တရုတ်တို့၏ နျူကလီးယားတပ်ဖွဲ့များ
- ရေနံဈေးနှုန်းကျဆင်းမှုနှင့် ရုရှား၏ ဘတ်ဂျက်အကျပ်အတည်း
- အစ္စရေးနိုင်ငံရေးအကြောင်း တစေ့တစောင်း
- ဂျပန်နဲ့ တရုတ်လေသူရဲတွေ တစ်ပွဲတစ်လမ်းအကဲစမ်းကြတော့မှာလား
- အိန္ဒိယက ရထားလမ်းစီမံကိန်းတွင် ဒေါ်လာ သန်းထောင်ချီရင်းနှီးမြှုပ်နှံမည်
- အမေရိကန်ကို ကွက်ကျော်ရိုက်တော့မည့် တရုတ်
- စစ်ပွဲအနေအထားကို ပြောင်းလဲပစ်မည့် အနာဂတ်လက်နက်များ
- ရှေးဟောင်း အင်္ဂလိပ်ပင်လယ်ဓားပြ သမုဒ္ဒရာတစ်စင်း တည်ရှိခဲ့ပုံ

စသည့် နိုင်ငံတကာသတင်းသုံးသပ်ချက်ဆောင်းပါးများ စေ့စေ့ဆော့ဆော့ဖြင့် တနင်္လာနေ့တိုင်း ထွက်ရှိလာပြီ။

ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၂၈၃၁၊ ၂၉၄၇၂၇၊ ၀၁-၈၆၁၀၆၈၅

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၅ ပထမပွဲစဉ်(နေပြည်တော်)ကျင်းပမည်

**နေပြည်တော် မတ် ၂၁**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA) တို့မှကြီးမှူး၍ ရောဝတီဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲပထမပွဲစဉ်အား ၂၀၁၅ ခုနှစ် ဧပြီ ၂ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ Royal Myanmar Golf Club ၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး R&A (Rules Limited St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် ၂၀၁၅ ခုနှစ် မတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၂၅၀၁၆ ၈၂၈၅ ၇၃၁၃၀၄၇၄ နှင့် ပြိုင်ပွဲကျင်းပမည့် ရွှင်ရယ်မြန်မာဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအား ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက်Official Practice Round အား ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်နှင့် ဧပြီ ၁ ရက် နေ့တစ်ဝက်ခွင့်ပြုထားမည်ဖြစ်သည်။ သွားလာရေး အဆင်ပြေစေရန်အတွက် ရန်ကုန်မြို့မှ နေပြည်တော်သို့ မတ် ၃၀ ရက်တွင် ကားစီစဉ်ထားရှိ ပေးမည်ဖြစ်ပြီး လိုက်ပါလိုသော ပြိုင်ပွဲဝင်များသည် ရန်ကုန်မြို့ ကျောက်ရေတွင်းရှိမြန်မာ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း (HAN EventManagement)သို့ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(ဖိုးသော်ဇင်)**

# ၂၀၁၅ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲများ စတင်ကျင်းပ

**ရန်ကုန် မတ် ၂၁**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ CEPSA က အဓိကကူညီပံ့ပိုးသော ၂၀၁၅ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲနှင့် CEPSA Junior Open Championships တင်းနစ်ပြိုင်ပွဲများကို မတ် ၂၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့မှ အမှုဆောင်များ၊ CEPSA မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ၃၀၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ၁၆ တွဲ၊ အမျိုးသမီးအလွတ်တန်း (Round Robin)ပြိုင်ပွဲတွင် ငါးဦး၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ (Mixed Double) ပြိုင်ပွဲတွင် ရှစ်တွဲ၊ အမျိုးသား (၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ခုနစ်ဦး၊ အမျိုးသား (၄၅)နှစ်နှင့် အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ အမျိုးသား(၅၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ၁၀ တွဲ၊ အမျိုးသား (၆၀)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှစ်တွဲတို့ ပါဝင်ယှဉ်ပြိုင် ကစားလျက်ရှိသည်။

၂၀၁၅ ခုနှစ် CEPSA Junior Open Championships တစ်ဦးချင်း မျိုးဆက်သစ်လူငယ်တင်းနစ်အားကစားသမား စုစုပေါင်း ၆၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ယခုပြိုင်ပွဲတွင် မျိုးဆက်သစ်လူငယ်တင်းနစ်အားကစားသမားများအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ နည်းပြများက အခြေခံတင်းနစ်အားကစားနည်းစနစ်များကို လက်တွေ့သင်ကြားပို့ချပြီး ပထမနေ့ပြိုင်ပွဲများကို စတင်ကျင်းပသည်။

ပြိုင်ပွဲများကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှစတင်၍ ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

□□

# မန်ယူ၏ စတုတ္ထနေရာကို ရယူရန် လီဗာပူးအသင့်ရှိနေဟု ဘရန်ဒန်ရော်ဂျာပြောကြား

မေလဲ့သင်း

လီဗာပူးအသင်းအနေဖြင့် ယခုသီတင်းပတ်တွင် မန်ယူအသင်းနှင့်ယှဉ်ပြိုင်ရမည့် ပရီမီယာလိဂ်ပွဲစဉ်၌ မန်ယူအား အနိုင်ယူကာ အမှတ်ပေးဇယား စတုတ္ထနေရာသို့ တက်လှမ်းရန် အသင့်ရှိနေပြီဟု လီဗာပူးနည်းပြ ဘရန်ဒန်ရော်ဂျာက ဆိုသည်။

လက်ရှိတွင် လီဗာပူးအသင်းသည် ပရီမီယာလိဂ်တွင် ရလဒ်အားဖြင့်ကောင်းမွန်နေပြီးနောက်ဆုံးကစားခဲ့သည့် ကိုးပွဲတွင် ရှစ်ပွဲအထိ အနိုင်ရရှိထားခဲ့ကာ ဘရန်ဒန်ရော်ဂျာအသုံးပြုနေသော ၃-၄-၃ ကစားကွက်မှာ အသင်းစုဖွဲ့မှုနှင့် အံဝင်နေပြီး ရလဒ်ပိုင်းပါကောင်းမွန်နေသည်။

သို့သော်မန်ယူနည်းပြ ဗန်ဟားလ်ကလည်း မန်ယူကစားသမားများအနေဖြင့် အစဉ်အလာပြိုင်ဘက် လီဗာပူးအား အနိုင်ကစားကာ အမှတ်ပေးဇယား ထိပ်ဆုံးလေးနေရာကို ဆက်လက်ထိန်းထားမည်ဟု တုံ့ပြန်ပြောကြားခဲ့သည်။

အကယ်၍ မန်ယူအနေဖြင့် လီဗာပူးအား အန်ဖီးကွင်းတွင် အရေးနိမ့်ခဲ့ပါက ရာသီကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာစာကို လက်လွှတ်ရရန်ရှိနေရာ မန်ယူ၏ လက်ရှိအသုံးပြုနေသော ၃-၅-၂ ကစားကွက်အစား တိုက်စစ်ပိုမိုလွတ်လပ်မှုရှိသည့် ၄-၄-၂ ကစားကွက်ကို ယခုပွဲတွင် ပြောင်းလဲအသုံးပြုနိုင်သည်ဟု ခန့်မှန်းဖော်ပြနေကြသည်။ ထို့ပြင် လီဗာပူးသည် နောက်တန်းတွင် သုံးယောက်သာထား၍ကစားနေပြီး ကွင်းလယ်ကစားသမားနှစ်ဦးကခံစစ်ကို ဆင်းကူသောပုံစံဖြင့် ကျင့်သုံးနေရာ မန်ယူအနေဖြင့် ၃-၅-၂ ကစားကွက်ကို ဆက်လက်အသုံးပြုလျှင်လည်း လီဗာပူး၏ နောက်တန်းသုံးယောက်အသုံးပြုနေသော ကစားကွက်ကြောင့် နေရာလွတ်များ ပိုမိုရရှိလာနိုင်သည်။

**မတ် ၂၂/၂၃ ရက်နေ့ ယှဉ်ပြိုင် ပွဲစဉ်များ**

**ပရီမီယာလိဂ်**

| | | | |
|---|---|---|---|
| လီဗာပူး | - | မန်ယူ | ည-၈း၀၀ |
| ဟားလ်စီးတီး | - | ချယ်လ်ဆီး | ည-၁၀း၃၀ |
| ကျူပီအာ | - | အဲဗာတန် | ည-၁၀း၃၀ |

**စပိန်လာလီဂါ**

| | | | |
|---|---|---|---|
| ဒီပို့တီဗို | - | အက်စ်ပန်ညော | ည-၅း၃၀ |
| ဗီလာရီးယဲလ် | - | ဆီဗီလာ | ည-၁၀း၃၀ |
| ဆိုစီဒက် | - | ကော်ဒိုဘာ | ည-၁၂း၀၀ |
| ဘာစီလိုနာ | - | ရီးယဲလ်မက်ဒရစ် | နံနက်-၂း၃၀ |

**စီးရီးအေ**

| | | | |
|---|---|---|---|
| အမ်ပိုလီ | - | ဆာစူအိုလို | ညနေ-၆း၀၀ |
| ဂျူဗင်တပ် | - | ဂျီနိုအာ | ည-၈း၃၀ |
| နာပိုလီ | - | အတ္တလန္တာ | နံနက်-၂း၁၅ |
| အူဒီးနီးစ် | - | ဖီယိုရင်တီးနား | နံနက်-၂း၁၅ |
| လာဇီယို | - | ဗီရိုနာ | နံနက်-၂း၁၅ |
| ဆမ်ဒိုးရီးယား | - | အင်တာမီလန် | နံနက်-၂း၁၅ |
| ဆီစီနာ | - | ရိုးမား | နံနက်-၂း၁၅ |
| ပါးမား | - | တိုရီနာ | နံနက်-၂း၁၅ |

**မောင်မောင်ဇော်**

# ပေါ့ဘာအား ချယ်လ်ဆီးကအလိုမရှိပါဟု မော်ရင်ဟိုဆို

ချယ်လ်ဆီးမန်နေဂျာ မော်ရင်ဟိုက ဂျူဗင်တပ်ကွင်းလယ်ကစားသမားပေါ့ဘာအား အလိုရှိနေသည်ဆိုသော သတင်းများကို ငြင်းဆန်ခဲ့ပြီး“ကျွန်တော်သူ့အကြောင်းကို သေချာမသိပါဘူး”ဟု ဆိုခဲ့သည်။အဆိုပါ အသက် (၂၁) နှစ်အရွယ်ရှိပြင်သစ်ကွင်းလယ်ကစားသမားကို မန်ယူနှင့် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန် အကြိမ်ကြိမ်ဆက်သွယ်ခဲ့ကာ ၎င်းအတွက် အနည်းဆုံးယူရို သန်း ၁၀၀အထက်ကုန်ကျမည်ဟု သတင်းများက ဖော်ပြကြသည်။ယခုအခါ ချယ်လ်ဆီးကလည်း ပေါ့ဘာအားခေါ်ယူရန်ကြိုးပမ်းလာသည်ဟူသောသတင်းများထွက်ပေါ်ခဲ့ရာ မော်ရင်ဟိုက “ကျွန်တော့်အနေနဲ့ ပေါ့ဘာ ဒါမှမဟုတ် အခြားကစားသမားတွေရဲ့ အကြောင်းကို မသိပါဘူး။ ကျွန်တော် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်၊ ရာမီရက်စ်၊ဂူဘန်နှင့်မီခေးလ်အပြင် မောတစ်တို့အကြောင်းပဲ ခင်ဗျားတို့ကို ပြောပြနိုင်မှာပါ။ ပြီးတော့ သူတို့တွေကကွင်းလယ်မှာစုဖွဲ့မှုကောင်းကောင်းနဲ့ကစားနိုင်ကြတယ်”ဟု ဆိုသည်။

လက်ရှိတွင်ပေါ့ဘာမှာ ချန်ပီယံလိဂ် ၁၆သင်းအဆင့်ရှုံးထွက်ပွဲစဉ်တွင် ရရှိခဲ့သော တံကောက်ကြောဒဏ်ရာကြောင့် မေလလယ်လောက်အထိ အနားယူရမည်ဖြစ်သဖြင့်ဧပြီလအတွင်းကစားမည့် ဂျူဗင်တပ်၏စီးရီးအေချန်ပီယံဘွဲ့ကာကွယ်ရန်အရေးကြီးပွဲစဉ်များနှင့်ချန်ပီယံလိဂ်ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

ယင်းကစားသမားများမှာ စီးရီးအေတွင် ၁၄ မှတ်အသာဖြင့်ဦးဆောင်ထားနိုင်သည့်ဂျူဗင်တပ်၏ အဓိက အစိတ်အပိုင်းအဖြစ်ပါဝင်ခဲ့ပြီး မကြာမီသီတင်းပတ်များအတွင်းမှာပင် စကူဒက်တိုဖလားကို သိမ်းပိုက်ခွင့်ရရန် သေချာသလောက်ရှိနေသည်။ သို့သော် ချယ်လ်ဆီးမှာလည်း ကွင်းလယ်အင်အားတောင့်တင်းနေပြီး ကွင်းလယ်ကစားသမား ခေါ်ယူရန် မလိုအပ်ပေ။

# ချန်ပီယံလိဂ်ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက် နွေရာသီကာလတွင် ပြောင်းရွှေ့ကြေးများစွာ သုံးစွဲရန် အာဆင်နယ်ပြင်ဆင်

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ညက ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ် ရှုံးထွက်အဆင့်ပွဲစဉ်တွင် ပြင်သစ်ကလပ် မိုနာကိုအသင်းအား နှစ်ကျော့ပေါင်းရလဒ် (၃-၃) အဝေးဂိုးရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ပြီးနောက် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ် များစွာခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ အာဆင်နယ်အသင်းမှာ လာမည့်နွေရာသီအတွက် ကစားသမားအများအပြားကို ခေါ်ယူရန် ပစ်မှတ်ထားနေပြီး အနည်းဆုံးအရည်အသွေးမြင့် ကစားသမားနှစ်ဦးခန့်ကို အသင်းသို့ အရောက်ခေါ်ယူသွားဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ Mirror က ဖော်ပြခဲ့သည်။ အာဆင်နယ်နည်းပြဖြစ်သူ အာစင်ဝင်းဂါးအနေဖြင့် လာမည့် ဘောလုံးရာသီမစတင်မီကာလတွင် အသင်း၏ ကာလရှည် ပစ်မှတ်ကစားသမားဖြစ်သည့် PSG တိုက်စစ်မှူး ကာဗာနီအား မဖြစ်မနေခေါ်ယူရန် ကြိုးပမ်းသွားရန် စီစဉ်နေပြီး အင်တာမီလန်ကွင်းလယ်လူ ကိုဗာဆစ်အပြင် ထိပ်တန်းအဆင့် ကစားသမားများကိုပါ ထပ်မံအားဖြည့်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း ဗြိတိန်အားကစားဝက်ဘ်ဆိုက် BBC ကဖော်ပြခဲ့သည်။

ထို့ကြောင့် အာဆင်နယ်အသင်းမှာ ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် စံချိန်တင် ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ ခန့်သုံးစွဲသွားဖွယ်ရှိနေပြီး အသင်းမှကစားသမား အချို့ကိုလည်း ပြန်လည်ရောင်းထုတ်သွားရန် စီစဉ်နေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ **[ကိုရဲ]**

# ယီမင်၌ ဘာသာရေးအဆောက်အအုံနှစ်ခုကို ဗုံးခွဲတိုက်ခိုက်၊ အနည်းဆုံး ၁၃၇ ဦးသေဆုံး



**ဆာနား(ယီမင်) မတ် ၂၁**

ယီမင်နိုင်ငံ မြို့တော်ဆာနား၌ ဘာသာရေးအဆောက်အအုံနှစ်ခု အသေခံဗုံးခွဲတိုက်ခိုက်ခြင်းခံရပြီး အနည်းဆုံးလူ ၁၃၇ ဦးသေဆုံးခဲ့ရာတွင်အစ္စလာမ္မစ်နိုင်ငံ (အိုင်အက်စ်) က ၎င်း၏စစ်သွေးကြွများ လုပ်ဆောင်ချက်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

ဆွန်နီအုပ်စု အိုင်အက်စ်က ယီမင်နိုင်ငံ၌ နိုဝင်ဘာလတွင် ဌာနခွဲတစ်ခုတည်ထောင်ပြီးသည့် နောက်ပိုင်း ပထမဆုံးအကြိမ် ထုတ်ပြန်ကြေညာသော တိုက်ခိုက်မှုဖြစ်သည်။

အဆိုပါဘာသာရေးအဆောက်အအုံများကို အများအားဖြင့် ဆာနားမြို့အား ထိန်းချုပ်ထားသည့် ဇိုင်ဒီရှီးယိုက်ဦးဆောင်သော ဟူသီသူပုန်အဖွဲ့ကိုထောက်ခံသူများ အသုံးပြုကြသည်။

ယီမင်နိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုမှာ နှစ်နှင့်ချီ၍ ကြာမြင့်လျက်ရှိပြီး ပြည်နယ် ၂၁ ခုရှိသည့်အနက် ကိုးခုကို ဟူသီသူပုန်များက ထိန်းချုပ်ထားသည်။

နိုင်ငံတကာက အသိအမှတ်ပြုသော သမ္မတ အဘက်ရက်ဘိုမန်ဆို အာဟာဒီသည် နိုင်ငံတောင်ပိုင်း အေဒင်မြို့သို့ ထွက်ပြေးသွားခဲ့သည်။

မြို့တော်မြောက်ပိုင်းရှိ အဲလ်ဒဟာရှတ်နှင့် တောင်ပိုင်းရှိ ဘာဒါဘာသာရေးအဆောက်အအုံတို့ကို သောကြာနေ့တွင် ဝတ်ပြုသူများ စုဝေးရောက်ရှိနေစဉ် အသေခံဗုံးခွဲသမားလေးဦးက တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ဘာဒါဘာသာရေးအဆောက်အအုံ၏ ဗဟိုဝင်ပေါက်အနီးတွင် ဗုံးခွဲသူတစ်ဦးကို လူအများက ဖမ်းမိချိန် အခြားဗုံးခွဲသမားတစ်ဦးက အဆောက်အအုံအတွင်းသို့ ဝင်ရောက်ပြီး ၎င်း၏ဗုံးများကို ဖောက်ခွဲခဲ့သည်။

အဲလ်ဒဟာရှတ် ဘာသာရေးအဆောက်အအုံကို ဗုံးခွဲသူနှစ်ဦးက တိုက်ခိုက်ကြရာ တစ်ဦးက ဝင်ပေါက်အနီးဖောက်ခွဲ၍ ကျန်တစ်ဦးက ဘာသာရေးအဆောက်အအုံအတွင်း ဖောက်ခွဲခဲ့သည်။

အဲလ်ဒမာစီရာ၏ ရုပ်မြင်သံကြားက အဲလ်ဒဟာရှတ်ဘာသာရေးအဆောက်အအုံ၌ သွေးစွန်းသော စောင်များဖြင့် ဒဏ်ရာရသူများကို သယ်ဆောင်သွားပုံ၊ ခန်းမအတွင်း၌ သေဆုံးသော ဝတ်ပြုသူတို့အလောင်းများ တန်းစီထားပုံတို့ကို ထုတ်လွှင့်ပြသခဲ့သည်။

ဆေးရုံတာဝန်ရှိသူများက ဒဏ်ရာရရှိသူ ၃၀၀ ခန့်ရှိကြောင်း ထုတ်ပြန်ကြေညာ၍ သွေးများလှူဒါန်းကြရန် မေတ္တာရပ်ခံလျက်ရှိသည်။

မြို့တော်မြောက်ပိုင်းရှိ ဘာသာရေးအဆောက်အအုံ တစ်ခုကိုလည်း အသေခံတိုက်ခိုက်ရာ တိုက်ခိုက်သူတစ်ဦး သေဆုံးသွားခဲ့သည်။

တွစ်တာ၌ ထုတ်ပြန်ထားသော အိုင်အက်စ်တို့၏ ကြေညာချက်တွင် ထပ်မံတိုက်ခိုက်ဦးမည်ဟု ဖော်ပြထားသည်။

**ဘီဘီစီ။**



# ဥတ္တာပရာဒေ့ရှ်ပြည်နယ်၌ ရထားတွဲလမ်းချော် ၃၄ ဦး သေဆုံး၊ ၁၅၀ ခန့် ဒဏ်ရာရ

**နယူးဒေလီ မတ် ၂၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ် ရေဘရီလီခရိုင်တွင် မတ် ၂၀ ရက်က ဂျန်တာအမြန်ရထားလိုင်းမှ အမြန်ရထားတစ်စင်း၏ ရထားတွဲနှစ်တွဲ လမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားရာ လူ ၃၄ ဦးထက်မနည်း သေဆုံးပြီး ၁၅၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ရထားလုပ်ငန်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန် အရေးကြီးပုံကို ဖော်ပြသည့် ဖြစ်ရပ်ဖြစ်ကြောင်း ယနေ့ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ် မြို့တော်လပ်ခနောင်းရှိဆေးရုံများတွင် အပြင်းအထန်ဒဏ်ရာရရှိသူ ၆၀ နီးပါးမှာ ဆေးဝါးကုသမှုခံယူနေကြပြီး သေဆုံးသူအရေအတွက် တိုးလာဖွယ်ရှိကြောင်း အိန္ဒိယရထားလုပ်ငန်းတာဝန်ရှိသူများက ပြောကြားသည်။

ထိုစဉ်အတွင်း အိန္ဒိယအစိုးရ ရထားလုပ်ငန်းဝန်ကြီးဌာနက ယင်းရထားတွဲ လမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် အမိန့်ထုတ်ပြန်လိုက်သည်။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် စတုတ္ထအကြီးဆုံးရထားလမ်းကွန်ရက်ဆက်သွယ်မှုရှိသော နိုင်ငံဖြစ်သည်။ လူစီးရထားအစင်းရေ ၁၂၀၀၀ ခန့် ခုတ်မောင်းပြေးဆွဲနေကာ နေ့စဉ်လူဦးရေ ၂၃ သန်းခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ယမန်နှစ်အတွင်းက အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် မီးရထား မတော်တဆဖြစ်ရပ် အတော်များများ ဖြစ်ပွားခဲ့ပြီး ရာပေါင်းများစွာသောလူများ အသက်ဆုံးရှုံးခဲ့ကြရသည်။

အိန္ဒိယ၏ သက်တမ်းရင့် ရထားကွန်ရက်ကို အဆင့်မြှင့်တင်ရေးအတွက် လာမည့်ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၇ ဘီလီယံ အကုန်အကျခံ ဆောင်ရွက်သွားမည်ဟု အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ယခင်လက ကတိပြုပြောကြားခဲ့သည်။

**ပီတီအိုင်။**

# ၃၉ နှစ်ကြာ အကျဉ်းကျခဲ့သူအား အပြစ်မရှိကြောင်းတွေ့ရှိသဖြင့် ဒေါ်လာ ၁ သန်း လျော်ကြေးပေးမည်

**အိုဟိုင်းယိုး မတ် ၂၀**

လူသတ်မှုဖြင့် ၃၉ နှစ်ကြာ အကျဉ်းကျခံရပြီးနောက် အပြစ်မရှိကြောင်းတွေ့ရှိသဖြင့် ယမန်နှစ်က ပြန်လည်လွတ်မြောက်လာခဲ့သူတစ်ဦးအား တရားရုံးက လျော်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ သန်းနီးပါး ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အသက် (၅၈) နှစ်အရွယ် ရစ်ကီဂျက်ဆင်သည် အမေရိကန်ထောင်၏ အကျဉ်းကျနှစ်ကြီးသမား တစ်ဦးဖြစ်သည်။

"လျော်ကြေးရမယ်ဆိုတာ သိရတော့ အရမ်းဝမ်းသာသွားတယ်" ဟုရစ်ကီဂျက်ဆင်က မီဒီယာများကို ပြောသည်။

၁၉၇၅ခုနှစ်တွင် အိုဟိုင်းယိုးပြည်နယ်မြို့တော်ကလီဗီးလန်းတွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအား လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး ဂျက်ဆင်နှင့် အခြားနှစ်ဦးကို တရားရုံးက သေဒဏ်ချမှတ်ခဲ့သည်။ ဂျက်ဆင်က အပြစ်မရှိကြောင်း ထွက်ဆိုခဲ့သော်လည်း တရားရုံးက အသက် (၁၃) နှစ်အရွယ်လူငယ်တစ်ဦး၏ သက်သေအဖြစ် ထွက်ဆိုချက်ကို သာအလေးထားပြီး ဂျက်ဆင်နှင့် အပေါင်းအပါနှစ်ဦးအား အမိန့်ချမှတ်ခဲ့သည်။

နှစ်အတော်ကြာသည့်အခါတွင် မျက်မြင်သက်သေအဖြစ် ထွက်ဆိုချက်ပေးသော အဆိုပါလူငယ်သည် မှုခင်းနှင့်ပတ်သက်ပြီး ဘာကိုမျှမျက်မြင်တွေ့ရှိခဲ့ခြင်း မရှိကြောင်းနှင့် တရားရုံးတွင် ထွက်ဆိုခဲ့သမျှသည် လိမ်လည်ထွက်ဆိုခြင်းသာ ဖြစ်ကြောင်း ဖွင့်ဟဝန်ခံခဲ့သည်။ ဂျက်ဆင်နှင့် ပတ်သက်သည့် ပြစ်မှုဆိုင်ရာ မည်သည့်အထောက်အထားမျှမတွေ့ရှိခဲ့ပေ။

၁၉၇၅ ခုနှစ်က မဟုတ်မမှန်ထွက်ဆိုခဲ့သည့် သက်သေအထောက်အထားများကြောင့် လူသတ်မှုဖြင့် စွပ်စွဲခြင်းခံထားရသည့် ဂျက်ဆင်နှင့် အပေါင်းပါနှစ်ဦးတို့ကို တရားသူကြီးက ယမန်နှစ် နိုဝင်ဘာလတွင် တရားသေလွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

အိုဟိုင်းယိုးပြည်နယ်တရားရုံးက ဂျက်ဆင်အား ဒေါ်လာ ၁ သန်းနီးပါး လျော်ကြေးငွေအဖြစ် ပေးအပ်လိမ့်မည်ဖြစ်သည်။ အခြားနှစ်ဦးတို့သည် ယခုထိတိုင် မည်သည့်လျော်ကြေးငွေမျှ မရရှိသေးကြောင်း သိရသည်။

**စကိုင်းနယူးစ်။**



# ဒေသဆိုင်ရာ ဘဏ်ထူထောင်ရေးနှင့် မြောက်ကိုရီးယားအရေး တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်ဆွေးနွေး

**ဆိုးလ် မတ် ၂၁**

တောင်ကိုရီးယား၊ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် သုံးနှစ်အတွင်းပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုကို မတ် ၂၁ ရက်က ပြုလုပ်ခဲ့ကြကြောင်း၊ ဒေသဆိုင်ရာနိုင်ငံများအတွင်း ဆက်ဆံရေး ပြန်လည်တိုးတက်ကောင်းမွန်ကာ သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲကို ပြန်လည်ကျင်းပသွားနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်းတောင်ကိုရီးယားသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နိုင်ငံခြားရေး ဝန်ကြီးများ၏ ဆွေးနွေးပွဲတွင် ဒေသဆိုင်ရာ ဘဏ်ထူထောင်ရေး၌ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်ကိုလည်း ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံက ဦးဆောင်သည့် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံရေးဘဏ်ဖွဲ့စည်းရာတွင် တောင်ကိုရီးယားနိုင်ငံ ပူးပေါင်းပါဝင်မည်ဟု မိမိမျှော်လင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ပြောကြားသည်။ ဂျပန်နိုင်ငံသည် အာရှတိုက်တွင် အရေးပါသော နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် မိမိတို့အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ကြကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါ ဘဏ်ထူထောင်မှုတွင် အမေရိကန်၏မဟာမိတ်ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ဩစတြေးလျနိုင်ငံနှင့်အတူ ပူးပေါင်းပါဝင်ခြင်း မရှိသေးပေ။ ယင်းကိစ္စနှင့်ပတ်သက်၍ သုံးသပ်လေ့လာနေဆဲဖြစ်ကြောင်း ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ပြောကြားကြသည်။

နိုင်ငံခြားရေးဝန်ကြီးများသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်။**

# ၂၀၃၀ခုနှစ်တွင် သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်ဖွယ်ရှိ

**ကုလသမဂ္ဂ မတ် ၂၁**

သောက်သုံးရေရရှိနိုင်စေရန် ကြိုတင်စီမံခန့်ခွဲမှုများဆောင်ရွက်ခြင်းမရှိပါက လာမည့်နှစ် အနည်းငယ်အတွင်း သောက်သုံးရေရှားပါးမှုပြဿနာနှင့်ကြုံတွေ့နိုင်ဖွယ်ရှိကြောင်း၊ ကမ္ဘာ့လူဦးရေအလျင်အမြန်တိုးပွားလာမှုနှင့် ရာသီဥတုပြောင်းလဲမှုများသည် သောက်သုံးရေရှားပါးမှု ပြဿနာဖြစ်ပေါ်စေသည့် အခြေခံအကြောင်းရင်းများဖြစ်ကြောင်း မတ် ၂၀ ရက်တွင် ထုတ်ပြန်သည့် ကမ္ဘာ့သောက်သုံးရေဖွံ့ဖြိုးရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အကယ်၍ပြည်သူများက ယခုလက်ရှိရေအသုံးပြုမှုပမာဏအတိုင်း ဆက်လက်သုံးစွဲနေမည်ဆိုလျှင် လာမည့် ၂၀၃၀ ခုနှစ်တွင် သောက်သုံးရေလိုအပ်ချက် ၄၀ ရာခိုင်နှုန်းခန့်ရှိလိမ့်မည်ဖြစ်ပြီး သောက်သုံးရေ လိုအပ်ချက်ပမာဏကိုကျော်လွန်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့သောက်သုံးရေဖွံ့ဖြိုးရေးအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ်တွင်ဖော်ပြထားသည်။

ယခုအချိန်တွင် ကမ္ဘာ့လူဦးရေသည် ၇ ဒသမ ၃ ဘီလီယံကျော်ရှိပြီး နှစ်စဉ် သန်း ၈၀ကျော် တိုးပွားလျက်ရှိသည်။ ထိုသို့လူဦးရေတိုးတက်မှုသည် သောက်သုံးရေရှားပါးမှု၏အဓိကအကြောင်းရင်းခံဖြစ်ကြောင်းနှင့် ကမ္ဘာ့လူဦးရေမှာ လာမည့် ၂၀၅၀ ခုနှစ်တွင် ၉ ဒသမ ၁ သန်း အထိတိုးပွားလာမည်ဟု ခန့်မှန်းထားကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

**အေဘီစီနယူးစ်။**

ပြည်တွင်းရေးရာ

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ အားကစားပစ္စည်းများ ပေးအပ်

**နေပြည်တော် မတ် ၂၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးသည် မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် ဇေယျာသီရိမြို့နယ် ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ နားနေဆောင်၌ ကျောင်းသားကျောင်းသူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ အားကစားပစ္စည်းများ လှူဒါန်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အားကစားပစ္စည်း အမျိုးအစားကိုးမျိုး၊ အရေအတွက်အားဖြင့် ၃၉ ခုကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်အားကစားကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။



ကျောင်းသား ကျောင်းသူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးရေး လေ့ကျင့်နေကြစဉ်။

ထို့နောက် ဒုတိယဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသည့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ကျောင်းသားကျောင်းသူများက အားကစားပစ္စည်းများအား လက်တွေ့သရုပ်ပြကစားကြသည်။

ယင်းနောက်မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းဖြည့်စွက်ခွင့်ပြုငွေဖြင့် ဆောက်လုပ်လျက်ရှိသည့်ကျောင်းသားကျောင်းသူ ၂၀၀ ဆံ့ အခန်း ၅၆ ခန်းပါ RC နှစ်ထပ်၊ အိပ်ဆောင် သုံးလုံး ဆောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးစံချိန်စံညွှန်းနှင့် အညီဖြစ်စေရန်၊ လုပ်ငန်းအဆင့်တိုင်းတွင် စစ်ဆေးမှုမှတ်တမ်းထားရှိရန်နှင့် သတ်မှတ်အချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရန် လျာထားသည့် ကျောင်းသားကျောင်းသူများ ထမင်းစားဆောင်သုံးလုံး၊ ဗဟိုထမင်းချက်ဆောင်တစ်လုံး၊ နှစ်ထပ်စာသင်ဆောင်တစ်လုံး၊ နှစ်ထပ် E-Library တစ်လုံး ဆောက်လုပ်ရန် လျာထားသည့်မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းတွင် ဒုတိယ ပါမောက္ခချုပ်(သင်ကြား)၊ ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏သင်ကြားရေးနှင့်အုပ်ချုပ်မှုဆိုင်ရာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ခင်ဦးမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ SKY NET နှင့် TV များထောက်ပံ့ပေးအပ်

**ခင်ဦး မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေးအစီအစဉ် ကျေးရွာစာကြည့်တိုက်များသို့ SKY NET နှင့် TV များထောက်ပံ့ပေးအပ်ပွဲကို မတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် SKY NET များကို မဒေါင်းလှကျေးရွာ၊ ဆီဆုံလေးကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ တမာကျေးရွာ၊ မြို့သစ်ကျေးရွာ၊ ရှားတောကျေးရွာ၊ ပေါင်းလှဲကုန်းကျေးရွာတို့ရှိစာကြည့်တိုက်များသို့ လည်းကောင်း၊ ၃၂ လက်မ LED SAMSUNG TV များကို ကုန်းကြီးကျေးရွာ၊ လက်ပံလှကျေးရွာ၊ မူးသာကျေးရွာ၊ ကျွန်းလည်ကျေးရွာ၊ ကံသာယာ(မ)ရွာ၊ မဒေါင်းကြီးကျေးရွာ၊ ရွှေကာကျေးရွာတို့ရှိ စာကြည့်တိုက်များသို့လည်းကောင်း ထောက်ပံ့ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံကြကြောင်းသိရသည်။ **ခင်ဦးစိုးဝေ**

# အမြန်လမ်းမြေအဖြစ်ပါဝင်သွားသည့် တောင်သူများ၏ မြေများအတွက် လျော်ကြေးပေးအပ်

**ပဲခူး မတ် ၁၉**

ရန်ကုန်-မန္တလေးအမြန်လမ်းဖောက်လုပ်ရာတွင်အမြန်လမ်းမြေအဖြစ်ပါဝင်သွားသည့် တောင်သူများ၏ မြေများအတွက် လျော်ကြေးပေးအပ်ပွဲကို မတ် ၁၈ ရက်က ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ပြုလုပ်သည်။

အဆိုပါလျော်ကြေးပေးအပ်ပွဲသို့ ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ်အုပ်ချုပ် ရေးမှူးဦးခင်သိန်းမောင်နှင့် ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ရန်ကုန်-မန္တလေးအမြန်လမ်း ဖောက်လုပ်ရာတွင် အမြန်လမ်းမြေအဖြစ်ပါဝင်သွားသည့် စစ်ပင်ဆိပ်၊ လှော်ကား၊ ဘောနက်ကြီးကျေးရွာမှ တောင်သူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်သိန်းမောင်နှင့် တာဝန်ရှိသူများက ရန်ကုန်-မန္တလေးအမြန်လမ်းဖောက်လုပ်ရာတွင် အမြန်လမ်းမြေအဖြစ် ပါဝင်သွားသည့် လယ်/ကိုင်း/ဥယျာဉ်ခြံမြေ ၁၇၃ ဒသမ ၆၄ ဧကအတွက် လျော်ကြေးငွေ ကျပ် ၁၉၄ ဒသမ ၆၀၆ သန်းအားတောင်သူများထံ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ **(၀၇၅)**



ဖတ်စရာ

# လမ်းဘေးက ပရဟိတစာပေရေချမ်းစင်လေး

à အေးသန်း(စိန်တုံးကြီး)

တစ်နေ့ စာရေးသူရုံးကိစ္စဖြင့် သွားလာရင်းက ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် (၄၆)လမ်းထိပ်တွင်ရှိသော "ဂျိုကာစာအုပ်ဆိုင်"လေး (သို့မဟုတ်) "လမ်းဘေးကပရဟိတစာပေရေချမ်းစင်လေး"သို့ မျက်စိရောက်သွားမိသည်။ နေ့တိုင်းဒီလမ်းလေးကို ဖြတ်လျှောက်သွားလာနေသော်လည်း ဒီဆိုင်လေးကို သတိမထားမိ၊ အာရုံမရောက်မိခဲ့၊ မမျှော်လင့်ဘဲ ထိုဆိုင်လေးမှာထိုင်ပြီး စာဖတ်နေတဲ့မိတ်ဆွေ တစ်ယောက်က လှမ်းခေါ်လိုက်တာကြောင့် မိတ်ဆွေနှင့်အတူ ဝင်ထိုင်မိခဲ့ပါသည်။ သူငယ်ချင်းမိတ်ဆွေက ထိုဆိုင်လေးမှာ နေ့စဉ်စာလာဖတ်ဖြစ်ကြောင်း၊ သတင်းအစုံဖတ်နေရ၍ ဆိုင်ရှင်တို့ကို ကျေးဇူးတင်နေကြောင်း၊ စာလာဖတ်သူတွေကိုလည်း အခမဲ့စာဖတ်ခွင့်ပေးထားသဖြင့် နေ့စဉ် ဒီဆိုင်လေးက လူစည်ကားပြီး ဝယ်သူများနှင့် စာထိုင်ဖတ်သူများ ပြည့်နေကြောင်း ပြောပြခဲ့သည်။ သူငယ်ချင်းမိတ်ဆွေ၏ ပြောပြချက်ကြောင့် မိမိလည်း စိတ်ဝင်စားလာပြီး ဒီလိုစာပေရေချမ်းစင်လေးဖြစ်ပေါ်လာပုံကို သိရှိလို၍ စာအုပ်ဆိုင်ပိုင်ရှင် ကိုမောင်မူ အပြင်သွားနေသဖြင့် ဇနီးဖြစ်သူ မသန်းမြနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ . .

> အခမဲ့စာဖတ်ခွင့် ပေးထားသဖြင့်
> နေ့စဉ် ဒီဆိုင်လေးက . . .

"ကျွန်မတို့ ဒီဆိုင်လေးကို ၂၀၀၄ ခုနှစ်လောက်ကတည်းက ဖွင့်ခဲ့တာပါ၊ စဖွင့်ခါစတော့ ဒီလောက်မများ သေးဘူးပေါ့။ တဖြည်းဖြည်းနဲ့ ဝယ်သူအင်အား၊ စာဖတ်သူအင်အားကိုကြည့်ပြီး တိုးချဲ့လာခဲ့တာပါ။ အစကတော့ သတင်းစာကိုယ်စားလှယ်လုပ်တာပါ။ နောက်မှ ဂျာနယ်တိုက်တွေကပို့လာတဲ့ ဂျာနယ်လေးတွေနည်းနည်းပါးပါးတင်လာရင်းက အဝယ်လိုက်တဲ့အပေါ် မူတည်ပြီး တစ်ပတ်ကိုသတင်းစာ၊ ဂျာနယ်မျိုးစုံ ၂၀၀ ကျော်လောက် လက်လီလက်ကားဖြန့်ပေးနေတာပါ။ နေ့စဉ်ဝင်ငွေရရှိပေမယ့်အမြတ်ဘယ်လောက်ကျန်တယ်ဆိုတာကို တွက်လို့မရပါဘူး၊ နေ့တိုင်း ငွေဝင်နေပေမယ့် နေ့တိုင်း သတင်းစာတိုက်၊ ဂျာနယ်တိုက်တွေကို ငွေပြန်သွင်းနေရလို့ အမြတ်ကို ခန့်မှန်းရခက်ပါတယ်။ နေ့စဉ် မိသားစုစားစရိတ်၊သုံးစရိတ်၊ ကလေးတွေကျောင်းစရိတ်တွေအတွက် စိတ်မပူပင်ရတာတွေနဲ့ နှစ်ဖက်မိဘတွေကို ဒီလုပ်ငန်းကရတဲ့ ငွေနဲ့ပဲ ပြန်ကျေးဇူးဆပ်နေရတာဟာ ကျွန်မတို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အမြတ်တွေပါပဲ"ဟု မသန်းမြက ရှင်းပြသည်။

ဂျိုကာစာပေရေချမ်းစင်လေးသည် ၎င်းတို့ဆိုင်ကို နေ့တိုင်းလာရောက်အားပေးဝယ်ယူကြည့်ရှုသူတိုင်း၊ စာဖတ် သူတိုင်းအတွက် အမြတ်နည်းနည်း၊ စောင်ရေများများ ထွက်အောင် ဈေးလျှော့ရောင်းပေးပြီး မိမိတို့ဆိုင်သို့ လာရောက်သူတိုင်း ဘယ်သူမဆို ကြိုက်သည့်သတင်းစာ၊ဂျာနယ်တွေကိုအခမဲ့ စိတ်ကြိုက်ဖတ်လို့ရအောင်လည်း စီစဉ်ပေးထားသည်ကို တွေ့ရသည်။ ဤစာပေရေချမ်းစင်လေးတွင် စိတ်ကြိုက်အချိန်ပေးပြီး အေးအေးချမ်းချမ်းဖြင့်မိမိတို့ ဖတ်လိုရာ သတင်းစာမျိုးစုံ၊ ဂျာနယ်မျိုးစုံတို့ကို စိတ်ကြိုက်အခမဲ့ထိုင်ဖတ်နိုင်အောင် စေတနာဒါနဖြင့် ပလတ်စတစ်ထိုင်ခုံ ပုလေး ၂၀ နီးပါးခန့် စီစဉ်ထားပေးသဖြင့် စာဖတ်သူတို့သတင်းဦး၊ သတင်းထူးများကို အချိန်နှင့်တစ်ပြေးညီ သိလိုက်၊ ဖတ်လိုက်ရသဖြင့် "စာအုပ်စာပေလူ့မိတ်ဆွေ" ဆိုသည့် စကားနှင့်အညီ စာဖတ်သူအချင်းချင်း အသိချင်းဖလှယ်ကာ ဗဟုသုတတိုးပွားခြင်း၊ တစ်ဦးနှင့်တစ်ဦးခင်မင်ရင်းနှီးခြင်း၊ မိတ်ဆွေအပေါင်းအသင်းဖြစ်ရခြင်းစသည့်အကျိုးကျေးဇူးများရရှိခံစားကြရမည်ဖြစ်ပေသည်။

သို့ပါ၍ နံနက်မိုးလင်းသည်မှ မွန်းလွဲတိုင်အောင် ဝယ်သူမစဲ၊ ဖတ်သူမနည်းသည့် ၄၆ လမ်းထိပ်မှ ဂျိုကာ ပရဟိတစာပေရေချမ်းစင်လေးဆီသို့ မရောက်ဖူးသေးသူများ၊ ရောက်ဖူးအောင်သွားကြပြီး မဖတ်ဖူးသေးသူများလည်း စိတ်ကြိုက်အခမဲ့ ဖတ်ရှုနိုင်ပါကြောင်း တစေ့တစောင်းစေတနာကောင်းဖြင့် ရေးသားလိုက်ရပါတော့သည်။ ။

## ရန်ကုန်-မန္တလေးကားလမ်းမကြီးအား လမ်းပိုင်းအလိုက် ချဲ့ထွင်ဖောက်လုပ်လျက်ရှိ

ရေတာရှည် မတ် ၂၁

မြန်မာနိုင်ငံတွင် ကုန်စည်စီးဆင်းမှုအများဆုံးနှင့် ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ်မျိုးစုံ အများဆုံးအသုံးပြုလျက်ရှိသော ရန်ကုန်-မန္တလေးကားလမ်းပိုင်းအား ကုမ္ပဏီအလိုက်လမ်းချဲ့ထွင်ဖောက်လုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။ နေ့စဉ်အစုံအဆန် ပြေးဆွဲနေသည့် ကုန်တင်ယာဉ်၊ ကိုယ်ပိုင်ယာဉ်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ မြင်းလှည်း၊ စက်ဘီးနှင့်အခြားသော အနှေးယာဉ်များ အသုံးပြုမှုမှာပိုမိုများပြားလျက်ရှိကာ ယာဉ်မတော်တဆမှုများလည်း ယခင်ကထက်များပြားလာသည်ကို တွေ့ရှိရသည်။ အဓိကအားဖြင့် လမ်းပိုင်းအချိုးအကွေ့များတွင်အချိုးညီစွာ လမ်းပိုင်းကို ချဲ့ထွင်ခြင်းဖြင့် ယာဉ်များအတွက် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့ အသုံးပြုနေတဲ့ ယာဉ်အချိုးအစားနဲ့ လမ်းအကျယ်က မမျှဘူးဖြစ်နေတာ ကျပ်တာပေါ့ဗျာ။ ခုလိုပူပြင်းတဲ့ရာသီဆိုရင် ကုန်တင်ယာဉ်ကြီးတွေက နေ့ဘက်မှာနားပြီးညပိုင်းမှာ စုပြီးထွက်တော့ အတော့်ကို သတိနဲ့မောင်းကြရတာ။ ခုလို လမ်းပိုင်းတွေချဲ့တော့ကောင်းတာပေ့ါ။ ယာဉ်အန္တရာယ်လည်းအများကြီးကျဆင်းသွားနိုင်ပါတယ်"ဟု ခရီးဝေးကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောပြသည်။

ကိုလွင်(ဆွာ)






နိုင်ငံတကာသုံးသပ်ချက်

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့ လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိပ်များကို ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)*

# တစ်ပတ်အတွင်း ထူးခြားသတင်းပုံရိပ်များ

ကိုရင်ညို



**ဆင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်နေရာကို တွေ့ရစဉ်။**

## ယူရေးရှားဒေသ

**ခရိုင်းမီးယားအောင်ပွဲ ပူတင် ဆင်နွှဲ**

ခရိုင်းမီးယားကျွန်းဆွယ်ဒေသကို ရုရှားနယ်မြေအတွင်း သွတ်သွင်းခဲ့မှု နှစ်ပတ်လည်နေ့အထိမ်းအမှတ် လူထု ထောက်ခံပွဲကြီးတစ်ပွဲကို မတ် ၁၈ ရက်က မြို့တော် မော်စကိုရှိ ရင်ပြင်နီတွင်ကျင်းပသည့် သတင်းမှာ သမ္မတဗလာဒီမာပူတင်အား ပြည်သူများက ထောက်ခံမှုအားကောင်းနေပုံကို ဖော်ကျူးနေသည်ဟု ကျွန်ုပ်ရှုမြင်မိလေသည်။

အနောက်အုပ်စုနိုင်ငံများ၏ စီးပွားရေးဒဏ်ခတ်မှုများနှင့် ရေနံဈေးနှုန်းကျဆင်းလာမှုတို့ကြောင့် ရုရှားနိုင်ငံ၏ စီးပွားရေးကျဆင်းမည့် အရိပ်အယောင်ယှက်သန်းနေချိန်ဖြစ်လင့်ကစား ပြည်တွင်း၌ သမ္မတပူတင်၏ ရပ်တည်ချက် ပိုမိုခိုင်မာလာသည်ကို တွေ့မြင်ရ၏။

ဧရိယာ ၁၀၁၃၆ စတုရန်းမိုင်ကျယ်ဝန်းသည့် ခရိုင်းမီးယားကျွန်းဆွယ်သည် ဆိုဗီယက်ပြည်ထောင်စုမှ လွတ်လပ်ရေးရရှိသည့် ၁၉၉၁ ခုနှစ်မှစ၍ ယူကရိန်းပိုင်နက်အတွင်း ရှိနေခဲ့ရာမှ ၂၀၁၄ ခုနှစ် မတ် ၁၈ ရက်တွင် ရုရှားလက်သို့ လွှဲပြောင်းရောက်ရှိခဲ့သည်။ သေနတ်သမားများကအစိုးရအဆောက်အအုံများကို လွှဲပြောင်းရယူခဲ့ ပြီး ရက်သတ္တပတ်အတန်ကြာမျှ တင်းမာမှုများဖြစ်ပွားခဲ့ပြီးနောက် လူထုဆန္ဒခံယူပွဲကျင်းပခဲ့ရာတွင် မဲဆန္ဒရှင်ပြည်သူများက ယူကရိန်းနှင့်ခွဲ၍ ရုရှားနှင့်တွဲရန် တစ်ခဲနက်ကောက်ခဲ့ကြသည်။

ခရိုင်းမီးယားနှင့် ရုရှားခေါင်းဆောင်များ ရရှိခဲ့ကြသော စာချုပ်ကို ရုရှားဖက်ဒရေးရှင်းလွှတ်တော်က မတ် ၂၁ ရက်တွင် အတည်ပြုခဲ့သည်။

ခရိုင်းမီးယားဒေသအား ရုရှားပိုင်နယ်မြေနှင့်ချိတ်ဆက်လိုက်ခြင်းနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများက ရှုတ်ချခဲ့ကြပြီး ဥပဒေဘောင်ကျော်သော ပိုင်နက်နယ်မြေသွတ်သွင်းမှုအဖြစ် ယနေ့တိုင် ဝေဖန်နေကြဆဲ၊ အပြစ်တင်ပြောကြားနေကြဆဲဖြစ်လေသည်။

ခရိုင်းမီးယားဒေသနှင့် ဆီဗက်ခတိုဗိုလ်တို့ ပြန်လည်ပေါင်းစည်းကြခြင်းသည် ညီညွတ်မှု၏ ပြယုဂ်ဖြစ်သည်ဟု လူထုစည်းဝေးပွဲစီစဉ်သူများက ပြောကြားသည်။ ဆီဗက်စတိုဗိုလ်သည် ခရိုင်းမီးယားဒေသ၏ မဟာဗျူဟာပင်လယ် ဆိပ်ကမ်းတည်ရာမြို့ကြီးဖြစ်သည်။

ခရိုင်းမီးယားတပ်ဖွဲ့အောင်ပွဲ လူထုစည်းဝေးပွဲသို့ ပြည်သူ ၉၀၀၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ရှော့ခ်တေးသံသာများနှင့်အတူ မျိုးချစ်စိတ်ဓာတ်ကွန့်မြူးသော စကားလုံးများက ရင်ပြင်မှ ကောင်းကင်ယံအတွင်းသို့ လွင့်ပျံ့သွားခဲ့သည်။

"ခရိုင်းမီးယားကို လွှဲပြောင်းရယူခဲ့တဲ့အတွက် အနောက်အုပ်စုက ကျွန်တော်တို့ကို စီးပွားရေးအရ ဒဏ်ခတ်တယ်၊ ဒဏ်ခတ်မှုကြောင့် ကျွန်တော့်ရဲ့ဘဝ စပျက်ပေမယ့် နိုင်ငံတော်အတွက် လုပ်လက်စအလုပ်တွေထိခိုက်ရတယ်"ဟူ၍ သမ္မတပူတင်က လူထုပရိသတ်ကြီးကို ပြောကြားခဲ့သည်။

"ကြက်ဥအယောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်"ဟူသကဲ့သို့ တိုင်းရေးပြည်ရေးများသည် အလွန်ပင် ရှုပ်ထွေးပွေလီများပြားလှပါတကားဟု တွေးဆစရာပင်။

## အာရှဒေသ

**အကြမ်းဖက်တိုက်ခိုက်ရန် အိမ်ဖော်များကို စည်းရုံး**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဆင်ကျန်းဝေဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နိုင်ရေးအတွက် အစ္စလာမ့်နိုင်ငံတော်(အိုင်အက်စ်အိုင်အက်စ်)အဖွဲ့က ဟောင်ကောင်ရှိ အင်ဒိုနီးရှားအိမ်ဖော်များကို အင်အားစုဆောင်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း အမေရိကန်အခြေစိုက် တရုတ်နိုင်ငံရေးသတင်းဝက်ဘ်ဆိုက်ဖြစ်သည့် ဒူအိုဝေသတင်းဌာနက မတ် ၂၀ ရက်က ရေးသားဖော်ပြသည်။

အိုင်အက်စ်အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းရန် တိုက်တွန်းထားသည့် လက်ကမ်းစာစောင်များကို အင်ဒိုနီးရှားအိမ်ဖော်များ လက်ခံရရှိခဲ့ကြသည်ဟု ဟောင်ကောင်ရှိ ကုမ္ပဏီတစ်ခုက အတည်ပြုပြောကြားသည်။

အဆိုပါ လက်ကမ်းစာစောင်ပေါ်၌ အိုင်အက်စ်အိုင်အက်စ်အလံကို ကိုင်ဆောင်ထားကြသော မွတ်စလင်အမျိုး သမီး ၁၀ ဦးကို သရုပ်ဖော်ထားသည်။

တရုတ်နိုင်ငံ ဆင်ကျန်းဒေသသည် သဘာဝသယံဇာတပေါကြွယ်ဝသော ဒေသဖြစ်ပြီး ဝေဂါမွတ်ဆလင်မျိုးနွယ်စု နေထိုင်ရာဒေသဖြစ်သည်။

မွတ်စလင်အများစုနေထိုင်ရာ ဆင်ကျန်းဒေသ၌ ဟန်တရုတ်လူမျိုးနှင့် တူရကီဘာသာစကားပြော ဝေဂါမျိုးနွယ်စုဝင်များအကြား တင်းမာမှုများဖြစ်ပွားခဲ့ပြီး ခွဲထွက်ရေးဝါဒီအကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်မှုများကို မကြာခဏ ပြုလုပ်လေ့ရှိသည်။

၂၀၀၉ ခုနှစ်မှစ၍ လူမျိုးရေးတင်းမာမှုများ မကြာမကြာပေါ်လာတတ်သော ဆင်ကျန်းဒေသတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်အစိုးရအဖွဲ့က စီမံဆောင်ရွက်လျက်ရှိသော်လည်း ပကတိငြိမ်းချမ်းမှု မရရှိသေးပေ။ ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ တရုတ်အုပ်စိုးမှုကို ကန့်ကွက်သည့် ဆန္ဒပြပွဲများကို ဝေဂါမျိုးနွယ်စုဝင်များက ပြုလုပ်လာခဲ့ကြသည်။

ဆင်ကျန်းဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် အကြမ်းဖက်မှု လျော့ချလာနိုင်စေရန် ဦးတည်ကြိုးပမ်းနေသော တရုတ်အစိုးရ၏ မဟာဗျူဟာမှာ ထူးခြားလှပါသည်။

## အရှေ့အလယ်ပိုင်းဒေသ

**အောင်ပွဲခံသူနေတန်ယာဟု**

အစ္စရေးဒီမိုကရေစီအခင်းအကျင်း၏ ရှုခင်းတစ်ရပ်အဖြစ် အထွေထွေရွေးကောက်ပွဲကို ရှုလတ်သော် အောင်ပွဲခံနေသူ ဘင်ဂျမင်နေတန်ယာဟုကို တွေ့မြင်ရလေ၏။

မတ် ၁၇ ရက်က ကျင်းပသော ရွေးကောက်ပွဲ၌ လက်ရှိအာဏာရ နေတန်ယာဟု၏ လီကွတ်ပါတီကအောင်ပွဲခံခဲ့သည်။ မဲအများစုရေတွက်ပြီးစီးချိန်တွင် လီကွတ်ပါတီက ပါလီမန်တွင် အမတ်နေရာ ၃၀ ထက်မနည်း ရရှိထားရာ ၎င်းအနေဖြင့် စတုတ္ထမြောက်ဝန်ကြီးချုပ် ရာထူးသက်တမ်းကို ရယူနိုင်ရန် လမ်းပွင့်သွားသည်။

အတိုက်အခံခေါင်းဆောင် အိုင်းဇက်ဟာကော့၏ ဇီယွန်နစ်ယူနီယံ ပါတီမှာမူ အမတ်နေရာ ၂၄ နေရာနှင့်သာ ကျေနပ်လိုက်ရသည်။

လတ်တလောအနေဖြင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ရန် ပြင်ဆင်ကြရပေလိမ့်မည်။

ရွေးကောက်ပွဲမတိုင်မီ နေတန်ယာဟုနှင့် အမေရိကန်အိမ်ဖြူတော် ဆက်ဆံရေးမှာ ထိခိုက်ခဲ့ရပြီး အမေရိကန်နှင့် အစ္စရေးအစိုးရသစ်အကြား ဆက်ဆံရေး ပြန်လည်ပြုပြင်ဖာထေးလာရလိမ့်မည်ဟု တွက်ဆရသည်။

မကြာသေးမီကာလအတွင်း သမ္မတဘာရက်အိုဘားမားနှင့် နေတန်ယာဟုတို့ သူကအဖြူကိုယ်ကအမည်းဟူသည့် သဘောထားကွဲလွဲမှုတစ်ပုံတစ်ပင်ရှိခဲ့ကြသည်။ အီရန်၏ အဏုမြူအစီအစဉ်နှင့် ပတ်သက်၍ အပေးအယူ အလျှော့အတင်းပြုလုပ်ကာ မတ် ၃၁ ရက် နောက်ဆုံးထား၍ မူဘောင်သဘောတူညီမှုတစ်ရပ်ရရှိလာစေရန် အိုဘားမားအစိုးရအဖွဲ့က ကြိုးပမ်းလာချိန်တွင် အီရန်၏ ဘေးအန္တရာယ်ကို လျှော့မတွက်သော နေတန်ယာဟုက အိုဘားမားအား အန်တုလာခဲ့သည်ကို ကျွန်ုပ်တို့ တွေ့မြင်ကြရသည်။

အီရန်၏ အဏုမြူအစီအစဉ်နှင့်ပတ်သက်၍ အိုဘားမားကိုင်စွဲသော မူဝါဒသဘောထားကို နေတန်ယာဟုက အမေရိကန်ကွန်ဂရက်လွှတ်တော်၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် ပယ်ပယ်နယ်နယ်ဝေဖန်ခဲ့ခြင်းကြောင့် နှစ်ဦးသား မိတ်ပျက်ခဲ့ကြရလေပြီ။

အမျိုးထိ မချိအောင်နာတတ်သည့် လူ့သဘာဝက တစ်ဖက်၊ နဂိုဓာတ်ဟောင်း မဖျက်ကောင်းသည့် နိယာမက တစ်ဖက် ဒွန်တွဲလွန်ဆွဲမှုကို ကျွန်ုပ်သတိမူမိလေသည်။

မိတ်သဂ်ဟနိုင်ငံများအဖြစ် ကာလရှည်လက်တွဲလာခဲ့ကြသော နိုင်ငံများအချင်းချင်းမှာပင် အချိန်အခါ အခြေအနေအရ "သကာ"ဖြစ်လိုက် "တမာ"ဖြစ်လိုက်နှင့် ပြောင်းလဲတတ်ကြသည်တကားဟု ကျွန်ုပ်တွေးမိ၏။

## ဥရောပဒေသ

**ပြည်သူများနေကြတ်မှုကိုစောင့်ကြည့်**

ဗြိတိန်နှင့်ဥရောပ မြောက်ပိုင်းဒေသတို့မှ ပြည်သူသန်းပေါင်းများစွာတို့သည် နှစ်ပေါင်းအတန်ကြာကာလအတွင်း အထူးခြားဆုံးနေကြတ်မှုကို မတ် ၂၀ ရက်က လေ့လာစောင့်ကြည့်ခဲ့ကြသည်။

နေနှင့်ကမ္ဘာအကြား လကဖြတ်သန်းချိန်တွင် နေကြတ်မှုဖြစ်ပေါ်သည်။ မတ် ၂၀ ရက် ဂရင်းနစ်စံတော်ချိန် ၉ နာရီ ၄၁ မိနစ်တွင် နေကြတ်မှုကို တွေ့မြင်ကြသည်။

အတ္တလန္တိတ်သမုဒ္ဒရာ မြောက်ပိုင်း၌ ပထမဆုံးအရိပ်မည်းကြီး ကျရောက်ခဲ့ပြီး ထိုမှတစ်ဆင့် အာတိတ်ဒေသကိုဖြတ်သန်းခဲ့သည်။ မြောက်ဝင်ရိုးစွန်း၌ အဆုံးသတ်ခဲ့သည်။

ကြံ့တောင့်ကြံ့ခံမြင်ကွင်းဖြစ်သည့် နေကြတ်မှုရှုခင်းကို အန္တရာယ်မဖြစ်ဘဲ ကြည့်ရှုကြရန် တာဝန်ရှိသူများက သတိပေးခဲ့ကြသည်။နေကို သာမန်မျက်စိဖြင့် ကြည့်ရှုခြင်းသည် ကျန်းမာရေးဘေးဥပဒ်ဖြစ်စေနိုင်သည်။

သိပ္ပံအဖွဲ့အစည်းများက နေကြတ်မှုကို လေယာဉ်များပေါ်မှ ဗီဒီယိုမှတ်တမ်းရိုက်ကူးခဲ့ပြီး ဂြိုဟ်တုများအသုံးပြု၍လည်း သတင်းအချက်အလက်များစုဆောင်းရယူခဲ့သည်။

၂၀၂၆ ခုနှစ်တွင် နောက်ထပ်တစ်ကြိမ်နေကြတ်မှုဖြစ်ပေါ်မည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။

နေကြတ်မှုကြောင့် လျှပ်စစ်ဓာတ်အား ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် နေစွမ်းအင်အများဆုံးသုံးစွဲသော ဂျာမနီနိုင်ငံက ကြိုတင်ပြင်ဆင်မှုအများအပြားဖြင့် ပြုလုပ်ခဲ့သည်။

နေကြတ်၊ လကြတ်မှုနှင့်ပတ်သက်၍ ဟောကိန်းထုတ်မှုများကို ကြားသိကြလေ့ရှိသည်။ အိန္ဒိယရှေးဟောင်း သံဟိတနက္ခတ်ဗေဒင်ကျမ်းတွင် နေကြတ်၊ လကြတ်ဆိုင်ရာအဟောများကို တွေ့မြင်နိုင်သည်။ သံဟိတဗေဒင်ဟောကိန်းမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းသာ သက်ဆိုင်သည်မဟုတ်ဘဲ အများပြည်သူနှင့်အုပ်ချုပ်သူ မင်းတို့နှင့် သက်ဆိုင်သော ဟောကိန်းဖြစ်သည်။ ယင်းဟောကိန်းကို အနောက်တိုင်း နက္ခတ်ဗေဒင်ပညာရှင်များက နိုင်ငံရေးဗေဒင် (Mundaue Astrology) ဟု ခေါ်သည်ဟု မှတ်သားဖူးသည်။

နေကြတ်မှု၏ လတ်တလောအကျိုးသက်ရောက်မှုမှာ နေစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍဖြစ်ပြီး သဘာဝဘေး၏ စိန်ခေါ်မှုကို လူသားတို့တွေ့ကြုံရမည်ဟု ရှုမြင်ရလေသည်။ ။

**နေကြတ်မှုကြောင့် လျှပ်စစ်ဓာတ်အား ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် နေစွမ်းအင် အများဆုံးသုံးစွဲသော ဂျာမနီနိုင်ငံက ကြိုတင်ပြင်ဆင်မှု ပြုလုပ် . . .**



**စပိန်နိုင်ငံ၌ နေကြတ်မှုကို ပြည်သူများ စိတ်ဝင်တစားကြည့်ရှုကြစဉ်။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ပျော်ဘွယ်မြို့နယ်အတွင်း ရေလွှဲပုဆည်(ကျီနီ) တည်ဆောက်ပြီးစီး

**à** လှိုင်သန်းတင့်(ရမည်းသင်း)



စာရေးသူတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားသော နိုင်ငံဖြစ်သည်နှင့်အညီ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာလည်း စိုက်ပျိုးရေးကို ဦးစားပေး လုပ်ကိုင်ကြသော ကျေးလက်နေတောင်သူများဖြစ်ပေသည်။ စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြသော ကျေးလက်နေတောင်သူများအတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေရရှိရေးပင်ဖြစ်သည်။

စိုက်ပျိုးရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးကို ယနေ့နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံးတွင် နည်းလမ်းအသွယ်သွယ်ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အထူးသီးသန့်ရန်ပုံငွေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ပြီးစီးပြီဖြစ်သော ရေလွှဲပုဆည်(ကျီနီ)တည်ဆောက်ရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ယင်းရေလွှဲပုဆည်(ကျီနီ)သည် ပျော်ဘွယ်မြို့နယ်အတွင်း ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ သူရဲချောင်းတွင် ရေလွှဲဆည်တည်ဆောက်ခြင်းဖြစ်ကာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန (မိတ္ထီလာ)၏ ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိရုံး ဆည်မြောင်းဦးစီးဌာန ပျော်ဘွယ်မြို့မှ တာဝန်ယူဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ယခင်က ကျီနီဒေသနေ တောင်သူများသည် စိုက်ပျိုးရေရရှိရေးအတွက် သူရဲချောင်းတွင် အရပ်ရေလွှဲဆည်များတည်ဆောက်၍ဆောင်ရွက်ခဲ့ရာ ထိရောက်မှုမရှိဘဲ နှစ်စဉ်ကျိုးပေါက်မှုဖြစ်၍ အခက်အခဲကြုံတွေ့ရသည်ဟု သိရသည်။ ယင်းသို့ ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် ကြုံတွေ့နေသော အခက်အခဲကို တိုင်းဒေသကြီးမှ အထူးသီးသန့်ရန်ပုံငွေဖြင့် ရေလွှဲပုဆည်(ကျီနီ)ကိုထိပ်ပြင်အကျယ် ၆၄ ပေ၊ အမြင့် ၆ ပေ တည်ဆောက်ကာ ပြုလုပ်ဆောင်ရွက်ပေးခြင်းကြောင့် ရေလှောင်ပမာဏ ၁၈ ဒသမ ၃၆ ဧကပေ သိုလှောင်နိုင်မည်ဖြစ်ကာ စိုက်ပျိုးရေအတွက် ရေသောက်ဧရိယာဧက ၅၀၀ အတွက် အကျိုးပြုမည်ဖြစ်သည်။

ယခုအခါ ရေလွှဲပုဆည်(ကျီနီ)ကို စနစ်တကျဆောင်ရွက်တည်ဆောက်ပြီးဖြစ်သောကြောင့် စိုက်ပျိုးရေအတွက် ယခင်ကထက် များစွာအဆင်ပြေအထောက်အကူပြုမည်ဖြစ်၍ ဒေသခံတောင်သူများဝမ်းမြောက်ကြကြောင်း သိရသည်။

## ဆိုလာမီးဖွင့်ပွဲကျင်းပ

**သထုံ မတ် ၂၁**

မွန်ပြည်နယ် သထုံမြို့နယ် ဝင်းစိန်ရွာသစ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဆိုလာစနစ် မီးလင်းရေးလုပ်ငန်းဖွင့်ပွဲကို မတ် ၁၄ ရက်ကကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ မီးလင်းရေးလုပ်ငန်းကို ရဲမင်းဟိန်းကုမ္ပဏီက တင်ဒါအောင်မြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## တံတားလုပ်ငန်းများစစ်ဆေး

**ကျိုက်ထို မတ် ၂၁**

မွန်ပြည်နယ်ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ရန်ပုံငွေဖြင့် တော်ဝင်ခေတ်ကြိုက်ကုမ္ပဏီကတင်ဒါ အောင်မြင်ဆောင်ရွက်သော ဇီးပြောင်းကျေးရွာတံတားကွန်ကရစ်ကြမ်းခင်းခြင်းလုပ်ငန်းတန်ဖိုးငွေ ၇ဒသမ ၅ သန်း၊ သိမ်ဇရပ်ကျေးရွာ အောင်မင်္ဂလာ အကွက်(၆) ကွန်ကရစ်တံတားတည်ဆောက်ခြင်း တန်ဖိုးငွေကျပ်၁၄ သန်းနှင့်သိမ်ဇရပ် - မုက္ခမော့ - ခရွဲလမ်းပေါ်တွင်ရေထွက်ပေါက်နှစ်ခု တန်ဖိုးငွေကျပ် ၄ဒသမ ၅သန်းတို့အား ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို မတ်၁၅ရက်ကမြို့နယ်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမိုးဝင်းနှင့်အင်ဂျင်နီယာအဖွဲ့တို့ ကွင်းဆင်း စစ်ဆေးကြောင်းသိရသည်။ **(ကြေးမုံ)**

သီတာ

အာမခံ စိန်ရွှေရတနာဆိုင်

သင်္ကြန်အထူးအစီအစဉ်

( 1.4.2015 မှ 12.4.2015 အထိ )

ကျေးဇူးတုံ့ပြန်သောအားဖြင့် မိတ်ဟောင်းမိတ်သစ်များအား ရေခဲသေတ္တာ၊ အဂဝတ်လျှော်စက်၊ ရွှေထည်ပစ္စည်းများ နှင့် လက်ဆောင်လှလှလေးများကို ဗလာမပါ ကံစမ်းမဲများပေးနေပါသည်။

ဆိုင်ခွဲ ( ၁ ) အမှတ်(၁၀၃၅)၊ သုမင်္ဂလာလမ်းမကြီး၊ ( ၆ ) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ (အင်းဝမှတ်တိုင်အနီး) -ဖုန်း-၀၁-၅၆၂ ၄၆၄

ဆိုင်ခွဲ ( ၂ ) အမှတ် (၉၃၀)၊ ( ၁ ) လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (စံပြဈေးကြီးအနီး) -ဖုန်း-၀၁-၅၇၉ ၃၅၄
၀၁-၈၅၅၀ ၁၁၇

ဆိုင်ခွဲ ( ၃ ) အမှတ် ( ၃၃ )၊ လေးထောင့်ကန်လမ်းမကြီး၊ (ဆ/က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (သင်္ဃန်းကျွန်းဈေးကြီးအနီး) -ဖုန်း-၀၁-၈၅၅၀ ၆၀၁

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ထားဝယ် မတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုပံ့ပိုးလျက်ရှိရာ မတ် ၁၇ ရက်နံနက် ၆ နာရီခွဲတွင် ထားဝယ်ခရိုင် မေတ္တာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မေတ္တာမြို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုက ဒေသခံပြည်သူများအား ဒေသအတွင်းရှိ လိုအပ်ချက်များကို ယခုတွေ့ဆုံပွဲတွင် တင်ပြပေးစေလိုကြောင်း ပြောကြားပြီး တက်ရောက်လာသော မေတ္တာမြို့နယ်ရှိ တာဝန်ရှိသူများက ဒေသ၏အခက်အခဲများနှင့် လိုအပ်ချက်များကိုရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယင်းတို့တင်ပြမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုသည် မေတ္တာမြို့ တိုက်နယ်ဆေးရုံတွင် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်နှင့် အထူးကုဆရာဝန်များက ဒေသခံပြည်သူများအား ကျန်းမာရေးအခမဲ့ဆေးစစ်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလစ်ကြီးကျေးရွာသို့လည်းကောင်း၊ တောင်သုံးလုံးကျေးရွာသို့လည်းကောင်း၊ ကျေးသားအင်းကျေးရွာသို့လည်းကောင်း၊ အထက်မြေးခံဘော်ကျေးရွာသို့လည်းကောင်း ရောက်ရှိပြီး ဒေသ၏အခက်အခဲများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပေးခဲ့သည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရထားပေါ်မှ ကျကျန်ခဲ့သော လက်ကိုင်အိတ်အား ပိုင်ရှင်ထံပြန်လည်ပေးအပ်

**နေပြည်တော် မတ် ၂၁**

မတ် ၁၅ ရက် နံနက် ၆ နာရီက နေပြည်တော် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်နေ ဒေါ်စန်းမြသည် အမှတ်(၁၂) အစုန် မန္တလေး-ရန်ကုန်ရထား ရိုးရိုးတန်းတွဲ(၃) ခုံအမှတ် ၃၆ မှ စီးနင်းလိုက်ပါလာစဉ် စဉ့်ကိုင်မြို့နယ် မြစ်ငယ်တံတားနှင့် ပလိပ်ဘူတာကြားအရောက် ၎င်း၏အမျိုးသမီးလက်ကိုင်အိတ်မှာ ပြုတ်ကျကျန်နေခဲ့ကြောင်းသိရ၍ ရထားလုံခြုံရေးလိုက်ပါဆောင်ရွက်နေသည့် ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ(ပဲခူး)မှ တပ်ဖွဲ့ဝင်များအား လာရောက်အကြောင်းကြားသဖြင့် အမှတ်(၆)တပ်ခွဲ (မြစ်ငယ်) သို့ ဆက်လက်အကြောင်းကြားခဲ့သည်။ အကြောင်းကြားချက်အရ အမှတ်(၆)တပ်ခွဲ(မြစ်ငယ်) မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ရထားသံလမ်းတစ်လျှောက် လိုက်လံရှာဖွေရာ မြစ်ငယ်ဘူတာနှင့် ပလိပ်ဘူတာကြား မိုင်တိုင်အမှတ် (၃၇၄/၂၀)ရှိ ရထားသံလမ်းနှစ်ခုကြားမှ အမျိုးသမီးလက်ကိုင်အိတ်အားတွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့သည်။

အဆိုပါလက်ကိုင်အိတ်အတွင်းမှ ဒေါ်စန်းမြအမည်ပါ ဗဟိုတရားရုံးရှေ့နေမှတ်ပုံတင်ကတ်ပြားတစ်ခု၊ (၈×၄) လက်မခန့်ရှိ အနက်ရောင်ပိုက်ဆံအိတ်တစ်လုံး၊ ရထားလက်မှတ်တစ်စောင်၊ မြန်မာငွေကျပ် ၇၀၀၀၀၊ ထိုင်းဘတ်ငွေ ငါးဘတ်နှင့် အကြွေစေ့နှစ်စေ့၊ စင်ကာပူတစ်ဒေါ်လာနှင့် အကြွေစေ့တစ်စေ့၊ ပုလဲအသေးတစ်လုံး၊ အနီရောင်ကျောက်အသေးတစ်လုံး၊ အစိမ်းရောင်ကျောက်အသေးတစ်လုံး၊ ကျောက်စီလက်စွပ်တစ်ကွင်း၊ Nokia Keypad အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံး၊ မှတ်စုစာအုပ်တစ်အုပ်၊ လက်ပတ်နာရီတစ်လုံးတို့တွေ့ရှိရသောကြောင့် ဒေါ်စန်းမြအားဆက်သွယ်ရာ ပျဉ်းမနားဘူတာတွင် လာရောက်ယူဆောင်မည်ဖြစ်ကြောင်းသိရ၍ ရထားရဲတပ်ဖွဲ့၊ အမှတ်(၉)တပ်ခွဲ၊ တပ်စု(၂) (ပျဉ်းမနား) သို့ ပစ္စည်းများကို ပို့ဆောင်ပေးခဲ့ပြီး ည ၉ နာရီခွဲခန့်တွင် ပိုင်ရှင်ဖြစ်သူထံတာဝန်ရှိသူများရှေ့၌ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲ ပြုလုပ်

**နေပြည်တော် မတ် ၂၁**

စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရ လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ပေးသော စက်မှုနှင့်အသက်မွေးပညာရွေ့လျားအမှတ်စဉ်(၁၂) စိုက်ပျိုးရေးသုံး အင်ဂျင်နှင့်မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ သီလဝခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၊ စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) မှ ကျောင်းအုပ်ကြီး ဦးစိုးတင့်စန်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ကြပြီး တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်က စက်မှုဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင်အခွင့်လမ်းများရရှိစေရန်ရည်ရွယ်၍ စက်မှုနှင့်အသက်မွေးပညာ ရွေ့လျားသင်တန်းများကို မြို့နယ်များတွင် ကာလတိုဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ ပြည်သူဗဟိုပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုဝန်ကြီးဌာနစက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင်ထူးချွန်သောသင်တန်းသားများကို ဆုများချီးမြှင့်ပြီး အမှတ်(၂)စက်မှု သင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဦးစိုးတင့်စန်းက သင်တန်းသားများကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာသူများက သင်တန်းသားများ၏ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း လက်တွေ့စွမ်းရည်ပြသမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**သန့်မောင်**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောပွဲကျင်းပ

**နေပြည်တော်၊ မတ် ၁၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ပြည်သူများ လူကုန်ကူးမှုအန္တရာယ်မှ ကင်းဝေးစေရန် အသိပညာပေးဟောပြောပွဲများအား စဉ်ဆက်မပြတ်ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့်ပူးပေါင်း၍ မတ် ၁၆ ရက် ညနေ ၃ နာရီမှ ၄ နာရီအထိ နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အင်ကြင်းခန်းမ၌ပြုလုပ်သည့် အသိညာပေးဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဉမ္မာရင်မိက မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဖြစ်စဉ်များအကြောင်းတို့အား ဟောပြောခဲ့ပြီး တက်ရောက်လာသည့် ဝန်ထမ်း ၂၅၂ ဦးကို ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

**ငှားမည်** (၁) RC2ထပ်+2BN၊ 5MBR+ Furniture (Diamond Inya Palace Condo အနီး၊ မရမ်းကုန်း) ။
(၂) မြေ - 65' x 76'၊ ထောင့်ကွက်၊ လမ်းကျယ်၂ဖက်ပွင့် (ဝင်ဒါမီယာ၊ ဗဟန်း) ။ Ph - 09 732 00440

**GOLDEN RICH TRAVELS**

| | |
|---|---|
| ဝန်ကောက်၊ ပတ္တာရား၊ အယုဒ္ဓယ၊ ကန်ချနာပူရီ၊ မဲဆောက် | 300000, Apl 11 |
| ချင်းမိုင်၊ ချင်းရိုင်၊ ရွှေတြိဂံ၊ မယ်ဆိုင်၊ တာချီလိတ်၊ မဲဆောက် | 200000, Apl 11 |
| မြစ်ကြီးနား (မြစ်ဆုံ)၊ အင်းတော်ကြီး (ရွှေမဉ္ဇူဘုရား) ရွှေဘို | 150000, Apl 11 |

09-250366279,09-31062083,09-791697411,09400011689

**ပါဝင်ဖျော်ဖြေဆင်နွှဲလိုသူများဆက်သွယ်နိုင်ပါသည်**

ရန်ကုန်မြို့၏ လူအစည်ကားဆုံးနေရာ၌ သကြိန်အကြိုကျင်းပမည့်ဖျော်ဖြေပွဲကြီးတွင် ပါဝင်ဆင်နွှဲလိုသောတေးဂီတအဖွဲ့များ၊ Model & Dancer အဖွဲ့များ၊ တစ်ဦးချင်း၊ အဖွဲ့လိုက်သီဆိုလိုသူများ၊ တေးစီးရီးမိတ်ဆက်ပွဲကျင်းပလိုသူများနှင့် အခြားပူးပေါင်းပါဝင်ဖျော်ဖြေလိုသူ များဆက်သွယ်နိုင်ပါသည်။

ဖုန်း - 09 5003618, 09 972993633, 09 5099079, 09 972993600

– မောင်တော်သီပေါစော်ဘွား စဝ်ကြာဆိုင်အကြောင်းကို မဟာဒေဝီက ရိုးရိုးရှင်းရှင်း ရေးသားဖော်ပြချက်
– အရှေ့ဟော်နန်းတဝင်းလုံး ရာနှင့်ချီသော စစ်သားများ ပြည့်နက်နေပုံ
– ၁၉၆၂ မတ်လ ၂ ရက်နေ့ ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းစဉ် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်ကိုဖမ်းရန်လာစဉ် သူ၏ ၁၇ နှစ်အရွယ် သားငယ်တယောက် သေနတ်နှင့်ပစ်၍ သေဆုံးရပုံ
– သီပေါစော်ဘွား စဝ်ကြာဆိုင်မှာ တောင်ကြီးမြို့မှအထွက် ဟဲဟိုးအသွားလမ်းပေါ်တွင် စစ်တပ်မှ ဖမ်းဆီးလိုက်ပုံ
– ထိုစဉ်ကပင် အစအနရှာမရသော စဝ်ကြာဆိုင်ကို မဟာဒေဝီ စဝ်နန်းသုနန္ဒီက ဩစတြီးယားတွင်ရှိစဉ် ဩစတြီးယားရဲတိုက် ဟိုတယ်တွင် ဗိုလ်ချုပ်နေဝင်း တည်းခိုနေစဉ်သွားရောက်မေးမြန်းပုံ၊
ဒေါ်ခင်မေသန်းက "သူနေကောင်းပါတယ်၊ ရန်ကုန်မှာ ထိန်းသိမ်းထားတယ်" ဟု ပြောလိုက်ရာမှ
တစ်သက်လုံးပျောက်ဆုံးသွားသော သီပေါစော်ဘွား စဝ်ကြာဆိုင် ... အကြောင်း



TWILIGHT OVER BURMA by INGE SARGENT
ဖောင်သန်းဆွေ (ထားဝယ်) ဘာသာပြန်
မဟာဒေဝီတစ်ပါး၏ ရာပုံတော်
အရှေ့နေခြည်စာပေ အမှတ် - ၁၉၉၊ ပထမထပ်၊ ပန်းဆိုးတန်းအလယ်၊ ရန်ကုန်
ဖုန်း ၀၁ ၃၈၈၇၆၃၊ ၀၁ ၃၈၄၁၂၀
ထွက်ပြီ

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇) ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**အမှားပြင်ဆင်ချက်**

၂၀၁၅ မတ်လ ၁၅ရက် ကြေးမုံသတင်းစာပါ သာကေတမြို့နယ်၊ တရားရုံး၌ ငြင်းချက်ထုတ်ရန် သမ္မန်စာ တရားလို ဦးဝေဇင်နှင့် တရားပြိုင် ဦးအောင်ခင်ညွှန့် အမှုတွင် ၂၀၁၅ခုနှစ် မတ်လ ၂၉ရက်အစား ၂၀၁၅ခုနှစ် မတ်လ ၃၀ရက်(တန်ခူးလဆန်း ၁၀ရက်)ဟု ပြောင်းလဲသတ်မှတ်ပါရန်။

**မသက်ဆိုင်တော့ပါကြောင်း**

ကျွန်တော်မောင်မင်းသက်ခိုင်[၁၂/လသယ(နိုင်) ၀၃၅၉၇၃]ကိုင်ဆောင်သူ၏ ဇနီးဖြစ်သူ မကေသီမြင့် [၁၂/ကမတ (နိုင်)၀၆၀၈၇၉] ကိုင်ဆောင်သူသည် ၂၉-၄-၂၀၁၄ရက်မှစ၍ ကျွန်တော်အား အသိပေးခြင်း၊ အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ နေအိမ်မှ ဆင်းသွားပြီး ၎င်း၏ သဘောဆန္ဒအတိုင်း ပြုမူနေထိုင်နေပါသဖြင့် မကေသီမြင့်အား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း။ ၎င်းနှင့် သက်ဆိုင်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မောင်မင်းသက်ခိုင်
[၁၂/လသယ(နိုင်)၀၃၅၉၇၃]

# မြို့ပတ်ရထားလက်မှတ်များ ကွန်ပျူတာလက်မှတ်စနစ်ဖြင့် သက်တမ်းမတိုင်မီရောင်းချမည်

**ရန်ကုန် မတ် ၂၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရထားစီးခရီးသည်များ အဆင့်မြင့်စွာ သွားလာနိုင်ကြစေရန်အတွက် ကွန်ပျူတာလက်မှတ်အသုံးပြုစနစ်အား သက်တမ်းကာလမတိုင်မီ စတင်ရောင်းချရန်စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

“ဒီအစီအစဉ်ဟာ မြန်မာ့မီးရထားအတွက် ပထမဦးဆုံးအခြေအနေဖြစ်ပါတယ်။ လက်မှတ်ကလည်း ယခင်ရောင်းနေကျပုံမှန်လက်မှတ်ကိုလည်း ရောင်းပေးသွားမှာဖြစ်သလို ဒီကွန်ပျူတာလက်မှတ်စနစ်နဲ့ပါ ရောင်းချပေးသွားမှာဖြစ်ပါတယ်။ စနစ်ကလည်း သိပ်မကွာပါဘူး။ အဓိကတော့ လက်မှတ်အတွက်ငွေသွင်းတဲ့အချိန်၊ လက်မှတ်ကို စီတဲ့အချိန်နဲ့ သိမ်းယူတဲ့လက်မှတ်အချိန်ပါ။ ဒီသုံးမျိုးဟာ အားလုံးတူတူပါပဲ။ လက်မှတ်စစ်တာလည်း လက်မှတ်ကိုဖောက်ပြီးစစ်သွားမှာပါ။ ဘူတာတွေမှာ ကျွန်တော်တို့ မီးရထားက ဝန်ထမ်းများရှိနေသလို ကုမ္ပဏီကဝန်ထမ်းလေးတွေလည်း ဘူတာတွေမှာရှိနေမှာပါ။ သူတို့ကမှတစ်ဆင့် လက်မှတ်အသုံးပြုပုံကို ခရီးသည်များအတွက် ဆင့်ပွားပြသပေးသွားမှာပါ။ နောက်ပိုင်းဆို ရထားစီးခရီးသည်များက ဖုန်းနဲ့ပါအသုံးပြုပေးဝယ်ပြီး ရထားပေါ်တန်းတက်လို့ရအောင် စီစဉ်ထားပါတယ်။ ဝယ်ယူပုံသိပ်မကွာခြားပေမယ့် အိုင်တီစနစ်ကို လှမ်းလိုက်တာပါ။ ကျွန်တော်တို့ အကောင်းဆုံးကြိုးစားတာတော့ သက်တမ်းမတိုင်မီ စီစဉ်ထားပါတယ်” ဟု မြန်မာ့မီးရထားမှအထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)ဦးထွန်းအောင်သင်းက မြန်မာ့မီးရထားမှတာဝန်ရှိသူများနှင့် Internet Wallet Limited တာဝန်ရှိသူများ မြန်မာ့မီးရထား အောက်မြန်မာပြည်ရုံး၌ မတ် ၁၇ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

“မြန်မာ့မီးရထားနဲ့ ကုမ္ပဏီ အတူတကွပူးပေါင်းလုပ်ဆောင်ကြတာပါ။ လက်မှတ်ကလည်း စက္ကူလက်မှတ်ပါပဲ။ လက်မှတ်ဝယ်တဲ့ကောင်တာနဲ့ ကွန်ပျူတာအသုံးပြုရမယ့်နေရာကလည်း နီးနီးလေးပါပဲ။ နောက်ပိုင်းမှာ မိုဘိုင်းဖုန်းနဲ့ ငွေပေးချေနိုင်တဲ့ Speed ကျပ်သုံး e-Ticket အစီအစဉ်ဝန်ဆောင်မှုကို ခရီးသည်များအသုံးပြုလို့ရအောင်လည်း စီစဉ်ထားပါတယ်” ဟု Internet Wallet Limited ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဒေါ်နီနီခင်က ပြောသည်။

အဆိုပါကွန်ပျူတာလက်မှတ်အသုံးပြုစနစ်ဖြစ်သော Computerized Ticketing စနစ်အား ရထားစီးခရီးသည်များအတွက် ဆင်ခြေဖုံးဘူတာ ၁၅ ဘူတာ၌ စတင်ရောင်းချပေးသွားမည်ဖြစ်သည်။

ရန်ကုန်မြို့ပတ်လမ်းပိုင်း ဘူတာပေါင်း ၅၅ ဘူတာရှိသည့်အနက် စတင်ဝန်ဆောင်မှုပေးမည့် ရထားဘူတာ ၁၅ ခုမှာ ရန်ကုန်၊ ဘုရားလမ်း၊ ကြည့်မြင်တိုင်၊ လှည်းတန်း၊ သမိုင်း၊ အင်းစိန်၊ တညင်းကုန်း၊ လှော်ကား၊ မင်္ဂလာဒုံ၊ တံတားကလေး၊ ပုရွက်ဆိတ်ကုန်း၊ တိုးကြောင်ကလေး၊ သဃ်န်းကျွန်း၊ မလွှကုန်းနှင့် ပုဇွန်တောင်တို့ဖြစ်ပြီး လက်မှတ်ခနှုန်းထားအား ယခင်အသုံးပြု ပုံမှန်သမားရိုးကျ လက်မှတ်ခနှုန်းထားအတိုင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရထားစီးခရီးသည်များအတွက် ဆက်လက်ဆောင်ရွက်ပေးမည့် Speed ကျပ်သုံး eTicket အစီအစဉ်မှာလည်း ငွေစက္ကူသုံးစွဲရန်ပင်မလိုအပ်တော့ဘဲ မိုဘိုင်းဖုန်းဖြင့် အသုံးပြုလက်မှတ် ဝယ်ယူနိုင်ကြမည်ဖြစ်ကြောင်း၊ ငွေအကြွေပြန်အမ်းရသည့်ကိစ္စရပ်ပင် လိုအပ်တော့မည်မဟုတ်ကြောင်း၊ ရေရှည်စီမံကိန်းအရ ရထားစီးခရီးသည်များ၏လိုလားချက်အပေါ်မူတည်၍ ယခုထက်ပိုမိုထိရောက်သောအဆင့်မြင့်သည့် Payment စနစ်သုံး Ticket အား ဆောင်ရွက်ပေးရန်စီစဉ်ထားကြောင်းသိရသည်။

**စိုးဝင်း** (MLA)

# ပြည်သူများ အန္တရာယ်ကင်းရှင်းရေးညှိနှိုင်းဆောင်ရွက်

**ကွန်းစု မတ် ၂၁**

ရေလမ်းခရီးသွားပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစွာ စီးနှင်းနိုင်စေရန် ကျွန်းစုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မတ် ၁၉ ရက် နံနက်၁၀ နာရီက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းဆွေးနွေးပွဲသို့ ပုဂ္ဂလိကအမြန်ရေယာဉ်ပိုင်ရှင်များနှင့် ကွန်းစုမြို့နယ်အတွင်းရှိ စက်လှေပိုင်ရှင်များ၊ ကုန်လှေပိုင်ရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက အမြန်ရေယာဉ်များ သတ်မှတ်ချိန်ထက်နောက်ကျမှသွားလာနေမှုများ၊ သတ်မှတ်လူဦးရေနှင့် ကုန်ပစ္စည်းများ ကျော်လွန်တင်ဆောင်နေမှုများကို ရေယာဉ်ပိုင်ရှင်များမှ ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ရေကြောင်းညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ထွေးက အမြန်ရေယာဉ်များအား ဥပဒေနှင့်အညီစစ်ဆေးပြီးဖြစ်သည့်အတွက် ခရီးသွားပြည်သူများအတွက် အသက်အန္တရာယ် ကင်းရှင်းစေရန် ဒေသဌာနဆိုင်ရာတာဝန်ရှိသူများက ဦးစီး၍ ပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားသော ကော်မတီများက ကြီးကြပ်ကာ ဆောင်ရွက်စေလိုကြောင်း၊ စက်လှေပိုင်ရှင်များအနေဖြင့် စက်လှေများအား စိတ်ချလုံခြုံမှုရှိစေရေး ဂရုပြုဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ကွန်းစုမြို့နယ်ရှိ ပြည်သူများသည် ရေလမ်းခရီးတစ်ခုတည်းဖြင့်သာ ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြရာ ယခင်က ကုန်တင်စက်လှေများဖြင့် သွားလာကြရာမှ ဖွံ့ဖြိုးတိုးတက်လာသော ခေတ်နှင့်အညီ ကွန်းစုမြို့နယ်အတွင်း ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့် ရေကြောင်းညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိက အမြန်ရေယာဉ်များ လာရောက်ပြေးဆွဲလျက်ရှိကြသည်။

**ကွန်းစု(ပြန်/ဆက်)**



**ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် သီတာလမ်း၊ နီလာလမ်းရှိ ရေမြောင်းများမှာ တူးဖော်ထားခြင်းမရှိဘဲ ရပ်ကွက်နေသူများမှ အမှိုက်များကို ကြုံသလို စွန့်ပစ်နေကြ၍ မြောင်းများအတွင်း အမှိုက်များဖြင့် ပိတ်နေကြောင်း သိရသည်။ ယင်းသို့ အမှိုက်များပိတ်ဆို့နေသည်မှာ မြင်မကောင်းအောင်ပင်ဖြစ်နေပြီး မြို့အင်္ဂါရပ်နှင့်မညီကြောင်း ဒေသခံများကပြောသည်။ ယခုရာသီသည် ခြောက်သွေ့သော နွေရာသီလည်း ရောက်နေပြီဖြစ်၍ မီးဘေးအန္တရာယ်မှာ အလွန်စိုးရိမ်နေရသည်။ ယင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ အမှိုက်ပုံး၊ အမှိုက်ကန်စနစ်တကျ စီစဉ်ပေးပြီး စွန့်ပစ်သင့်ကြောင်း ရပ်ကွက်နေသူတစ်ဦးက ပြောသည်။**

သတင်းနှင့် ဓာတ်ပုံ-အောင်ကြီး(ပဲခူး)


## စိန်ပင်လယ် စိန်ရွှေရတနာဆိုင်

အထူးအစီအစဉ် အထူးလျှော့ဈေး



စိန်ထည် လက်ဝတ်ရတနာဒီဇိုင်းမျိုးစုံနှင့် 750 (18K) ပလက်တီနမ် များကို (5%) မှ (20%) အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

1. Junction Square Center, C-049 မြေညီထပ်၊ကျွန်းတောလမ်းဝင်ပေါက်။
2. AKK Shopping Mall, B.1 ပထမထပ်၊သဃ်န်းကျွန်းလမ်းမကြီး။
3. Myanmar Culture Valley, (G-50) ရွှေတိဂုံအနောက်ဘက်မုခ်၊ပြည်သူ့ရင်ပြင်။



### အ.ထ.က(ခွဲ) အ.လ.က(၂) ရပ်စောက်မြို့၏(၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားခြင်း

အ.ထ.က(ခွဲ)၊အ.လ.က(၂) ယခင် က-သ-ကကျောင်း၏ (၁၂)ကြိမ် မြောက် အာစရိယပူဇော်ပွဲကို (၂၇.၃.၂၀၁၅)နေ့တွင် မိခင်ကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား/သူဟောင်းများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။



လူကြီးမင်းတို့ နည်းလမ်းမျိုးစုံသုံးသော်လည်း ခက်ခဲပြီးရောင်းမထွက် ဖြစ်နေတဲ့အိမ်ခြံမြေပစ္စည်းမျိုးစုံကို **အမြန်ရောင်းထွက်စေရန်** ဆရာ ကိုယ်တိုင်နေရာဌာနအရောက် ကြည့်ရှုတွက်ချက်စီရင်ပေးခြင်း၊ ငွေလွှန်မှု အမြန်ဆုံးလက်ဝယ်ပြန်လည်ရရှိစေရန်နှင့် အိမ်ထောင်ရေးကိစ္စအမျိုးမျိုး၊ အလုပ်အကိုင်အပြောင်းအရွှေ့အမျိုးမျိုး တို့ကို အထူးတွက်ချက်စီရင်ပေးခြင်း။

**ဆရာကြီးဦးအောင်ဇေ**
အဆင့်မြင့်နက္ခတ္တဗေဒအတိုင်ပင်ခံ
**Ph: 09-261996062, 09-261996063**
ရန်ကုန်၊ မန္တလေး၊ နေပြည်တော်
နေ့စဉ် နံနက် (၉း၀၀) နာရီ မှ ညနေ (၅း၀၀) နာရီ အတွင်း ဆက်သွယ်ပါရန်။



စင်ကာပူနိုင်ငံမှ လစဉ်လာရောက်သော
**အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းအထူးကု ဆရာဝန်ကြီးသည်**
**မတ်လ(၂၈/၂၉)ရက်နှင့် ကင်ဆာအထူးကု ဆရာဝန်ကြီးသည်**
**ဧပြီလ(၃)ရက်နေ့တို့တွင် လူနာများအား ကြည့်ရှု ကုသပေးပါမည်။**
**အောက်ပါ ဖုန်းနံပါတ်များတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။**

ni ni နီနီ

| အထူးကုဆရာဝန်ကြီးများ စုံလင်စွာဖြင့် တိုင်ပင်ကုသပေးခြင်း။ | **နီနီ ဓာတ်ခွဲခန်း** နောက်ဆုံးပေါ်စက်ကိရိယာများဖြင့် အထွေထွေရောဂါ တိကျစွာရှာဖွေခြင်း | ပထမဦးဆုံး **160-Slice CT Scanner** **Mammogram** ရင်သားကင်ဆာ ရှိ၊ မရှိ တိကျစွာ စစ်ဆေးပေးခြင်း |
| --- | --- | --- |

**ဆက်သွယ်ရန် - နီနီ ရောဂါရှာဖွေရေးနှင့်အထူးကုစင်တာ**
အမှတ်(၁၀၁)၊ ကင်းတာဝါ၊ နှင်းဆီကုန်းလမ်း၊ (ဗဟိုအမျိုးသမီးဆေးရုံရှေ့လမ်း)၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၈၅ ၇၈၆၆၆၊ ၀၉၉၇၇၉၉၁၄၁၀၊ ၀၉ ၂၀၂ ၃၉၃၆



### ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် **(P.E. လက်မှတ်)** များကို ၂၀၁၃ ခုနှစ်မှစ၍ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ၎င်းလက်မှတ်များ၏ သက်တမ်းကန့်သတ်ချက်များကိုလည်း ကတ်ပြားတိုင်းတွင် ဖော်ပြသတ်မှတ်ပြီး ဖြစ်ပါသည်။ သို့ပါ၍ P.E. လက်မှတ်ကိုင်ဆောင်ထားသော အင်ဂျင်နီယာပညာရှင်များသည် P.E. လက်မှတ်သတ်မှတ်သက်တမ်း ပြည့်နေပါက မိမိတို့၏ လက်မှတ်သက်တမ်းတိုးမြှင့်ရန် ကောင်စီမှ ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လာရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်
## ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ခု၊ ပညာသင်နှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁ ရက်မှစတင်၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့်သင်တန်းများ | အခြေခံဘွဲ့လိုအပ်ချက် |
|---|---|---|---|
| (၁) | မြို့ပြအင်ဂျင်နီယာ | (က) Diploma in Structural Engineeering | B.E.( Civil) |
| | | (ခ) Diploma in Water Resources Engineering | B.E.(Civil) |
| | | (ဂ) Diploma in Environmental Engineering | B.E.(Civil/Chemical) |
| | | (ဃ) Diploma in Environmental Planning and Management | All B.E/B.Arch./M.M.B.S/ B.D.S./M.Sc.(Chem)/ M.Sc.(IC)/M.Sc.(Zoo)/ M.Sc.(Marine Biology)/ B.Sc(Forestry/B.Agr.Sc.) |
| | | (င) Diploma in Geotechnical Engineering | B.E.(Civil) |
| | | (စ) Diploma in Transportation Engineering | B.E.(Civil) |
| | | (ဆ) Diploma in Construction Management Engineering | B.E.(Civil) |
| (၂) | စက်မှုအင်ဂျင်နီယာ | (က) Diploma in Renewable Energy Engineering | All B.E |
| | | (ခ) Diploma in Industrial Engineering | All B.E |
| (၃) | လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ | Diploma in Renewable Energy Systems | B.E (EP,EC) |
| (၄) | အီလက်ထရောနစ် အင်ဂျင်နီယာ | Diploma in Electronic and Communication Engineering | B.E(EC) |
| (၅) | မက္ကာထရောနစ် အင်ဂျင်နီယာ | Diploma in Biomedical Engineering Technology | B.E(IT,EC,Mech,McE,EP)/ M.S.(Engg:Phys)/M.Sc. (Phys,specialization in Electronics)/Bachelor of Medical Technology (B.Med.Tech.)/သက်ဆိုင်ရာ လုပ်ငန်းတွင် လုပ်သက်(၃)နှစ် ရှိပြီးသော B.Sc.(Phys)(Hons) |
| (၆) | ဓာတုအင်ဂျင်နီယာ | (က) Diploma in Food Technology | B.E.(Chemical)/M.B.B.S./ B.V.S./B.Pharm./B.Med. Tech./B.Sc.(IC)ဘွဲ့ရရှိသူများ၊ အစားအာဟာရဆိုင်ရာလုပ်ငန်းတွင် လုပ်သက်(၃)နှစ်ရှိပြီးသော B.Sc.(Chem,Zoo,Bot)/ B.Agr.Sc./ B.S(Bio T)ဘွဲ့ရရှိသူ များနှင့် အလားတူဘွဲ့များနှင့် တူညီသောဘွဲ့ရရှိသူများ |
| | | (ခ) Diploma in Biotechnology | B.E.(Chemical)/M.B.B.S./ B.V.S/B.Agr.Sc/B.Pharm./ M.Sc.(IC,Chem,Bot,Zoo) |
| (၇) | ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ | (က) Diploma in Textile Finishing Technology | B.E.(Tex) |
| (၈) | သတ္တုတူးဖော်ရေး အင်ဂျင်နီယာ | (က) Diploma in Mine Project Management | B.E(Min) |
| | | (ခ) Diploma in Environmental Impact Assessment and Environmental Management System | All B.E/B.Arch./M.B.B.S./ M.Sc./B.Sc. (Forestry, Phys, Chem, Bot,Zoo)/B.Agr.Sc |
| | | (ဂ) Diploma in Geotechnical Engineering For Tunnel Construction | B.E.(Min,Civil)/M.Sc.(Geol) |
| (၉) | ရေနံအင်ဂျင်နီယာ | Diploma in Drilling Engineering | B.E.(Pet) |
| (၁၀) | သတ္တုဗေဒ အင်ဂျင်နီယာ | (က) Diploma in Extractive Metallurgy | B.E.(Met,Min)/B.Sc.(Geol) |
| | | (ခ) Diploma in Adaptive Metallurgy | B.E.(Met,Mech) |
| | | (ဂ) Diploma in Experimental Archaeometallurgy | B.E.(Met)/B.Sc.(Chem)/ B.Sc(Geol)/B.A.(Archaeo) |
| (၁၁) | အင်ဂျင်နီယာဘူမိဗေဒ | Diploma in Engineering Geology | B.Sc(Geol)(Hons)/ B.Tech.(Civil,Min,Pet)/ သက်ဆိုင်ရာလုပ်ငန်းတွင် လုပ်သက် (၃)နှစ်ရှိပြီးသော B.Sc(Geol) ဘွဲ့ရရှိသူများ |

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (၃ ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်)

(ခ) အခြေခံဘွဲ့လိုအပ်ချက်ပါ ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၃။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၅ရက်၊ (ကြာသပတေးနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၅-၅-၂၀၁၅ ရက် (အင်္ဂါနေ့)တွင် ထုတ်ပေးမည်။

၄။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၇-၅-၂၀၁၅(ကြာသပတေးနေ့) | အင်္ဂလိပ်စာ | ၉း၀၀ နာရီမှ ၁၂း၀၀၀ နာရီ |
| ၈-၅-၂၀၁၅(သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉း၀၀ နာရီ မှ ၁၂း၀၀နာရီ |

၅။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရန် အမည်စာရင်း(Short List)ကို ၂၅-၅-၂၀၁၅ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၇-၅-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ ဘွဲ့လွန်ဒီပလိုမာသင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၉-၅-၂၀၁၅ရက် (သောကြာနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၆။ ဘွဲ့လွန်ဒီပလိုမာသင်တန်းများသည် (၁)နှစ်သင်တန်းဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာသင်တန်းအသီးသီး၌ မဟာဘွဲ့သင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီစွာ အောင်မြင်သူများအား ၎င်းဘာသာရပ်တွင် မဟာဘွဲ့(၁)နှစ်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်းနံပါတ် ၀၁-၆၄၂၄၃၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်လိုသည့် စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ခြင်း
## (Expression of Interest)

၁။ သစ်တောဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောက်လုပ်သွားမည် ဖြစ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | အရွယ်အစား/အမျိုးအစား | တည်နေရာ |
|---|---|---|---|
| ၁ | ခရိုင်ရုံးအဆောက်အအုံဆောက်လုပ်ခြင်း | (၅၀'×၃၀'×၁၁')၊ သံကူကွန်ကရစ်၊ 4 Angle အမိုး | ဥတ္တရသီရိမြို့နယ် နေပြည်တော် |
| ၂ | သစ်စေ့ဓာတ်ခွဲခန်းအဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများဆောက်လုပ်ခြင်း<br>- အဆောက်အအုံဆောက်လုပ်ခြင်း<br>- မီးစက်ရုံဆောက်လုပ်ခြင်း<br>- အတွင်းလျှပ်စစ်ဆက်သွယ်ခြင်း<br>- ရေစင်ဆောက်လုပ်ခြင်းနှင့် ရေသွယ်တန်းခြင်း | ပေ(၅၆×၃၈×၁၂)၊ သံကူကွန်ကရစ်၊ 4 Angle အမိုး၊ ပေ(၁၀×၈)အုတ်ညှပ်၊ နံရံကာ၊ ကွန်ကရစ်ခင်း၊ သွပ်မိုး | ဇေယျာသီရိမြို့နယ်၊ ရေဆင်း၊ နေပြည်တော် |
| ၃ | လမ်းကျောက်ကတ္တရာထပ်ပိုးလွှာခင်းခြင်း | (၃၆၀၀'× ၁၆'× ၄. ၅") | ။ |
| ၄ | (၄)လက်မအချင်း အဝီစိတွင်းတူးခြင်း | | ။ |
| ၅ | ဂါလန်(၃၀၀၀၀)ဆံ့၊ မြေအောက်ရေသိုလှောင်ကန်ဆောက်လုပ်ခြင်း | (၃၀'×၂၀'×၈') | ။ |
| ၆ | စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ခြင်း | (၇၅'×၄၆'×၂၄')၊သံကူကွန်ကရစ်၊ (၂)ထပ်၊ 4Angleအမိုး | ။ |
| ၇ | လမ်းကျောက်ကတ္တရာထပ်ပိုးလွှာခင်းခြင်း | (၃၁၇၅'×၁၆'×၄. ၅") | ။ |
| ၈ | မြေထိန်းနံရံနှစ်ဆင့်ဆောက်လုပ်ခြင်း | (၃')အကျယ်၊ (၁')ထု၊ သံကူကွန်ကရစ်၊ ခါးဖြတ်ယက်မများဖြင့် အောက်အဆင့် (၁၂၀'×၁၆'×၃')၊ အထက်အဆင့်(၁၂၀'×၁၂'×၂'၃") (၃'×၁'×၁၆')မြင့် သံကူကွန်ကရစ်မတ်ထောက်များအပါအဝင် | ။ |
| ၉ | ကျောင်းသား(၅၀)ဆံ့ အိပ်ဆောင်ဆောက်လုပ်ခြင်း | (၁၅၀'×၃၆'×၂၅')၊ သံကူကွန်ကရစ်၊ (၂)ထပ်၊ 4 Angle အမိုး | ။ |

၂။ အထက်ပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန်အတွက် လုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များ အသေးစိတ်ရှင်းလင်းပြောကြားခြင်းကို သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်တွင် ၂၆-၃-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

၃။ တင်သွင်းရမည့် အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အထက်အပိုဒ်ပါ ရက်/နေရာတွင် ဝယ်ယူနိုင်ပါသည်-

၄။ တင်ဒါပေးသွင်းမှုကို ၃၀-၄-၂၀၁၅ ရက် ညနေ ၁၆း၀၀ နာရီတွင် ပိတ်ပါမည်။

၅။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်၊ ဖုန်းအမှတ်-၀၆၇-၄၀၅၀၀၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**သစ်တောဦးစီးဌာန**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်သိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါ အဆောက်အအုံများ ဆောက်လုပ်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား ကုမ္ပဏီ/လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | တည်နေရာ | အဆောက်အအုံအမျိုးအစား |
|---|---|---|---|
| ၁။ | မကွေးတိုင်းဒေသကြီး | မကွေးမြို့ | ရုံးအဆောက်အအုံ သံကူကွန်ကရစ် ပေ(၆၀×၄၀) |
| ၂။ | ကယားပြည်နယ် | လွိုင်ကော်မြို့ | ရုံးအဆောက်အအုံ သံကူကွန်ကရစ် ပေ(၆၀×၄၀) |
| ၃။ | ကရင်ပြည်နယ် | ဘားအံမြို့ | ရုံးအဆောက်အအုံ သံကူကွန်ကရစ် ပေ(၆၀×၄၀) |
| ၄။ | ချင်းပြည်နယ် | ဟားခါးမြို့ | ရုံးအဆောက်အအုံ သံကူကွန်ကရစ် ပေ(၆၀×၄၀) |
| | | | အရာရှိနေအိမ် (၂ခန်းတွဲ) သံကူကွန်ကရစ် ပေ(၄၀×၂၈) |
| | | | အမှုထမ်းနေအိမ် (၂ခန်းတွဲ) သံကူကွန်ကရစ် ပေ(၄၀×၂၈) |

၂။ စိတ်ပါဝင်စားသည့် ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် သိရှိလိုသော အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာများတွင် ဆက်သွယ်စုံစမ်း၍ အဆိုပြုလွှာပုံစံများ ရယူနိုင်ပါသည်။

(က) မကွေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မကွေးမြို့။ — ဖုန်း-၀၆၃-၂၃၀၃၄၊ ၀၆၃-၂၃၀၃၆

(ခ) ကယားပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး သစ်တောဦးစီးဌာန၊ လွိုင်ကော်မြို့ — ဖုန်း-၀၈၃-၂၁၀၃၈

(ဂ) ကရင်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး သစ်တောဦးစီးဌာန၊ ဘားအံမြို့။ — ဖုန်း-၀၅၈-၂၁၉၂၃၊ ၀၅၈-၂၁၂၁၆

(ဃ) ချင်းပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး သစ်တောဦးစီးဌာန၊ ဟားခါးမြို့။ — ဖုန်း-၀၇၀-၂၁၀၈၈၊ ၀၇၀-၂၁၁၀၇

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးရုံးချုပ်၊ နေပြည်တော် — ဖုန်း-၀၆၇-၄၃၁၃၁၆၊ ၀၆၄-၄၃၁၃၄၂

၃။ အဆိုပြုလွှာပုံစံများအား ထုတ်ယူသည့်နေရာတွင် ၇-၄-၂၀၁၅ရက်(အင်္ဂါနေ့)ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ပေးပါရန် ဖော်ပြအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးကျော်စွာဝင်း[၇/ညလပ(နိုင်)၀၉၆၁၉၃]၏ ID No.796643 (DATE: 2.11.2012)အမှတ်ပါ မော်တော်ယာဉ်၏ မူရင်းစာရွက်စာတမ်းပါဖိုင်တွဲမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၂၅၉၄၄၉၄**



ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 RESIDENCE WE DEFINE LIFESTYLE

# 68 RESIDENCE CONDOMINIUM

DEVELOPED BY: UNITED GP Development by GOLDEN PALACE

ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးအွားပိုင်မြေ တစ်ကေပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း



## 5 % Discount
## +
## Interior Decoration Package with fully furnished facilities

( 5th February - 12th April, 2015)
*Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဓာတ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်ခန်းတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်



**More than 84% Sold Out**




**အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။**

ငလျင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင်
တည်ဆောက်ထားပါသည်။

CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း
အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့်
အလွန်ခိုင်မာသောရင်းနှီးမြှုပ်နှံမှု

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060




**Payment System** အရစ်ကျ ၅၀% ပေးချေပြီး (၃၄)ထပ်အမိုးပြီးမှ ၅၀% အရစ်ကျပေးချေရန်

MANDALAY SHOWROOM
Diamond Plaza
Tower (B) : Room No - (B-001), Fouth Floor
HP : + 959 680 1904, 680 1905, 431 43994
diamondinyapalaceyangonmyanmar

YANGON SHOW FLAT & SALES OFFICE
No.2, U Tun Nyein Street, Mayangone Township,
Yangon, Myanmar.
HP : + 959 4200 97992, 4200 97994, 4200 97998
Website : http://www.diamondinyapalace.com




Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar

LIEBHERR




| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 m³ | Euro 13,800 | Euro 20,000 |
| 5 m³ | Euro 15,000 | Euro 20,900 |
| 7 m³ | Euro 16,300 | Euro 21,500 |
| 9 m³ | Euro 20,500 | Euro 26,300 |

**Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.**

Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar

LIEBHERR

# တစ်လပြည့်အလွမ်း

**(၂၁-၂-၂၀၁၅)-(၂၁-၃-၂၀၁၅)**

## ကေမင်းထက်(ခ)ကေကေ (၂၁)နှစ်

**(တောင်ကြီးမြို့)**

သားငယ်ချစ်ထွေး **'ကေမင်း'** လေးရယ်
မိဘစွန့်ခွာ သွားရက် ရှာတယ်
ဖေတို့ မေတို့ ရင်ကျိုးရပြီပေါ့။
ဟန်မူရုပ်သွင် သက်ရှိထင်ရှား
ရှိနေပြားဟု စိတ်မှတ်များကာ
နေ့စဉ်အမျှ မျက်ရည်ကျသည်
ဖြစ်မှဖြစ်ရလေ လူလေးရယ်
ဆို့နင့်ကြေကွဲ
ဝမ်းနည်းခြင်းနဲ့
ဖေဖေ မေမေ တောင်းဆုဝေသည်
သားလေး **'ကေကေ'**
ကောင်းရာသုဂတိလားပါစေ။ ။

**ကျန်ရစ်သူမိသားစု**

**ဖေဖေ - ဦးအောင်ကျော်မင်း(တေဇ-၃)(ရှမ်းကျေး/လက်ညှန်မှူး-ငြိမ်း)**
**၀၉-၄၂၀၀၄၈၇၆၁**
**မေမေ - ဒေါ်နန်းလင်းသီ**
**သားကြီး-စိုင်းတေဇာဖြိုး[First Engineer (FG)]-**
**ဒေါက်တာလွင်နေခြည်အောင်**
**သမီးလတ်-မမြတ်မွန်အောင်(လာအို-မြန်မာသံရုံး)**

## ကိုသန့်ဇင် CAR RENTAL

**ကားမျိုးစုံကို ခရီးစဉ်**
**လချုပ် အချိန်ပိုင်းငှားသည်။**
**ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။**
**ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁**

## ခြံရောင်းမည်

မှော်ဘီမြို့၊ မြို့မတိုးချဲ့(၂)ရပ်ကွက်၊ ရန်ကုန်ပြည်လမ်းအနီး၊ ပေ(၆၀ × ၈၀) ရေမီးစုံ၊ ဂရန်မြေ။

**Ph-09799437698, 09-420104728**
**(ညှိနှိုင်းဈေး)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြယာရိုးကျေးရွာ၊ အမှတ်(၆)၊ အကျယ်အဝန်း အလျားပေ(၄၀) × အနံ(၅၅)ပေရှိ မြေကွက်(၂)ကွက်နှင့် ၎င်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ပိုင်ဆိုင်သူဖြစ်သော ဦးစိုးသိန်း [၁၂/မဂတ(နိုင်)၀၉၀၉၆၃]ထံမှ ကျွန်ုပ်မိတ်ဆွေ F/35၊ ရွှေစံပါယ်(၃)လမ်း၊ လှိုင်သာယာ City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဟိန်းထက်အောင်(ဘ)ဦးတင်အောင်ကြည်[၁၂/လမတ(နိုင်)၀၀၁၃၂၇]က စာချုပ်စာတမ်းအပြည့်အစုံနှင့် ဝယ်ယူပြီး အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ အထက်ပါလိပ်စာရှိ ခြံ(၂)ခြံတွင် နေအိမ်ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများ ပြုလုပ်တော့မည်ဖြစ်၍ အထက်ပါ ခြံများနှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးဟိန်းထက်အောင်ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်း(B.A,R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၈၆)**
**၁၂၈၊ ဘုရားလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ကျေးဇူးတင်ရှိခြင်း

၁၂-၃-၂၀၁၅ ရက်တွင် မန္တလေးမြို့၌ ပျံလွန်ဆုံးပါးခဲ့သော အဂ္ဂမဟာဂန္ထဝါစက၊ ဓမ္မာစရိယ စာချ သီလရှင်ဆရာကြီး သာသနာ့အာဇာနည် ဒေါ်ခေမာစာရီ၏ အန္တိမဈာပန ကျင်းပရာတွင် ကူညီပေးခဲ့ကြသော မန္တလေးဆေးရုံကြီးမှ တာဝန်ရှိသူများ၊ တောင်သာမြို့နယ်၊ မဟာဗောဓိဘုရားကြီးကျောင်းတိုက် နာယကဆရာတော်နှင့် သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများ၊ လူပုဂ္ဂိုလ်များ၊ အနယ်နယ်အရပ်ရပ်မှ သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူဆွေမျိုးများ**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါ်ရင်ရင်စိုး ၏မိခင်၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်စိန်လှိုင်(ခ)အိန်စွိလျန်(မြောင်းမြ) အသက်(၉၅)နှစ်သည် ၁၄-၃-၂၀၁၅(စနေနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**သူငယ်ချင်း ဦးတင့်နိုင်**
**မိုးမခရွှေဆိုင်**
**ရန်ကုန်မြို့။**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးအေးမိုး(မကြီး) (၄၇)နှစ်**
**ကထိက(မြန်မာစာဌာန)၊ မုံရွာတက္ကသိုလ်၊**
**ဒေါ်အေးအေးစိုး(မငယ်) (၄၇)နှစ်**
**ကထိက(ရူပဗေဒဌာန)၊ မုံရွာတက္ကသိုလ်**

ဦးခိုင်ဇာကျင့်(ဦးစီးအရာရှိ ငြိမ်း၊ ပြည်တွင်းအခွန်ဌာန)-ဒေါ်မြင့်မြင့်အေးတို့၏ချစ်လှစွာသော ညီမနှစ်ယောက်သည် ၁၄-၃-၂၀၁၅ ရက်(စနေနေ့) ညနေ ၄း၂၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်စိုးသိမ်း-ဒေါ်ဝင်း(မိတ္ထီလာ)**
**ဗိုလ်မှူးဇော်မင်း(ငြိမ်း)-ဒေါ်ချယ်ရီ**
**သူငယ်ချင်း-သင်းသင်းလင်း(မင်္ဂလာဒုံ)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှကြွယ်(မကွေး)**
**အသက်(၈၃)နှစ်**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဒေါက်တာအောင်သန်းထွန်း(ညွှန်ကြားရေးမှူး)၏မိခင် ဒေါ်လှကြွယ် အသက်(၈၃)နှစ်သည် ၁၁-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**83th Batch BVS သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းမြင့်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဝမ်းတွင်းမြို့နယ်)-ဒေါ်မိမိ၊ ဦးမျိုးဇော်အောင်(Diamond Auto Showroom & United Diamond Motor Co.,Ltd-Nissan)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီး(ကံကော်ရွှေပြည်)၏မွေးမိခင် ကျေးဇူးရှင် ဒေါ်လှခင်(**'သိန်း'** အထည်စက်ရုံ-ဝမ်းတွင်းမြို့) အသက်(၉၃)နှစ်သည် ၁၉-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**BOD နှင့် ရုံးဝန်ထမ်းများမိသားစု**
**United Diamond Motor Co.,Ltd-Nissan**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းမြင့်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဝမ်းတွင်းမြို့နယ်)-ဒေါ်မိမိ၊ ဦးမျိုးဇော်အောင်(Diamond Auto Showroom & United Diamond Motor Co.,Ltd-Nissan)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီး(ကံကော်ရွှေပြည်)၏မွေးမိခင် ကျေးဇူးရှင် ဒေါ်လှခင်(**'သိန်း'** အထည်စက်ရုံ-ဝမ်းတွင်းမြို့) အသက်(၉၃)နှစ်သည် ၁၉-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**BOD နှင့် ရုံးဝန်ထမ်းများမိသားစု**
**Diamond Auto Car Showroom**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်စိန်လှိုင်(ခ)အိန်စွိလျန်(မြောင်းမြမြို့)**
**အသက်(၉၅)နှစ်**

ဦးထွန်းလင်း-ဒေါ်ရင်ရင်စိုး၊ ဦးသိန်းဝင်း-ဒေါ်ယဉ်ယဉ်ဝင်း တို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်စိန်လှိုင်(ခ)အိန်စွိလျန် အသက်(၉၅)နှစ်သည် ၁၄-၃-၂၀၁၅(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့**
**Peace Myanmar Electric Co.,Ltd.**
**(Mitsubishi Electric)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းမြင့်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဝမ်းတွင်းမြို့နယ်)-ဒေါ်မိမိ၊ ဦးမျိုးဇော်အောင်(Diamond Auto Showroom & United Diamond Motor Co.,Ltd-Nissan)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီး(ကံကော်ရွှေပြည်)၏မွေးမိခင် ကျေးဇူးရှင် ဒေါ်လှခင်(**'သိန်း'** အထည်စက်ရုံ-ဝမ်းတွင်းမြို့) အသက်(၉၃)နှစ်သည် ၁၉-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**ဥက္ကဋ္ဌ ဦးဒိန်ယိန်းနှင့်ဇနီး ဒေါ်ခေါ်ဝင်း မိသားစု**
**Developers Entrepreneurs Liaison Construction Organizers (Delco Limited)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးချိုပါ(ခ)ဦးမျိုးခင်**
**အသက်(၇၀) B.A(Philosophy)**
**ရန်ကုန်တက္ကသိုလ်များ ဘောလုံးလက်ရွေးစင်ဟောင်း**

အင်းစိန်၊ ကြို့ကုန်း၊ (၅)လမ်း(မြောက်)နေ ဒေါ်ညွန့်ညွန့်လွင်(ခ)စုစုလွင်၏ ခင်ပွန်း ဦးချိုပါ(ခ)ဦးမျိုးခင်သည် ၂၂-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်ဒဿနိကဗေဒ**
**(၁၉၇၀) သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းမြင့်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဝမ်းတွင်းမြို့နယ်)-ဒေါ်မိမိ၊ ဦးမျိုးဇော်အောင်(Diamond Auto Showroom & United Diamond Motor Co.,Ltd-Nissan)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီး(ကံကော်ရွှေပြည်)၏မွေးမိခင် ကျေးဇူးရှင် ဒေါ်လှခင်(**'သိန်း'** အထည်စက်ရုံ-ဝမ်းတွင်းမြို့) အသက်(၉၃)နှစ်သည် ၁၉-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**BOD နှင့် ရုံးဝန်ထမ်းများမိသားစု**
**Developers Entrepreneurs Liaison Construction Organizers (Delco Limited)**

## ရောင်းရန်ရှိသည်။

အသုံးပြုနေဆဲ ပလတ်စတစ် PET ဘူးခွံထုတ်စက် (Blowing Machines) ကျူ့ထုတ်စက်၊အဖုံးထုတ်စက် (Injection Machines -260 PET ,380 PETများရောင်းရန်ရှိသည်။ဆက်သွယ်ရန် –၀၁. ၆၁၈၂၉၀ ၊ ၆၁၈၂၉၁ (Ext : 102) သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပါရန်။

## ဝန်ထမ်းအလိုရှိသည်

**Office Staff** ကျား (၂)ဦး
- အသက်(၂၀မှ၃၀)နှစ်၊ ဘွဲ့ရ၊ Word,Excel ကျွမ်းကျင်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်

**Driver** (ကျွမ်းကျင်) ကျား (၃)ဦး
- အသက်(၂၅ မှ ၄၀)နှစ်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်၊

**အထွေထွေဝန်ထမ်း** ကျား (၁၀)ဦး
- အသက်(၂၀မှ၃၀)နှစ်၊ အခြေခံပညာအလယ်တန်းအဆင့်

အမှတ်(၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။

**ဖုန်း-၀၉-၇၃၀၂၇၇၃၃**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်းအောင် (၆၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၁၉၉)၊ လေးလွှာနေ ဒေါ်မြင့်မြင့်စိန်၏ခင်ပွန်း ဦးသိန်းအောင်သည် ၁၇-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၉-၁၉၇၃ မြန်မာစာအဓိကမှ သူငယ်ချင်းများ**

Hot Line No-0930500100

ယနေ့ **မာတိကာ**

အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့ (IPI) ၏ ညီလာခံနှင့် မြန်မာနိုင်ငံ

စာမျက်နှာ - ၅

နှစ် (၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပြည်သူ၏ "သား"၊ ပြည်၏ "အား"

စာမျက်နှာ - ၆

ရခိုင်ကမ်းလွန် ရေနံလုပ်ကွက်များ၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆို

စာမျက်နှာ - ၁၀



# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးသော လိုအပ်ချက်များဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ခြင်းဖြင့် လူထုယုံကြည်မှုကို ရရှိနိုင်မှာဖြစ်

**ရန်ကုန်　မတ်　၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က) ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က)၌ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်လျက်ရှိသော KOYORAD MYANMAR FACTORY PROJECT သို့ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်းရှိ မြန်မာအလုပ်သမား ၂၀၀ကျော်ကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းတည်ဆောက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယသမ္မတသည် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်လျက်ရှိသည့် GOLDEN TOKYU Construction သို့ရောက်ရှိပြီး လုပ်ငန်းပြီးစီးမှု အခြေအနေများကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

# နေစွမ်းအင်သုံး Solar Impulse - 2 လေယာဉ် လာရောက်လေ့လာသူများပြား




သတင်း - ကျော်ထိုက်စိုး
ဓာတ်ပုံ - မင်းမင်းဇော်

**မန္တလေး　မတ်　၂၁**

မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရောက်ရှိနေသော နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse -2 အား ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ လာရောက်လေ့လာကြသည်။**(ဝဲပုံ)**

ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ လာရောက်လေ့လာနိုင်ရန် သက်ဆိုင်ရာကျောင်းများ၊ ဌာနများက စီစဉ်ပေးထားကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့**

# အာရှယူ-၂၃ ခြေစစ်ပွဲမတိုင်မီ ခြေစမ်းမည့် မြန်မာနှင့် မလေးရှား

သတင်း စာမျက်နှာ ၁၂




မြန်မာ ယူ-၂၃ ကစားသမား တစ်ဦးကို တွေ့ရစဉ်။

## မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ



ကျွန်မက ဘိုကလေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနေ့စဉ်ကျောင်းသို့သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းအချိန်မီအောင်သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့-မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မမျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေဘယ်လောက်သုံးသုံး အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေက **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး** ဘူးလေး ဝယ်လာလို့လိမ်းကြည့်လိုက်တော့ ရနံ့လေးက သင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာသုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်တွေနဲ့ မှဲ့ခြောက်တွေ မရှိတော့ဘဲ ဖြူပြီးဖွေးလာကာ အဆီမပြန်တော့ဘဲ သနပ်ခါးလည်းတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာခဲ့ပါတယ်။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီးတင်ရှိပါတယ်။

ဒေါ်တင်စန္ဒာဝင်း (မူလတန်းပြ) လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဘိုကလေးမြို့၊ ရောဝတီတိုင်းဒေသကြီး၊

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်တင်တင်မြင့်(အလယ်တန်းပြ) အမှတ်(၃) စိန်ပန်းလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ဒေါ်တင်စန္ဒာဝင်း

themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ
The Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2015 MARCH 22, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

စိုက်ပျိုးရေး

# ထိုက်တန်သောအကျိုးအမြတ်ရရှိရေးအတွက် မိမိတို့၏ထုတ်ကုန်များ တန်ဖိုးမြှင့်ပြုပြင်ပြောင်းလဲရန်လို



ရာမည-သွေးမွန်

မိမိတို့၏ပြည်သူများ လူမှုဘဝဖူလုံရေး၊ တိုးတက်မှုနှင့် ငြိမ်းချမ်းပြီး ကျန်းမာချမ်းသာသော နိုင်ငံတစ်ခုအဖြစ် ဖော်ဆောင်နိုင်ရန်မှာ စားနပ်ရိက္ခာလုံခြုံရေးနှင့် အာဟာရ ပြည့်ဝရေးသည် အဓိကဦးစားပေးလိုအပ်ချက်ဖြစ်သည်။ ဤသည်မှာ ဝင်ငွေနည်းပါးသော မိသားစုအများအပြားစုရှိသည့် နိုင်ငံတစ်နိုင်ငံအဖို့ ဧကန်အမှန်တရားသာဖြစ်ရာ စားရေရိက္ခာ ဖူလုံလောက်ငမှုမရှိဘဲ မိမိတို့ပြည်သူများ၏ လူမှုဘဝ၊ သာယာဝပြောသော လူနေမှုအသိုင်းအဝိုင်းကို တည်ဆောက်နိုင်မည် မဟုတ်။

ထို့ကြောင့်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၏ ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals-MDGs)တွင်လည်း ၂၀၂၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး(Zero Hunger) ရည်မှန်းချက် သတ်မှတ်ထားရှိသည့်အတိုင်း တစ်ကမ္ဘာလုံး၏ ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် နိုင်ငံအသီးသီး လက်တွဲညီညီ ကြိုးပမ်းဖော်ဆောင်နေခြင်းဖြစ်သည်။

နိုင်ငံအတွင်းရှိ ဝင်ငွေနည်း တောင်သူအများစုအဖို့ တစ်နိုင်တစ်ပိုင်မွေးမြူ/စိုက်ပျိုးလုပ်ငန်းဖြင့် အသက်မွေးကြရသည့် လုပ်ကွက်ငယ်ပိုင် မိသားစုများ၊ နည်းပညာ၊ ငွေကြေးအရင်းအနှီး ခေတ်မီလယ်ယာသုံး စက်ပစ္စည်းကိရိယာများ ချို့တဲ့ကြသည်။ မိသားစုလယ်ယာလုပ်ငန်းမှ ရရှိသောဝင်ငွေနည်းပါးမှုကြောင့် တောင်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ကျန်းမာပျော်ရွှင်စွာ လူတန်းစေ့နေထိုင်နိုင်ရေး စသည့် အထွေထွေလူမှုရေးလိုအပ်ချက်ရှိနေသည်မှာလည်း အမှန်ပင်။ ထို့ကြောင့်လည်း ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀) ပြည့် ရွှေရတုအခမ်းအနား (၃၁/ အောက်တိုဘာ) စာတမ်းဖတ်ပွဲတွင် အသုံးချဘောဂဗေဒဌာနမှ ကထိကဆရာမ ဒေါ်တင်တင်ဝေက "အခုဆိုရင် ကျေးလက်ဒေသမှာ အလုပ်အကိုင် ရှားပါးလာတဲ့အတွက် လယ်ယာကဏ္ဍတွေမှာ ထိုက်သင့်သလောက် အကျိုးအမြတ်မရတဲ့အတွက် လူငယ်လူရွယ် လူလတ်မြို့တက်အလုပ်လုပ်ရ၊ အခြားဒေသသွားလုပ်၊ လယ်ယာလုပ်သားရှားပါးလာ၊ Eudcation ပေးဖို့၊ Training ပေးဖို့ဆိုတာလည်း အားနည်းချက်တွေရှိနေ"ဟူ၍ ဆိုသည်ကို တွေ့ရလိုက်သည်။

ယင်းသို့သော လိုအပ်ချက်များ၊ မပြည့်စုံမှုများကြောင့် ဝင်ငွေရလမ်းနည်းပါးသည့် တောင်သူများ လယ်ယာလုပ်ငန်းခွင်ကို စွန့်လွှတ်ကာ အခြားသောဝင်ငွေရလမ်းများ မကျွမ်းကျင်သော အဝန်းအဝိုင်းသို့ မျက်ကန်းတောတိုး တိုးဝင်နေကြရသည်မှာလည်း အမှန်ပင်ဖြစ်ရာ မိမိတို့၏ဘဝ၊ မိမိတို့၏သိက္ခာကို ချွေဖွဲ့ပွန်းတီးခံနေကြရသည့်အဖြစ်သာတည်း။ သို့သော်လည်း မိရိုးဖလာ လယ်ယာလုပ်သားရှားပါးလာမှု ပြဿနာ စိန်ခေါ်သံသည် နိုင်ငံပြုပြင်ပြောင်းလဲရေး ယန္တရားတစ်ခုလုံးကို ခြိမ်းခြောက်နိုင်သည်တော့မဟုတ်။ စိတ်ပျက်အားလျော့နေရမည့်ကိစ္စမဟုတ်။ အခက်အခဲမှန်သမျှသည် ကော်ကပ်ထားသောအရာ မဟုတ်။ ကျော်ဖြတ်သွားရမည့်အရာဟု မှတ်ယူကြရမည်ဖြစ်သည်။

အမှန်မှာစိုက်ပျိုးထုတ်လုပ်မှု၊ အရေအတွက် ပြည့်မီရုံမျှနှင့်မရ။ မိမိတို့၏ သစ်သီးဝလံသီးနှံများ ထိုက်တန်ပြည့်ဝသော ဈေးကွက်နှင့် တိုက်ရိုက်ချိတ်ဆက်နိုင်မှု၊ ခေတ်မီနည်းပညာဖြင့် မိမိတို့၏ ထုတ်ကုန်များတန်ဖိုးမြှင့်တင်ထုတ်ကုန်များ (Value Added Products) အဖြစ်ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ဓာတုကင်းလွတ် (Chemical Free) သီးနှံဖြစ်ရေး၊ အဆင့်မြင့်သန့်စင်စက် (Fruit Processing Plant)၊ စက်ဖြင့် အရောင်တင်ခြင်း (Polishing)၊ စက်ဖြင့် အရွယ်အစားခွဲခြားခြင်း (Sizing) စသည်တို့ဖြင့် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံသောသီးနှံ (Food Safety)ဖြစ်ရေး ဂရုတစိုက်ပြုလုပ်ကြဖို့လိုသည်။

ဤသည်ကို "မြန်မာနိုင်ငံရဲ့ သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံတွေက ဆောင်ရွက်နေတဲ့ လုပ်နည်းလုပ်ဟန်တွေကို လေ့လာဆည်းပူးဖို့လိုအပ်ကြောင်း၊ နှစ်အလိုက် ပြည်ပတင်ပို့မှုတိုးတက်နေပေမယ့် ပိုမိုအကျိုးအမြတ်ရရှိဖို့နဲ့ နည်းစနစ် ဖွံ့ဖြိုးတိုးတက်မှုရှိဖို့ တာဝန်ရှိသူတွေက ပံ့ပိုးပေးဖို့လိုအပ်တယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ၂၈ အောက်တိုဘာ သစ်သီးဝလံဈေးကွက်နှင့် အရောင်းအဝယ်စနစ်များတိုးတက်ဖြစ်ထွန်းရေး အလုပ်ရုံဆွေးနွေးပွဲတွင် ထောက်ပြပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိတို့ထုတ်ကုန် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် ကာလတိုအတွင်း ပုပ်သိုးပျက်စီးလွယ်သည်ကို သတိရှိကြရပါမည်။ ဒေသတွင်းစိုက်ပျိုးထွက်ရှိသီးနှံများအား ရိတ်သိမ်းချိန်လွန်နည်းပညာများ အားနည်းခြင်း၊ ဈေးကွက်သို့သယ်ယူပို့ဆောင်ရန် ခက်ခဲခြင်းနှင့် သယ်ယူစရိတ်ကြီးမားနေတတ်ခြင်းများလည်းရှိသည်။ ဈေးကွက်တွင်ဖြစ်ပေါ်နေသော အခြေအနေကို ချိန်ဆမှုမရှိဘဲ တစ်ပြိုင်နက်တည်း ဧကများစွာ စိုက်ပျိုးထုတ်လုပ်ခဲ့သောကြောင့်လည်း မှန်းချက်နှင့် နှမ်းထွက် မကိုက်တာမျိုး ကြုံကြရသည်လည်းရှိပါသည်။

တောင်သူတို့ ကြုံကြရလေ့ရှိသော အဟန့်အတားများတွင် ထွက်ကုန်သီးနှံဈေးနှုန်းတည်ငြိမ်မှုမရှိဘဲ အတက်အကျ မြန်ဆန်ခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်သူများ ဆုံးရှုံးရမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းများလည်းရှိသည်။ စိုက်ပျိုးထွက်ရှိရာမှ ပိုလျှံသီးနှံများအား တာရှည်ခံ ကုန်ထုတ်လုပ်သည့် နည်းပညာများနှင့် စက်ကိရိယာများ အသုံးမချနိုင်ဘဲ အစဉ်အလာထုံးတမ်းနည်းနာဖြင့် လုပ်သဖြင့်လည်း အားနည်းရခြင်းများ ဖြစ်ရတတ်သည်။ သီးနှံဈေးကွက် သတင်းအချက်အလက်များ အချိန်မီမရရှိခြင်းသည် အုပ်စုဖွဲ့ ချိတ်ဆက်ဆောင်ရွက်သည့် အလေ့အထ အားနည်းမှုဖြစ်ကြောင်း အမှန်ကိုသိမြင်ကြဖို့လိုသည်။

သို့ဖြစ်ရာ သီးနှံများလှိုင်လှိုင်ထွက်ရှိချိန်တွင် ရောင်းလိုအား၊ ဝယ်လိုအား ဈေးကစားမှုကြောင့် ဈေးကောင်းမရနိုင်ဘဲ အနိမ့်ဈေးနှင့် တိုးရခြင်းများရှိနိုင်သည်။ မိမိတို့၏ ရောင်းကုန်များ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ စိုက်ပျိုးထုတ်လုပ်သူများ၏ စိုက်ဧကလျှော့ချစိုက်ပျိုးခြင်း၊ တိုးမြှင့်၍စိုက်ပျိုးခြင်း၊ ဈေးကျခြင်းတို့ကို ဂရုတစိုက် စဉ်ဆက်မပြတ် လေ့လာနေသင့်သည်။ ရာသီမဟုတ်သည့် ရှားပါးသီးနှံများထွက်ရှိချိန်ဆိုပါက ဗေဒင်မေးစရာမလို အမြင့်ဈေးရမည်မှာ သေချာပါသည်။

အဓိကအားဖြင့် မိမိတို့၏သီးနှံများမှာ ပြည်တွင်းဈေးကွက်တွင်သာ အများစုက ရောင်းချနေကြရပါသည်။ အမှန်မှာ ထွက်ရှိသော သီးနှံများသည် ပြည်တွင်းစားသုံးမှုထက် ပိုလျှံနေသည်သာဖြစ်ရာ ပြည်ပပို့ကုန်အဖြစ် မိမိအထက်တွင်ဆိုခဲ့သည့်အတိုင်း ပို့ကုန်များအဖြစ် အားထုတ်ကြရန်လိုပါသည်။ ယင်းသို့ပို့ကြမည်ဆိုပါက မိမိတို့၏ သီးနှံများ ပစ္စည်းမှန်အောင်ထုတ်လုပ်ပြီး ဈေးနှုန်းမှန်ရရန်လည်း လိုအပ်ပါသည်။ သစ်သီးဝလံများ အရည်အသွေးမှန် တန်ဖိုးမြှင့်တင်ကြရန်အရေးကြီးပါသည်။ ကုန်ကြမ်းသဘောထား၍ ကုန်ကြမ်းအဖြစ်ပို့မိပါက ကုန်ကြမ်းဈေးကိုသာ မျှော်မှန်းနိုင်မည်ကို သတိပြုကြရပါသည်။

ဟင်းသီးဟင်းရွက် သစ်သီးဝလံများအား ပြုပြင်မွမ်းမံခြင်းဖြင့် ကြာရှည်ခံစားသောက်ကုန်များရရှိကာ ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၏ မူလတန်ဖိုးထက် ပိုမိုတိုးမြှင့်ရရှိမည်သာဖြစ်ပါသည်။ မိမိတို့ထုတ်ကုန်များကို ကျပ် ၁၀၀ တန်ဖိုးကုန်ကြမ်းအဖြစ် သတ်မှတ်ကာပြည်ပသို့ ရောင်းချလိုက်ရပြီး ယင်းကုန်ကြမ်းကိုပင် ပြုပြင်မွမ်းမံတန်ဖိုးမြှင့်ပြီး ပြန်ဝင်လာပါက ကျပ် ၁၀၀၀ တန်ဖိုးအဖြစ်ပေး၍ မိမိတို့ ပြည်သူများ စားသုံးကြရမည်ကို မြင်တတ်ကြရမည်ဖြစ်သည်။

ရိုးရာစားသောက်ကုန်များ အရည်အသွေး မြှင့်တင်ခြင်းနှင့် စားသောက်ကုန်များ ထုတ်လုပ်ပုံ၊ ထုတ်လုပ်နည်းများကို အနုစိတ်မွမ်းမံဆောင်ရွက်ခြင်းသည် မိမိတို့၏ ထုတ်ကုန်အရည်အသွေးမြင့်ရုံမျှမက အကျိုးအမြတ် တိုးပွားရရှိစေပါသည်။ တောင်သူများ၏ ထုတ်ကုန်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဖျော်ရည်များ၊ သစ်သီးယိုများ၊ စည်သွတ်ဘူးများ၊ ဆော့စ်များ၊ အကြော်အလှော်များ၊ တော်ဖီများ၊ အခြောက်ခံခြင်း၊ အချဉ်ထည့်ခြင်း၊ ဆားရည်စိမ်ခြင်း စသည်ဖြင့် ကုန်ကြမ်းများကို ကုန်ချောတန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ပြုပြင်ပြောင်းလဲခြင်းများသာဖြစ်ပေရာ အကျိုးအမြတ် ပိုမိုရယူလိုသူတို့ အသုံးချရမည့် နည်းပညာများသာ ဖြစ်ပါသည်။

မိမိတို့နိုင်ငံအဖို့လက်ရှိထုတ်လုပ်လျက်ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များမှာ ခရမ်းချဉ်မှ ခရမ်းချဉ်သီးယို၊ ခရမ်းချဉ်သီးဆော့စ်၊ အာလူးမှ အာလူးခြောက်၊ အာလူးကြော်၊ ကြက်သွန်ဖြူမှ ကြက်သွန်ဖြူပျားရည်၊ ကြက်သွန်ဖြူခြောက်၊ ကြက်သွန်ဖြူကြော်၊ ပဲပုပ်မှ ပဲနို့ရည်၊ ပဲပုပ်ပြား၊ ပဲပုပ်ကြော်၊ တို့ဟူး (တရုတ်)၊ ကြက်သွန်နီမှ ကြက်သွန်နီကြော်၊ ကြက်သွန်နီခြောက်၊ ငရုတ်သီးမှ ငရုတ်အမှုန့်အမျိုးမျိုး၊ ငရုတ်ဆော့စ်၊ သရက်မှ သရက်ဖျော်ရည်၊ သရက်ပြင်၊ သရက်ပြား၊ သရက်ခြောက်၊ သရက်သီးသနပ်၊ သရက်ချဉ်၊ ငှက်ပျောမှ ငှက်ပျောခြောက်၊ ငှက်ပျောကြော်၊ ငှက်ပျောတော်ဖီ၊ နာနတ်မှ နာနတ်ဖျော်ရည် (နာနတ်ဆိုင်းရပ်)syrup နာနတ်ယို၊ ဆီးမှ ဆီးသီးယို၊ ဆီးပေါင်း၊ ဆီးသီးခြောက်၊ ဆီးဖျော်ရည်၊ ရှောက်/သံပရာမှ သံပရာဖျော်ရည်၊ မားမလိမ်၊ ရှောက်တစ်လုံးယို၊ ရှောက်ပေါင်း၊ ရှောက်ပျားရည်၊ နဂါးမောက်သီးမှလည်း Dragon fruit juice\Cike၊ ကျွဲကောသီးမှလည်း ကျွဲကောသီးအခွံယို စသည်ဖြင့် အမယ်စုံအများအပြားထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ၏လူဦးရေသည် သန်း ၆၀ ခန့် (ပြည်ပရောက်အင်အားအပါအဝင်ဆိုလျှင်ရှိနိုင်ပါသည်)ရှိပြီး ကျေးလက်နေပြည်သူများမှာ လူဦးရေ၏ ခုနစ်ရာခိုင်နှုန်းဖြစ်ရာ ကျေးလက်နေပြည်သူများ၏ စီးပွားရေး အခွင့်အလမ်းပွင့်လင်းနိုင်ပါမှ လူတစ်ဦးချင်း ဝင်ငွေတိုးတက်နိုင်မှာဖြစ်သည်။ သို့မှလည်း မိမိတို့မြန်မာနိုင်ငံ၏ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်ဖြစ်သော ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှု ထက်ဝက်လျှော့ချနိုင်ခြေရှိသည်။

သို့ဖြစ်ရာ ဟင်းသီးဟင်းရွက်သစ်သီးဝလံ အမြောက်အမြားထွက်ရှိ၊ ကုန်ကြမ်း အလျှံအပယ် ရရှိနိုင်မည့်ဒေသ၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော နေရာများသို့ ကနဦးရွေးချယ်ကာ နိုင်ငံတစ်နံတစ်လျားသို့ တိုးချဲ့ရွေးချယ်စီမံရပါမည်။ ပိုလျှံသီးနှံများကို ကြည်ရှည်ခံထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်ခြင်းအားဖြင့်လည်း တန်ဖိုးမြင့်ထွက်ကုန်များရရှိလာကာ တောင်သူများ ဝင်ငွေပိုမိုရရှိမည်ဖြစ်သည်။ ထို့အပြင် သီးနှံများအတွက်လည်း တည်ငြိမ်သော ဈေးကွက်ရှိရန် လိုအပ်ပါသည်။ သို့မှလည်း မိမိတို့တောင်သူများ၏ တန်ဖိုးမြှင့်ထုတ်ကုန်များ ဈေးကွက်တွင် မျက်နှာပန်းပွင့်ကာ အမြဲတမ်းတည်မြဲနေမည်ဖြစ်ကြောင်း လေ့လာရေးသားရပါသည်။

❖ ❖ ❖

# ဆေးပညာသတင်းဆန်းများ (၉၀)

**ဒေါက်တာကံညွန့်**

လူတွေဟာ နေ့စဉ်နဲ့အမျှ အစားအသောက်တွေ စားသောက်နေတယ်။ ဒါပေမယ့် ဘယ်အစားအသောက်မှ ကိုယ်ခန္ဓာရဲ့ လိုအပ်တဲ့အာဟာရဓာတ်ကိုပြည့်ပြည့်ဝဝ မဖြည့်ပေးနိုင်ဘူးလို့ဆိုပါတယ်။ ဒါကြောင့်အသက်အရွယ်ကြီးလာတဲ့လူတိုင်းမှာ ဒီလိုလိုအပ်ချက်တွေရှိတာကြောင့် Supplement ခေါ်တဲ့ နေ့စဉ်ဖြည့်စွက်စားသင့်တဲ့ ဆေးတွေကို ဖော်ညွှန်းထားတဲ့ သတင်းတစ်ပုဒ်ကို တင်ပြချင်ပါတယ်။ ဒါကတော့ စင်ကာပူနိုင်ငံထုတ် Healthy Times ဂျာနယ်မှာ ဖော်ပြထားတာပါ။

Supplement အနေနဲ့ လိုအပ်တာတွေကတော့ (1) Multivitamin ၊(2) Antioxidants၊ (3)Ubiquinol ခေါ်တဲ့ Coenzyme Q 10 ၊(4) Omega 3 Fatty Acids၊ (5) Vitamin B Complex ၊ (6) Xamthin နှင့် Lutein ပါဝင်တဲ့ မျက်စိအားဆေး၊(7)Glucosamine နှင့် Chondroitin၊ (8) Calcium နှင့် Magnesium တို့ပဲဖြစ်ပါတယ်။

ပထမဆုံးဖော်ပြထားတဲ့ Multivitamin ဆေးဟာ တစ်နေ့တာပင်ပန်းနွမ်းနယ်မှုကို ခံနိုင်ဖို့ မနက်မှာအစာတစ်ခုခုစားပြီး သောက်သင့်တယ်လို့ဆိုပါတယ်။ နောက်ဖော်ပြထားတဲ့ Antioxidant ဆေးဟာလည်း ကိုယ်ခန္ဓာရဲ့ Healthy Cells တွေကို တိုက်ခိုက်နေတဲ့ toxins, Chemicals နှင့် Pollutants တွေရဲ့ဒဏ်ကကာကွယ်နိုင်တာကြောင့် မဖြစ်မနေ စားသုံးသင့်တယ်လို့ဆိုပါတယ်။ ဒီဆေးဟာ နှလုံးကျန်းမာဖို့လည်း အထောက်အကူပြုတယ်လို့ ဆိုပါတယ်။နောက်ဆေးတစ်ခုဖြစ်တဲ့ Coenzyme Q 10 ဟာလူ့ခန္ဓာကိုယ်ထဲက Cells တွေရဲ့ Mitochondria ခေါ်တဲ့ အစိတ်အပိုင်းမှာအဓိကပါဝင်နေတဲ့ Cells တွေရှင်သန်ရေးအတွက် အရေးကြီးတဲ့ ဓာတ်တစ်မျိုးဖြစ်တယ်။ ဒီဓာတ်ဟာ ကြွက်သားထဲက Cells တွေအထူးသဖြင့် နှလုံးကြွက်သားရှင်သန်ရေး၊ သွားဖုံး Cells တွေရှင်သန်ရေးမှာ အရေးပါတာကြောင့်အသက်ကြီးလာသူတွေမှာ မဖြစ်မနေ စားသုံးသင့်တယ်လို့ဆိုပါတယ်။ ဒီဆေးကို Cholesterol ကျဆေး စားသုံးနေသူတွေမှာ မဖြစ်မနေ စားသင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် Cholesterol ကျဆေးဟာ ဒီ Coenzyme Q 10 ဓာတ်ကိုနည်းစေနိုင်တာကြောင့်လို့ဆိုပါတယ်။

Omega 3 Fatty Acid ခေါ်တဲ့ Fatty Acid တစ်မျိုးဟာ ငါးကြီးဆီကရတာဖြစ်ပြီး ကိုယ်ခန္ဓာထဲမှာ ဖြစ်ပေါ်တတ်တဲ့ ရောင်ရမ်းမှုအားလုံးကို ကာကွယ်နိုင်တဲ့ ဆေးဖြစ်ပြီး သွေးတိုးရောဂါကိုထိန်းခြင်း၊ Cholesterol Level ကို ကျစေနိုင်တဲ့အာနိသင်ရှိတာကြောင့်စားသုံးသင့်တဲ့ဆေးဖြစ်ပါတယ်။

B Complex ဆေးမှာ Vitamin B1၊B2၊B3၊B4၊B5၊B6၊B9နဲ့ B12တို့ ပါဝင်ပါတယ်။ ဒီဆေးဟာ အသက်အရွယ်ကြီးရင့်တာကို ကာကွယ်ခြင်း၊ ဦးနှောက်ကောင်းခြင်း၊ ဆံပင်၊ အရေပြား၊ လက်သည်းခြေသည်းကောင်းမွန်ခြင်း အထူးသဖြင့် Adrenal ခေါ်တဲ့ ခန္ဓာကိုယ်အတွက်အရေးကြီးတဲ့ ဟော်မုန်းတစ်မျိုးထုတ်လုပ်တဲ့ Gland ကို အားပေးတဲ့အတွက် စိတ်ဖိစီးမှု (Stress) ကို သက်သာခြင်းတို့ ဖြစ်စေတယ်လို့ ဆိုပါတယ်။

မျက်စိအားဆေးအဖြစ် Vitamin A နှင့် D အပါအဝင် Astaxanthin, Zeaxamthin နှင့် Lutein ပါဝင်တဲ့ ဆေးဟာ အသက်အရွယ်ကြီးလာရင်ဖြစ်တဲ့ အတွင်းတိမ်နှင့် Macular Defonenation ခေါ်တဲ့ မျက်စိအာရုံခံလွှာ ချို့ယွင်းပြီးဖြစ်တဲ့သက်ကြီးမျက်စိမှုန်ရောဂါကို ကာကွယ်နိုင်တယ်လို့ ဆိုပါတယ်။

နောက်ဆေးတစ်မျိုးဖြစ်တဲ့ Glucosmine နှင့် Chondroitin ကတော့ အသက်ကြီးလာရင်ဖြစ်တတ်တဲ့ အရိုး၊ အဆစ်၊ အရွတ်ချို့ယွင်းလာမှုကို ကာကွယ်ပေးနိုင်မယ်လို့ဆိုပါတယ်။

Calcium နှင့် Magnesium ကတော့ သွေးတိုးကိုကျစေပြီး အရိုးအဆစ်သန်မာမှုအတွက် အထူးလိုအပ်တာဖြစ်တယ်။ဒီဆေးနှစ်မျိုးကို 2:1 နှစ်ချိုးတစ်ချိုးပါဝင်မှု (ဥပမာ Calcium 500 ဆိုရင် Magnesium 250) ပါဝင်တဲ့ဆေးဟာ ပိုကောင်းပြီး Vitamin Cနဲ့တွဲသောက်ရင် စုပ်ယူမှုပိုကောင်းတယ်လို့ဆိုပါတယ်။ ဒီဆေးကို ညအိပ်ရာမဝင်ခင် တစ်နာရီခန့်အလိုမှာ သောက်သင့်ကြောင်း တင်ပြလိုက်ရပါတယ်။

အဝလွန်သူတွေများလာတာနဲ့ ဆေးပညာရှင်တွေကလည်း အဝလွန်တာကို တားနိုင်ဖို့နည်းလမ်းမျိုးစုံကို လေ့လာနေကြပါတယ်။ ယခုအခါ လန်ဒန် Imperial College နှင့် University of Glasco က ဆေးသုတေသနပညာရှင်တွေရဲ့ လေ့လာထားချက်ကိုလည်း တင်ပြပါရစေ။ သူတို့ဟာ အူသိမ်(Intestine) ထဲမှာ ပုံမှန်အတိုင်းထွက်တဲ့ ဓာတ်ပေါင်းတစ်ခုဖြစ်တဲ့ Propionate ဆိုတာကို တွေ့ရှိခဲ့တယ်။ ဒီဓာတ်ပေါင်းဟာ Intestine ထဲမှာ ရှိနေတဲ့ Bacteria တစ်မျိုးကြောင့်ပျက်စီးသွားပြီး ယင်းပျက်စီးသွားတဲ့ ဓာတ်ဟာ အစာမစားချင်အောင် နှိုးဆွတဲ့ ဟိုမုန်းဓာတ်တစ်ခုဖြစ်သွားတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် Propionate ဆိုတဲ့ ဓာတ်ပေါင်းကို အပြင်မှာလုပ်ယူပြီး စားခိုင်းတဲ့အခါ အူသိမ်ထဲကိုပေါင်းစပ်ပြီး စားလိုက်တဲ့အခါ ဒီလို ချေဖျက်ခံလိုက်ရတာကြောင့် အခက်တွေ့ကြရပါတယ်။ ဒါပေမယ့်ဒီ Pro-pionate ဓာတ်ပေါင်းကို Insulin နဲ့ ပေါင်းစပ်ပြီး စားလိုက်တဲ့အခါ ဒီလို ချေဖျက်မခံရဘဲ Propionate ဓာတ်ဟာ အူသိမ်ထဲအထိ ရောက်သွားနိုင်တာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် တချို့လူတွေကို ဒီဓာတ်ပေါင်းနဲ့ Insulin ကိုပေါင်းထားတဲ့ ဆေးကိုကျွေးပြီး တချို့ လူတွေ ကိုတော့ Insulin လောက်သာကျွေးပြီးအစာစားခိုင်းတဲ့အခါ Insulin လောက်သာ ကျွေးတဲ့လူတွေက အစာများများ စားချင်ပြီး နှစ်ခုပေါင်းကျွေးတဲ့သူတွေမှာ အစာစားချင်စိတ် နည်းပါးတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့်အဝလွန်ဖြစ်နိုင်ခြေရှိသူတွေအတွက် အစာစားချင် စိတ်လျော့သွားအောင် ဒီနှစ်ခုပေါင်းစပ်ထား တဲ့ဆေးကို ဖော်ထုတ်နိုင်လိမ့်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

လူတစ်ယောက်ဟာ လိုသည်ထက်ပိုဝလာတာ မကောင်းကြောင်း လူတိုင်းသိထားကြပါတယ်။ ဒါကို သတိထားနိုင်ဖို့လည်း အရေးကြီးပါတယ်။ ဒါကို သတိထားနိုင်ဖို့ အချက်သုံးချက်ထောက်ပြထားပါတယ်။ နံပါတ်(၁) ကတော့ အများသိထားကြတဲ့ BMI ခေါ်တဲ့ Body Mass Index အရပ်-အလေးအညွှန်းကိန်းဖြစ်ပါတယ်။ ဒါကို တိုင်းထွာနည်းကတော့ ကိုယ်အလေးချိန်ကို Kilogram နဲ့ချိန်လိုက်ပါ။ အရပ်ကို Meter နဲ့ချိန်ပြီး နှစ်ထပ် (square)တွက်ပြီး ကိုယ်အလေးချိန်ကို စားလိုက်ပါ။ ဒီလိုစားလိုက်တဲ့အဖြေက ပုံမှန်လူတစ်ယောက်က ၁၈ ဒသမ ၅ က ၂၅ အတွင်း မှာပဲရှိရပါမယ်။ ၂၅ ကနေ ၃၀ အထိရှိနေရင် ကိုယ်အလေးချိန်ပိုနေပြီး ၃၀ ထက်ပိုနေရင်တော့ အဝလွန်(obesity)ဖြစ်နေပြီလို့သတ်မှတ်ပါတယ်။နောက်တစ်နည်းကတော့ Waist to Hip Ratio ခါးနှင့်တင်ပါးဆုံအတိုင်း အချိုးဖြစ်ပါတယ်။ ထိုင်နေစဉ် ခါးကို ချက်တည့်တည့်အလယ်က တိုင်းလိုက်ပါ။ ခါးအတိုင်းကို တင်ပါးဆုံနှင့် အကွာအဝေးနဲ့ စားလိုက်တဲ့အခါ အဖြေဟာ (သုညဒသမ ၈)ထက် ပိုများနေတယ်ဆိုရင် အဝလွန်နေပြီလို့ ယူဆရမှာဖြစ်ပါတယ်။နံပါတ်(၃) အနေနဲ့ကတော့ လွယ်ကူပါတယ်။ အရွယ်ရောက်ပြီးသူတစ်ယောက်မှာ ယောကျ်ားဆိုရင် ခါးအတိုင်း ၉၄ စင်တီမီတာ (လက်မ ၄၀)နဲ့ မိန်းမဆိုရင် ၈၀ စင်တီမီတာ အများအားဖြင့် (၃၅)လက်မထက်မပိုသင့် ဘူးလို့ဆိုပါတယ်။ ဒီထက်ပိုရင် ဝနေပြီး ပိုနေတဲ့ အဆီ ဓာတ်တွေဟာ ဗိုက်ထဲမှာရှိတဲ့အစာအိမ်(Stomach)၊ အသည်း (Liver)၊ သရက်ရွက်(Spleen) နှင့်ကျောက်ကပ်(Kidney)စတဲ့အရေးကြီး Organs တွေအပြင်မှာ ဖိနှိပ်နေပြီး ဒီ Organs တွေရဲ့အလုပ်တာဝန်တွေဆောင်ရွက်ရာမှာ ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်နေတာကြောင့် အဝလွန်အောင် မနေသင့်ကြောင်း လေ့လာထားတာကို တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ဆေးပညာသတင်းတစ်ပုဒ်ကတော့ အဆုတ်အားကောင်းအောင် ဘယ်လိုနေထိုင်သင့်တယ်ဆိုတာ အကြံပြုထားတဲ့ သတင်းတစ်ပုဒ်ပါ။ ဒီအကြံပြုချက်(၅)ခုထဲမှာ ပထမဆုံးကတော့ တစ်နေ့မှာ အနည်းဆုံး ငါးမိနစ် ဗိုက်ထဲထိရောက်အောင် လှုပ်ရှားပြီး အသက်ရှူထုတ်လုပ်ပေးဖို့ဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းဖြင့် အဆုတ်အောက်မှာရှိတဲ့ Diaphragm ခေါ်တဲ့ကြွက်သားကို ပိုမိုအားကောင်းစေတယ်လို့ဆိုပါတယ်။ ဒုတိယအနေနဲ့ကတော့ တစ်နေ့မှာ ပန်းသီးတစ်လုံးအနည်းဆုံးတစ်ပတ်မှာ ငါးရက်ခန့် စားသုံးပေးဖို့ဖြစ်ပါတယ်။ ပန်းသီးဟာ အဆုတ်လေပြွန်ကို ကျယ်လာစေပြီး တချို့ပန်းနာရောဂါရှင်တွေကို သက်သာစေတယ်လို့ဆိုပါတယ်။ တတိယ အချက်အနေနဲ့ကတော့ အများအားဖြင့် အကောင်းမြင်စိတ်ကိုမွေးဖို့ အကြံပြုထားပါတယ်။ အဆိုးမြင်စိတ်ရှိသူတွေဟာ အကောင်းမြင်စိတ်ရှိသူတွေလောက် အဆုတ်စွမ်းအား မကောင်းကြဘူးလို့ လေ့လာချက်တစ်ခုအရ သိရပါတယ်။ ဒီလေ့လာချက်ကိုတော့ Harvard တက္ကသိုလ်ဆေးပညာရှင်တွေက အသက် (၆၃)နှစ်ဝန်းကျင်ရှိ လူပေါင်း ၆၇၀ ကို ရှစ်နှစ်ကြာလေ့လာပြီး တွေ့ရှိခဲ့တာဖြစ်ပါတယ်။ စတုတ္ထအနေနဲ့ကတော့ မီးဖိုချောင်ပစ္စည်း၊ အိမ်တွင်းပစ္စည်းတွေကို သန့်ရှင်းရေးလုပ်တဲ့အခါ အဆိပ်အတောက်ပါတဲ့ အမှုန်အမွှားတွေကို မရှူရှိုက်မိအောင် ကာကွယ်ဖို့ဖြစ်ပါတယ်။ ပဉ္စမအနေနဲ့ကတော့ တစ်နေ့မှာ White Wine (အဖြူရောင်ဝိုင်အရက်) တစ်ခွက် သောက်သုံးဖို့ဖြစ်ပါတယ်။ ဝိုင်ဖြူမှာ အဆိပ်အတောက်ပြယ်စေတဲ့ Antioxidant ပါတာကြောင့်ဖြစ်တယ်လို့ဆိုကြောင်း တင်ပြလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ Energy Drink ဆိုတဲ့ အားဖြည့်အချိုရည်ကို ကလေးတွေကို သတိထားတိုက်သင့်ကြောင်း လေ့လာချက်တစ်ခုပါ။ ဒီအကြောင်းကိုတော့ American Heart Association က ကြီးမှူးကျင်းပတဲ့ 2014 Scientific Session မှာ တင်ပြခဲ့တာပါ။ ဒီအစည်းအဝေးမှာတင်ပြခဲ့တာကတော့ 2011 ခုနှစ်က 2014 ခုနှစ်အထိ သုံးနှစ်အတွင်း အမေရိကန်နိုင်ငံ Poison Control Centre ကို ရောက်ရှိလာတဲ့ Report ပေါင်း ၅၁၅၆ ခုကို အခြေခံထားတာပါ။ ဒီအထဲက ၄၀ ရာခိုင်နှုန်းဟာ အသက်ခြောက်နှစ်အောက် ကလေးတွေ ခံစားခဲ့ရတာလို့ဆိုပါတယ်။ ဒီကလေးတွေဟာ နှလုံးခုန်မမှန်တာ၊ ခေါင်းမူးတာ၊ အော့အန်တာနဲ့ သတိလစ်သလို ခံစားရတာတွေပါဝင်တယ်လို့ ဆိုပါတယ်။ လူပျို၊ အပျိုဖော်ဝင်စ လူငယ်တစ်ဦးအတွက် တစ်နေ့ကို Caffeine ဓာတ် 100mg ထက်လိုရင် အန္တရာယ်ရှိနိုင်ပြီး ၁၂ နှစ်အောက် ကလေးတွေမှာတော့ 25mg/kgm Body Wt. ထက်ပိုရင် အန္တရာယ်ရှိနိုင်တယ် လို့ဆိုပါတယ်။ သာမန်အားဖြင့် ကော်ဖီတစ်ခွက်မှာ Caffeine ဓာတ် 100 ကနေ 150 mg အထိပါတတ်ပြီး အားဖြည့်အချိုရည်တွေမှာတော့ 100 ကနေ 400 ထိပါနေ တာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ၁၂ နှစ် အောက်ကလေးငယ်တွေ အထူးသဖြင့် နှလုံးနှင့် ဦးနှောက် ချို့ယွင်းနေသူတွေကို ဒီလိုအချိုရည်မျိုး သတိထားသောက်သုံးကြဖို့ အမေရိကန်နိုင်ငံ Detroit မြို့ Michigan ကလေးဆေးရုံကြီးမှ ပြည်နယ်ကလေးကုဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ Dr. Steven က တိုက်တွန်းထားတာကို တင်ပြလိုက်ရပါတယ်။ ။

## ကျေးလက်ဒေသ အခြေခံတိရစ္ဆာန်ကျန်းမာရေး လုပ်သားသင်တန်း တာချီလိတ်၌ဖွင့်လှစ်

**တာချီလိတ် မတ် ၂၁**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးတို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ စီမံချက်ချလုပ်ကိုင်လျက်ရှိရာ ကျေးလက်ဒေသအရောက် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အရန်အင်အားဖြစ်သော ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများအနေဖြင့် ကွက်ပြည့်ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်၍ ကျေးလက်ဒေသအခြေခံ တိရစ္ဆာန်ကျန်းမာရေးလုပ်သားသင်တန်းကို မတ် ၁၈ ရက် နံနက် ၉ နာရီခွဲက တာချီလိတ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကျော်ကျော်စိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ကျေးလက်တိရစ္ဆာန်လုပ်သားများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် ပြည်သူ့ကျန်းမာရေးတွင် အရေးကြီးသော တိရစ္ဆာန်ရောဂါများ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ မွေးမြူရေးထုတ်လုပ်ရေးကို အဟန့်အတားဖြစ်စေသော ရောဂါများနှင့် မွေးမြူရေးစီမံခန့်ခွဲမှုသင်ခန်းစာများကို သင်တန်းသား ၁၈ ဦးတို့အား မတ် ၁၈ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **လှဌေး(ပြန်/ဆက်)**

## ကယားပြည်နယ်၌ မသန်စွမ်းသူများအား ကူညီဆောင်ရွက်

**လွိုင်ကော် မတ် ၂၁**

ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် World Education တို့ ပူးပေါင်း၍ ဒေသအသီးသီးမှ မိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ မသန်စွမ်းသူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာရန် ဌာနဆိုင်ရာနှင့် INGOs၊ NGOs များ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ဆွေးနွေးပွဲကို မတ် ၁၈ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ ဟိုတယ်လွိုင်ကော်၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင်World Education မှ ဒါရိုက်တာ ဒေါ်ခင်မာအောင်က လုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေးဖြင့် ထောက်ပံ့ခြင်းမဟုတ်ဘဲ မသန်စွမ်းသူအတွက် အမှန်တကယ်လိုအပ်ချက်များကို ဖော်ထုတ်ပြီး ထိရောက်သော နည်းလမ်းဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်နှင့် ဆက်စပ်သော အချက်အလက်များကို



အသေးစိတ်ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုမြတ်မွန်က ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာနှင့် INGOs၊ NGOs များက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူက မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

# ဆုတောင်းတိုင်းသာပြည့်စေချင်ပါသည်

မြန်မာနိုင်ငံ၏အကြီးဆုံးနှင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအားအထားရဆုံးဖြစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ်ဌာနနှင့်ပြင်ပလူနာဌာနတို့၌ အချိန်နှင့်အမျှ လာရောက်ကုသသည့်လူနာများကို မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် စက်တင်ဘာ ၁ ရက်မှစ၍ အလုံးစုံအခမဲ့စမ်းသပ်ကုသပေးနေပြီဖြစ်သည်။ ၂၄ နာရီပတ်လုံး ပြည်သူများ၏ ကျန်းမာရေးအတွက် ကုသစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနေပြီဖြစ်၍ ဝမ်းသာဂုဏ်ယူမိပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူ့ကျန်းမာရေးထောက်ပံ့မှု အသုံးစရိတ်များကို ယခင်နှစ်များထက်ပိုမိုကျခံသုံးစွဲခွင့်ပြုလျက်ရှိသည်။ ဝန်ထမ်းအင်အားများထပ်မံတိုးချဲ့ခြင်းနှင့် ဆေးရုံကြီး၏ မျက်နှာစာကိုလည်း အထပ်မြင့်အဆောက်အအုံအဖြစ်တိုးချဲ့ဆောက်လုပ်လျက်ရှိသည်။ ဤသို့ ကျန်းမာရေးဝန်ကြီးဌာန၏ရုပ်ပိုင်းဆိုင်ရာများ အရှိန်မြင့်တိုးတက်ဆောင်ရွက်လာသလို ဝန်ထမ်းများ၏ စေတနာ၊ မေတ္တာ၊ ကရုဏာစိတ်ပိုင်းဆိုင်ရာများလည်း ကြီးမြတ်လာပါစေကြောင်း ဆုတောင်းမိသည်။

လူနာအား နွေးထွေးစွာကုသမှုသည်ရောဂါတစ်ဝက် သက်သာစေပါသည်။ လူနာများရောဂါဝေဒနာခံစားနေချိန် အားကိုးတကြီးနှင့်ကုသမှုခံယူနေရချိန်တွင် ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများ၏ အပြုံးပန်းတစ်ပွင့်သည် လူနာအတွက်အစွမ်းထက်သော ဆေးတစ်လက်ပင်ဖြစ်သည်။ လူနာရှင်များကိုပင် ပူပင်သောကတစ်ဝက်မက သက်သာခွင့်ရပါသည်။

စာရေးသူကိုယ်တိုင် လူနာရှင်ဘဝဖြင့် သောကမျက်ရည် ဖြိုင်ဖြိုင်ကျခဲ့ရပါသည်။ မျက်ရည်များကြားမှ သမားတော်ကြီး၏ပုံရိပ်က ဝေဝေဝါးဝါးလှုပ်ရှားနေဆဲပါ။ ထိုစဉ်ကသားဖြစ်သူ မတော်တဆမီးလောင်ခံရ၍ ရန်ကုန်ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေချိန်ဖြစ်သည်။ ဆရာဝန်ကြီးက လူနာ၏မိဘများအား တွေ့လိုကြောင်းခေါ်သဖြင့် ဆရာကြီး၏ အခန်းသို့ ဇနီးဖြစ်သူနှင့်အတူ ဝင်ရောက်တွေ့ဆုံခဲ့ရပါသည်။ ဆရာကြီး၏စားပွဲပေါ်သို့လည်း လက်ဆောင်အိတ်လေးကိုအသာအယာတင်ထားမိသည်။

"ဆရာကြီးရယ်ကျွန်တော်တို့ကမြို့ဈေးကြီးထဲမှာကုန်စုံရောင်းပါတယ်။ ဈေးဆိုင်မှာ ဖရောင်းတိုင်မီးထွန်းရာကနေ ရေနံဆီပုံးကို မတော်တဆမီးကူးလောင်သွားပါတယ်။ သားလေးက ဈေးကြီးမီးလောင်မှာစိုးလို့ ရေနံဆီပုံးကို ပိုက်ပြီး ဆိုင်ရှေ့မြေပြင်ကို ပစ်လိုက်ဖို့ ကြိုးစားတာ ရေနံပုံးကလှုပ်ခါပြီးဖိတ်စဉ်သွားတော့ သူ့တစ်ကိုယ်လုံးမီးရှို့လိုက်သလို ဖြစ်သွားတာပါ"။

"ကျွန်တော်အတတ်နိုင်ဆုံးကုပ့ါမယ်ဗျာ။ ဒါမျိုးက ၁၀ ယောက်မှာရှစ်ယောက်က မရတာများတယ်။ ကလေးက (၁၉)နှစ်ပဲရှိသေးတော့ ငယ်သေးတယ်။ ခန္ဓာကိုယ်ထဲမှာ အစိတ်အပိုင်းတွေက နုနယ်သေးတယ်။ တစ်ပတ်လောက် စောင့်ကြည့်ရမယ်။ မျှော်လင့်ချက်တွေသိပ်ထားနေရင်ပိုခံစားရမှာစိုးလို့ ပြောတာပါဗျာ"

ဆရာကြီး၏ကရုဏာ၊ မေတ္တာစကားလေးတွေကြောင့် ကျေးဇူးတင်မဆုံးဖြစ်ရသည်။ အားကိုးတကြီးလည်းဖြစ်ရပါသည်။ ထို့နောက် ဆရာကြီးက စာရေးသူတို့ကန်တော့သည့် လက်ဆောင်အိတ်လေးကိုဖွင့်ကြည့်နေလေသည်။ အိတ်လေးထဲတွင် ငွေစက္ကူအချို့၊ ဟန်ပြထည့်ထားသောပန်းသီးနှင့်ညိုးနွမ်းနေသောလိမ္မော်သီးလေးများကို တွေ့သွားပါသည်။ ဆရာကြီးက ငွေစက္ကူများကို လက်မခံပါ။

"မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားတို့ ရှေ့မှာကုန်စရာတွေရှိပါသေးတယ်။ သိပ်လည်း စိတ်ထိခိုက်မနေပါနဲ့။ ခင်ဗျားတို့ ကျန်းမာရေးကောင်းမှ ကလေးကို ဂရုစိုက်နိုင်မှာ ကျွန်တော်လည်း ဂရုစိုက်မှာပါ"

"ကျေးဇူးတင်ပါတယ်။ ဆရာကြီးရယ်။ သားလေးက သိပ်လိမ္မာတယ်။ ဈေးကြီးမီးလောင်မှာစိုးလို့ သားစွန့်စားတာပါလို့ငိုပြောတယ်။ မိဘအပေါ် လဲသိပ်သိတတ်တယ်။ မြို့ကလူတွေလည်း သူ့ကို ချစ်ကြတယ်။ ဒီနှစ်မှာ ၁၀ တန်းကို ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်ပြီးရုံရှိသေးတယ်။ ကျွန်တော့်ဘဝမှာ ဒီသားလေးပဲရှိတယ်။ အားကိုးပါတယ် ဆရာကြီးရယ်"

ပြောပြောဆိုဆိုစာရေးသူနှင့်ဇနီးဖြစ်သူတို့ဟာ ဆရာကြီးကို ဦးချလိုက်မိကြပါသည်။မျက်ဝန်းမှာတော့ မျက်ရည်များ လျှံထွက်လာပါတော့သည်။ မျက်ရည်များကြားမှာ နွမ်းလျနေသော လိမ္မော်သီးလေးများကို စားပြနေသော ဆရာကြီး၏ပုံရိပ်ကိုမြင်တွေ့နေရသည်။ မေတ္တာဓာတ်ရှိပြီး လေးစားစရာကောင်းလှသည့် ဆရာကြီးကို စာရေးသူဘဝမှာ မေ့ပျောက်လို့ မရနိုင်တော့ပါ။

တစ်ပတ်လောက်စောင့်ကြည့်ရမယ်ဆိုသော ဆရာကြီး၏ စကားအတိုင်းပင် ကိုးရက်မြောက်သောနေ့ ည ၉ နာရီမှာတော့ သားရဲ့ဝေဒနာကပိုဆိုးလာသည်။ လူးကာလိမ့်ကာ ဆောက်တည်ရာမရဖောက်ပြန်လာသည်။ စာရေးသူမှာလည်း မကြည့်ရက်နိုင်၊ မခံစားနိုင်တော့၍ ဆေးရုံကြီးရှေ့သို့ တိမ်းရှောင်နေလိုက်မိသည်။ သူနာပြုဆရာမလေးက အတင်းလိုက်လာပြီး "ဦးရယ်နောက်ဆုံးအချိန်ကျမှရှောင်မနေပါနဲ့ သူ့ကိုလည်း ညင်ညင်သာသာဖြစ်အောင်ဆေးထိုးပေးထားပါတယ်။ တရားစာလေးတွေ ရွတ်ပေးလိုက်ပါဦးရယ်"

စာရေးသူသည် သားအပေါ်မှာ ဘဝတစ်လျှောက်လုံး ယုယကြင်နာစွာ တာဝန်ကျေခဲ့ပါသည်။ သား၏နောက်ဆုံးအချိန်ကျမှ တာဝန်မကျေလို့မဖြစ်သင့်ပေ။ နောင်တရမဆုံးဖြစ်ချေတော့မည်။ ထို့ကြောင့် စိတ်ကိုတည်ငြိမ်အောင် ကြိုးစားပြီး သားဆီသို့သွားလိုက်ပါသည်။ "ပါကြီးရယ်၊ သားမျက်လုံးတွေ ပြာဝေသွားပြီး ဘာမှမမြင်တော့ဘူး၊ သားမနေရတော့ဘူး၊ သားကို တရားစာလေးတွေရွတ်ပေးပါတော့ ပါပါရယ်"

သားရဲ့ အသံလေးက ဝမ်းနည်းစွာ တိမ်ဝင်သွားသည်။ စာရေးသူ၏ အသည်းနှလုံးထဲသို့နာကျင်မှုဝေဒနာက နက်ရှိုင်းစွာ စူးဝင်သွားပါတော့သည်။ သားရဲ့ဘေးမှာထိုင်ပြီး နဖူးပြင်လေးကို ပွတ်သပ်ရင်းတရားစာများကို ရွတ်ဆိုပေးခဲ့ပါသည်။ သားလေးမှာ အေးငြိမ်းစွာ နာကြားရင်း ခေါင်းလေးတစ်ချက်လှုပ်ပြီး ဘဝတစ်ပါးသို့ကူးပြောင်းသွားပါတော့သည်။

သားလေးကို ထိန်ငူသုသာန်တွင် သင်္ဂြိုဟ်ခဲ့ပြီး ချက်ချင်းပင် မြို့ကလာခေါ်သည့် ကားလေးဖြင့် ပြန်လာခဲ့သည်။ ကားပေါ်တွင် မိသားစုနှင့်ဆွေမျိုးမိတ်သဂ်ဟများ ပါလာကြသော်လည်း တိတ်ဆိတ်ငြိမ်သက်လျက်ပင်။ စာရေးသူကတော့ ရန်ကုန်ဆေးရုံကြီးမှာ သားလေးအားအရေးပေါ်တက်ရောက်ကုသစဉ်မှ ကွယ်လွန်ချိန်အထိဖြစ်စဉ်လေးများကို တွေးနေမိသည်။ ညအချိန်မတော်ဆေးရုံကြီးသို့ရောက်စဉ် အရေးပေါ်ဌာနသို့ လမ်းညွှန်သူများ၏ သွေးအေးနေမှု၊ အရေးပေါ်အခန်းတွင် အနာများဆေးထည့်လျှင် လိုအပ်သည့်ပစ္စည်းများပြေးဝယ်ရာတွင် အလွဲများ၊ နာကျင်မှုများသက်သာရေးကိစ္စ၊ လူနာမေးရန်ဝင်ခွင့်အဖုအထစ်များ၊ ပိုဆိုးသည်က တစ်ကိုယ်လုံးမီးလောင်ဒဏ်ရာများဖြင့် သေလုမတတ်ခံစားနေရသည့် လူနာအား တွန်းလှည်းဖြင့် အဆောင်ပြောင်းရွှေ့ရာတွင် ကြိုက်စျေးမရ၍ နှောင့်နှေးရပုံများကို မြင်ယောင်ရင်း ပူလောင်နာကျင်မိသည်။

ယခုတော့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ လှူပစ်စစ်ကားများလှူဒါန်းလိုက်ပြီဖြစ်၍ လူနာများ အဆောင်ပြောင်းရွှေ့ရာတွင် သက်သောင့်သက်သာပြောင်းရွှေ့နိုင်တော့မည်ဖြစ်သည်။ ကင်ဆာလူနာများအတွက်လည်း ဓာတ်ရောင်ခြည်စက်များ တိုးချဲ့၍တစ်နေ့လျှင် လူဦးရေ ၂၅၀ ခန့်ပင် ကုသခွင့်ရနေပြီဖြစ်သည်။ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီဆေးဝါးနှင့် ဆေးရုံသုံးကိရိယာပစ္စည်းများ ပံ့ပိုးပေးလျက်ရှိသည်။ ပြည်သူလူထု၏ ဆေးဝါးကုသမှုအတွက် လူနာများ၏ စိုက်ထုတ်သုံးစွဲငွေ လျှော့နည်းကျဆင်းစေရန် အခမဲ့ဆောင်ရွက်ပေးနေပြီဖြစ်၍ အလွန်ပင်ဝမ်းသာမိသည်။

သို့ဖြစ်၍ နိုင်ငံတော်က ကျန်းမာရေးဝန်ကြီးဌာနအား အဘက်ဘက်မှ အရှိန်မြင့်တိုးတက်ဆောင်ရွက်လာသလို ပြည်သူလူထုကို ကျန်းမာရေးဝန်ဆောင်မှုတစ်ရပ်အနေဖြင့် ပြုစုစောင့်ရှောက်ပေးနေသူများ၏ စေတနာ၊ မေတ္တာ နွေးထွေးကြင်နာမှုတရားများလည်း ကြီးမြတ်လာပါစေကြောင်း ဆုတောင်းနေမိသည်။ "ဆုတောင်းတိုင်းလည်း ပြည့်စေချင်ပါသည်။" စာရေးသူရဲ့ ဘဝမှာ သားလေးကို ဆုံးရှုံးရတဲ့ လူနာရှင်အဖြစ်နဲ့ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသော်လည်း ညိုးနွမ်းနေသော လိမ္မော်သီးလေးများကို စားရင်း နွေးထွေးကြင်နာစွာ နှစ်သိမ့်အားပေးနေသည့် သမားတော်ကြီး၏ မေတ္တာပုံရိပ်ကို ယနေ့တိုင်မြင်ယောင်နေဆဲပါ။ ။

**ကိုရွှေသိမ်းအေး(ငါးသိုင်းချောင်း)**

ကရင်ပြည်နယ်



# လိပ်သိုမြို့ ကျေးရွာအချို့တွင် လျှပ်စစ်မီးနှင့်စာပေအလင်းများရရှိ

**ဘားအံ မတ် ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ မြသာကုန်းကျေးရွာ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၆ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ရှေးဦးစွာ ကျေးရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇောနှင့် ကရင်နှစ်ခြင်းခရစ်ယာန်ဆရာတော် စောညွန့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ရေအားလျှပ်စစ်ဓာတ်အားပေးစနစ်ကို ကြည့်ရှုကြသည်။ ဆက်လက်၍ စာကြည့်တိုက်အား ပြည်နယ်ဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကရင်နှစ်ခြင်းခရစ်ယာန်ဆရာတော်၊ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှလှူဒါန်းသော တန်ဖိုးငွေကျပ်တစ်သိန်းရှိ စာအုပ်စာပေမျိုးစုံကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့ကလည်းကောင်း၊ ပြည်နယ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှလည်းကောင်း စာအုပ်များ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါ မြသာကုန်းကျေးရွာတည်ဆောက်သော ကျေးရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၄ သန်းဖြင့် ကျေးရွာအနီး တောင်ကျချောင်းမှ ကီလိုဝပ် ၁၀၀ ဓာတ်အားထုတ်ယူသုံးစွဲနိုင်သဖြင့် မြသာကုန်းကျေးရွာ၊ ပိန်းသီလာကျေးရွာနှင့် ကျောက်ရှည်တောင်ကျေးရွာများရှိ အိမ်ခြေ ၃၀၈ လုံးအတွက် လျှပ်စစ်မီးများသုံးစွဲနေရပြီဖြစ်ကြောင်းနှင့် အလားတူ ကျေးရွာမတည်ငွေကျပ် ၁၈ သိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၄၀ စုစုပေါင်း ၅၈ သိန်းဖြင့် တည်ဆောက်သော စာကြည့်တိုက်တစ်ခု တည်ဆောက်နိုင်ပြီ ဖြစ်သဖြင့် ကျေးရွာနေပြည်သူများ စာပေဗဟုသုတ ပိုမိုဖတ်ရှုလေ့လာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

◆◆◆

မကွေးတိုင်းဒေသကြီး

# နှစ်သားဆက်တိုက် နွားအမြွှာမွေး၍ တောင်သူများစိတ်ဝင်စား

**နတ်မောက် မတ် ၂၁**

နတ်မောက်မြို့ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ န/လက္ခပွင်ရွာတွင် နွားမကြီးမှ နှစ်သားဆက်တိုက် နွားအမြွှာသားပေါက်မွေးဖွားလာသဖြင့် ဒေသခံတောင်သူများအကြား စိတ်ဝင်စားမှုများရှိနေကြောင်း န/လက္ခပွင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှဝေကပြောသည်။ န/လက္ခပွင်ကျေးရွာ တောင်သူ ဦးအေးလေးပိုင်သည့် နွားမကြီးမှ တပေါင်းလဆန်း ၁၁ ရက်က နွားငယ်အထီးတစ်ကောင်နှင့် နွားငယ်အမ တစ်ကောင် အမြွှာတစ်စုံ သားပေါက်ခဲ့ကြောင်း၊ ယင်းနွားမကြီးမှ ပြီးခဲ့သည့်နှစ် ပြာသိုလဆန်း ၃ ရက်နေ့ကလည်း ပထမအကြိမ် နွားငယ်အထီးနှင့်အမ အမြွှာတစ်စုံသားပေါက်ခဲ့ပြီး ဖြစ်ကြောင်း၊ မိခင်နွားမကြီးနှင့် နွားသားပေါက်အမြွှာများမှာ ကျန်းမာလျက်ရှိကြောင်း ဦးအေးလေးက ပြောသည်။

တောင်သူ ဦးအေးလေးပိုင် နွားမကြီးမှာ စဥ္စဝါအရောင်ရှိနွားမဖြစ်ပြီး အရပ်အမြင့်(ဒေါက်) လေးသစ်ခန့်၊ အသက် ငါးနှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ပထမအကြိမ် မွေးဖွားခဲ့သည့် နွားအမြွှာတစ်စုံမှာ အထီးတစ်ကောင်၊ အမ တစ်ကောင်ဖြစ်ပြီး ယခု ဒုတိယအကြိမ်သားပေါက်မွေးဖွားခဲ့သည့် အမြွှာတစ်စုံမှာလည်း အထီးတစ်ကောင်၊ အမတစ်ကောင်ဖြစ်ကြောင်း ပိုင်ရှင်ဦးအေးလေးတွင် ထူးထူးခြားခြား နွားအမြွှာနှစ်စုံရှိနေပြီဖြစ်ကြောင်း၊ နွားမတိုင်း နွားအမြွှာမွေးလေ့မရှိသော်လည်း အချို့သောနွားမများမှာ တစ်ကြိမ်လောက်သာ နွားအမြွှာမွေးလေ့ရှိတတ်ကြောင်း၊ ယခု ဦးအေးလွင်၏နွားမမှာ အမြွှာသားပေါက်မှုသည် နှစ်သားဆက်တိုက် အထီး၊ အမ တစ်စုံစီမွေးပေးသည့်အတွက် ပိုင်ရှင်အနေဖြင့် အလွန်ဝမ်းမြောက်နေကြောင်း ထူးခြားမှုရှိနေ၍ တောင်သူများစိတ်ဝင်စားကြကြောင်း တောင်သူဦးတင်အေးက ပြောသည်။

**(ဇင်ဝေယံလင်း)**



# နှစ်ခြောက်ဆယ်ပြည့် DMA

**အခု DMA က နာမည်ကြီးပြီးတော့ လူကြိုက်များနေတာပေါ့။ သိပ်ပြီးတော့ မသိကြတာက DMA ဆိုတာ။ Diploma in Management and Administration ပေါ့။ မသိကြသော်လည်းပဲ သူက အခုအနှစ် ၆၀ ပြည့်သွားတယ်။ နှစ် ၆၀ ပြည့်တယ်ဆိုတော့ သင်တန်းလည်းအသုတ် ၆၀ အထိ ဖြစ်သွားတယ်။**

ခင်မောင်ညို(ဘောဂဗေဒ)

DMA ဆိုတာက Diploma ဆိုပေမယ့်သူက ဘွဲ့လွန်ဒီပလိုမာပါ။ ဘွဲ့ရမှ တက်ရတာ။ သူက ၁၉၅၅ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကနေစပြီး ဖွင့်တယ်။ အဲဒီတုန်းက စီးပွားရေးတက္ကသိုလ်ဆိုတာ မပေါ်သေးဘူးလေ။ အဲဒီကနေ ပထမဆုံးရန်ကုန်တက္ကသိုလ်ကနေ ဘွဲ့ရတာခြောက်ယောက်ပဲ ရှိတယ်။ နောက် ဒီစီးပွားရေးတက္ကသိုလ်ရယ်လို့ ၁၉၆၄ မှာ ဖြစ်လာတဲ့အခါကျတော့ စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဌာနက ဆက်ပြီးတော့လုပ်ကြတယ်။ ဟိုတုန်းက ပုဂ္ဂလိကစီးပွားရေးခေတ်မဟုတ်ဘူး။ မဟုတ်တော့ သင်တန်းသားတွေက နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတွေကပုဂ္ဂိုလ်တွေဖြစ်တာပေါ့။ နောက်ကျမှ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကိုခေါ်တာ။ ၁၉၉၅ ခုနှစ်ကျတော့ ပုဂ္ဂလိကတွေ ပါလာတယ်။ အခုအချိန်ထိဘွဲ့ရ ၁၃၀၀ ဆိုတော့လည်း လူသိပ်မသိဘူးပေါ့နော်။

ဒါပေမယ့် DMA ဘွဲ့ရတွေထဲကမှ ထိပ်တန်းစီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်နေတဲ့သူတွေ၊ နိုင်ငံမှာလည်း ခေါင်းဆောင်နေရာက ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေအများကြီးရှိတာကို တွေ့ရတယ်။

ထုံးစံအတိုင်းပေါ့ ဆရာကြီး ဆရာမကြီးတွေကိုကန်တော့တဲ့ အာစရိယပူဇော်ပွဲ ကျင်းပကြတယ်။ ဆရာကြီး ဆရာမကြီးတွေဆိုတာကတော့ တစ်ယောက်နဲ့တစ်ယောက်ဆုံဖို့ အရမ်းခဲယဉ်းတယ်လေ။ အခု ဒီလိုပွဲမျိုးမှ ဆုံရတာလေ။

နှစ် ၆၀ ပြည့်အခမ်းအနားမှာ Panel discussion လေးတစ်ခုလုပ်ပါတယ်။ ၂၀၁၅ အလွန်ဒီစီးပွားရေးလုပ်ငန်းများရဲ့ အလားအလာကို ဆွေးနွေးတဲ့ အစီအစဉ်ပါ။

ကျွန်တော်ရယ်၊ လောလောဆယ် စီမံခန့်ခွဲမှုပညာဌာနက ပါမောက္ခတစ်ယောက်ရယ်၊ ဒါကတော့ ပညာရေးဘက်က နှစ်ယောက်ပေါ့နော်။ ကျန်တဲ့သူတွေကတော့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ မြေသြဇာနဲ့ပတ်သက်တဲ့ကိစ္စတွေလုပ်နေတဲ့ လုပ်ငန်းရှင်တစ်ယောက်၊ အခြေခံအဆောက်အအုံတွေ၊ စွမ်းအင်တွေလုပ်နေတဲ့ လုပ်ငန်းရှင်တစ်ယောက်၊ အိုင်တီလုပ်ငန်းရှင်တစ်ယောက်၊ သူတို့ကလည်း သူတို့အမြင်ပေါ့နော်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့အမြင်ကို ပြောကြပါတယ်။

ထုံးစံအတိုင်းပေါ့၊ ၂၀၁၅ အလွန်ကိုစဉ်းစားတဲ့အခါမှာ ၂၀၁၅ နဲ့အခြေခံပြီးတော့ စဉ်းစားတယ်။ ၂၀၁၅ မှာ လွန်ခဲ့တဲ့နှစ်တွေကရခဲ့တဲ့ စီးပွားရေးအရှိန်အဟုန်တွေ ပျက်သွားမှာကို စိုးရိမ်တယ်။ အခုမတည်မငြိမ်ဖြစ်နေတဲ့ ကျောင်းသားကိစ္စ၊ ပညာရေးကိစ္စ၊ အလုပ်သမားကိစ္စတွေ ဒါလေးတွေ စိုးရိမ်တယ်။ စီးပွားရေးအနေနဲ့ကတော့ အခြေခံကောင်းလေးတွေ ရထားရပါတယ်။ လုပ်ငန်းတစ်ခုချင်းရဲ့ စီးပွားရေးအခြေအနေဆိုတာက နိုင်ငံရဲ့ စီးပွားရေးအခြေအနေပေါ်မှာလည်း မူတည်တယ်။ အဲဒီတော့ နိုင်ငံရဲ့ စီးပွားရေးအခြေအနေကောင်းရင်တော့ လုပ်ငန်းတွေရဲ့ အခြေအနေတွေလည်း ကောင်းမယ်။ တစ်ခါ နိုင်ငံရဲ့စီးပွားရေးဆိုတာကလည်း နိုင်ငံရဲ့ နိုင်ငံရေးအပေါ်မှာ မူတည်တယ်။ နိုင်ငံရဲ့ စီးပွားရေးအခြေအနေဟာ နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေတည်ငြိမ်မှုရှိရင် ကောင်းတာပေါ့လေ။ အခုလက်ရှိအခြေအနေတွေကို ထိန်းထားနိုင်ရင်၊ ပြေလည်အောင်ဖြေရှင်းနိုင်ရင်ကတော့ နိုင်ငံရေးအခြေအနေတွေကောင်းသလို စီးပွားရေးအခြေအနေတွေလည်း ကောင်းမယ်။ လက်ရှိအခြေအနေထက် ပိုပြီးတော့ဆိုးရွားတဲ့ နိုင်ငံရေးအခြေအနေမျိုးကို ကြုံခဲ့ရင်တော့ စီးပွားရေးအခြေအနေလည်း ကောင်းစရာမမြင်ဘူးလို့ သုံးသပ်ပါတယ်။

လုပ်ငန်းရှင်တွေကတော့ ကိုယ့်ကဏ္ဍနဲ့ကိုယ် ပြောကြတယ်။ ပထမ စိုက်ပျိုးရေးနယ်ပယ်နဲ့ သက်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းကိုလုပ်နေတဲ့ ပုဂ္ဂိုလ်ကတော့ စိုက်ပျိုးရေးကဏ္ဍမှာ တိုးတက်ဖို့အလားအလာတွေ၊ ဆောင်ရွက်စရာလုပ်ငန်းတွေ အများကြီးရှိနေသေးတယ်။ ဥပမာ မြေသြဇာနဲ့ပတ်သက်လို့ အများကြီးလိုတယ်။ နောက် စိုက်ပျိုးရေးမှာသုံးတဲ့ စက်ကိရိယာတွေနဲ့ ပတ်သက်ပြီးတော့လည်း အများကြီးလိုအပ်နေသေးတယ်။ စိုက်ပျိုးရေးကဏ္ဍမှာ ငွေတွေလိုအပ်နေသေးတယ်။ စားနပ်ရိက္ခာဖွံ့ဖြိုးဖို့ပဲဖြစ်ဖြစ်၊ အထွက်တိုးဖို့ပဲဖြစ်ဖြစ် ဒါတွေလုပ်စရာတွေ အများကြီးရှိနေသေးပေမယ့် အလားအလာကောင်းတယ်လို့ သူကတော့သုံးသပ်ပါတယ်။

စိတ်ဝင်စားစရာကောင်းတာက စိုက်ပျိုးရေးသမားပေါ့နော်။ စိုက်ပျိုးရေးသမားကို မေးတဲ့အခါမှာ ဒီအော်ဂဲနစ်ပေါ့နော်။ အော်ဂဲနစ်ဆိုတဲ့ဟာကို ပြောတော့ သူကတော့ အော်ဂဲနစ်ကို သိပ်အယုံအကြည်မရှိဘူးတဲ့။ အော်ဂဲနစ်ကို သိပ်အယုံအကြည်မရှိဘူးဆိုတာက လောလောဆယ်မှာ မြန်မာနိုင်ငံက မူလကတည်းကိုက ဓာတ်မြေသြဇာသုံးတာနည်းတယ်။ သုံးတာနည်းတော့ ဒီဓာတ်မြေသြဇာကိုရှောင်ရမယ်ဆိုတဲ့သဘောမျိုး သိပ်ပြီးတော့မရှိသေးဘူးပေါ့။ သုံးဖို့လိုတာတွေ အများကြီးရှိသေးတယ်ဆိုတဲ့တစ်ချက်ကို ထောက်ပြတယ်။ နောက်တစ်ခါ အော်ဂဲနစ်ရဲ့သဘောကစရိတ်ကြီးတယ်။ အထွက်နည်းတယ်။ အထွက်နည်းလို့လဲ စရိတ်ကြီးတာပေါ့။ ဥပမာ တစ်ခုပေးတယ်။ မြို့ထဲမှာ မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ဖွင့်တယ်။ သူက အော်ဂဲနစ်ဆိုင်ပေါ့။

အော်ဂဲနစ်ဆိုင်ဆိုတော့ မုန့်ဟင်းခါးတစ်ပွဲကို ငါးထောင်လို့ ကြော်ငြာထားတယ်။ ကျွန်တော်တို့က ရိုးရိုးမုန့်ဟင်းခါးကိုစားမလား။ အော်ဂဲနစ်မုန့်ဟင်းခါးကို စားမလားပေါ့နော်။ တတ်နိုင်ရင်တော့ အော်ဂဲနစ်ကို စားပေါ့နော်။ မတတ်နိုင်ဘူးဆိုရင်တော့လည်း ငါးရာတန် မုန့်ဟင်းခါးပဲ စားရမှာပေါ့။ ဒီသဘောမျိုး သူကယှဉ်ပြတယ်။ စားနပ်ရိက္ခာဖူလုံဖို့ဆိုတဲ့အနေနဲ့ ပြောရရင်တော့ အော်ဂဲနစ်ကလက်တွေ့မကျဘူးလို့ သူကထောက်ပြတယ်။ နောက် စားတဲ့သူတွေပေါ့နော်။ စားတဲ့သူတွေအတွက်က ဓာတ်မြေသြဇာကလည်း အတိုင်းအတာတစ်ခုအထိသုံးပြီး အလွန်အကျွံမသုံးရင်တော့ သူက အန္တရာယ်သိပ်ပြီးတော့ ကြီးကြီးမားမားမရှိဘူးလို့ သူကမြင်တယ်။

ကိုယ့်အစိုးရနဲ့ ကိုယ်ပေါ့။ ကိုယ်ကရွေးချယ်တင်မြှောက်တဲ့ အစိုးရအနေနဲ့ ဖြစ်လာပြီဆိုတဲ့အခါကျရင် အခွန်ဆောင်ဖို့က နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ မဆောင်ချင်ဘူးဆိုတာကတော့ သဘာဝကျပါတယ်။ ဒါပေမယ့် မဆောင်ဘဲနေလို့ မရပါဘူး။ တစ်နည်းအားဖြင့် ပြောရရင်လည်း အလှူလို့သဘောထားရင်လည်းရပါတယ်။ တချို့ကျတော့ လှူပြီးမှ အခွန်ဆောင်မယ်ပေါ့လေ။ အဲတော့ ဖြစ်သင့်တာကတော့ အခွန်ဆောင်ပြီးမှ လှူပေါ့။ ကြိုက်သလောက်လှူ။ အခွန်ဆောင်တယ်ဆိုတာလည်း နိုင်ငံရဲ့ နိုင်ငံရေးလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ လုံခြုံရေးလုပ်ငန်းတွေစသည်ဖြင့် အဲဒီလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့အတွက် ထည့်တဲ့သဘောပါပဲ။ အခွန်မရှိဘဲနဲ့ ဘယ်လိုမှ အဲဒါတွေမလုပ်နိုင်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာလည်း ပြဿနာတစ်ခုကတော့ အခွန်ဆောင်တဲ့ဟာ တော်တော်လေးနည်းနေတယ်။ ပြောစရာတော့ရှိတာပေါ့။ ကောက်ခံတဲ့ပုံစံက ဘယ်လိုဘယ်ညာနဲ့ဆိုပြီးတော့ ပြောစရာတော့ ရှိတာပေါ့။ ဒါပေမယ့် အခွန်စနစ်မှာလည်း အများကြီးပြောင်းလဲလာတာကို မြင်ရပါတယ်။

နောက်ထပ် ပြောပြချင်တာကတော့ အိုင်တီပေါ့နော်။ အိုင်တီကတော့ လိုင်းပေါ်မှာနေတာပေါ့။ အခုက တယ်လီဖုန်းတွေဘာတွေ တစ်အားများလာတဲ့အခါကျတော့ လွန်ခဲ့တဲ့ သုံးလေးနှစ်တုန်းကလို့ မှတ်မိတယ်။ အဲဒီတုန်းကဆို ဒီအိုင်တီကဏ္ဍဟာ ဆက်သွယ်ရေးကဏ္ဍကနေ တခြားကဏ္ဍတွေ ငါးရာခိုင်နှုန်းတို့၊ ဆယ်ရာခိုင်နှုန်းတို့ တိုးတက်တဲ့အချိန်မှာ သူက တစ်ရာရာခိုင်နှုန်းတို့၊ နှစ်ရာရာခိုင်နှုန်းတို့ တိုးတက်မယ်လို့ လျာထားတော့ ရယ်စရာကြီးလို ဖြစ်နေခဲ့ဖူးတယ်။ မယုံကြဘူးပေါ့။ ဒါပေမယ့် ယနေ့အချိန်မှာဆိုရင် အိုင်တီလောကက အလွန်အခြေအနေကောင်းတယ်။ အလုပ်အကိုင်လည်း အများကြီးဖန်တီးပေးနိုင်တယ်။ လုပ်စရာတွေလည်း အများကြီးရှိတယ်။ ဝင်ငွေတွေလည်းများလာတယ် လို့ သူကပြောပါတယ်။ အခွန်ကင်းလွတ်ခွင့် သူက ကြိုးစားနေတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တည်ထောင်ခါစ တိုးတက်ခါစလုပ်ငန်းတွေအနေနဲ့ကတော့ အခွန်လွတ်လို့ရှိရင် ပိုပြီးတော့ သက်သာမယ်ပေါ့လေ။

တစ်ဖက်ကကျတော့လည်း ဆင်းရဲတဲ့သူကို အခွန်လွတ်ငြိမ်းခွင့်ပေးမယ်ဆိုရင် မြန်မာနိုင်ငံမှာ အကုန်ဆင်းရဲနေကြတာ၊ ချမ်းသာတဲ့သူကို ဘယ်လိုဟာမျိုး တင်သွင်းခွင့်ပေးမယ်ဆိုရင်လဲ လူတွေက အကုန်ချမ်းသာကုန်ကြတယ်လို့။ ဒါမျိုးလေးမဖြစ်အောင်တော့ ဆင်ခြင်ရမယ်ဆိုတာ ပြောဖြစ်ပါတယ်။ နောက် စွမ်းအင်နဲ့ အခြေခံအဆောက်အအုံကလည်း မကြာခဏ မီးပျက်နေတဲ့ပြဿနာပေါ့။ မီးပျက်နေတဲ့ ပြဿနာကဘာလဲဆိုတော့ မီတာခကပေးရတဲ့သူကတော့များတယ်လို့ထင်တယ်။ သို့သော်လည်း စရိတ်ကို မကာမိဘူး။ စရိတ်ကိုမကာမိတဲ့အခါကျတော့ ဒီလျှပ်စစ်စွမ်းအင်ကဏ္ဍမှာလာပြီးတော့ ရင်းနှီးမြှုပ်နှံမယ့်သူမရှိဘူး။ ရင်းနှီးမြှုပ်နှံမယ့်သူက သူ့အကျိုးမရှိရင်မလုပ်နိုင်ဘူး။ နောက် ဝင်ငွေနည်းနေတဲ့အခါကျတော့ လက်ရှိစက်ကိရိယာတွေ၊ ကြိုးတွေပေါ့နော်၊ ဒါတွေလဲဖို့ကလည်း မဖြစ်နိုင်ဘူး။ နောက်တစ်ခုက ဒီနိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတစ်ခုတည်းနဲ့ လုပ်လို့မရဘူး။ ပုဂ္ဂလိကကပါပါရမှာပေါ့နော်။ ပုဂ္ဂလိကလည်းပါမှဖြစ်မယ်။ ပုဂ္ဂလိကကလည်း တော်တော်လေး အရင်းအနှီးများများတတ်နိုင်မှဖြစ်မယ်။

ဒီနေ့က တက်ခဲ့တဲ့ပွဲကတော့ DMA (Diploma in Management Administration)ပညာရပ်သင်ကြားတဲ့ နှစ် ၆၀ ပြည့်ဆွေးနွေးပွဲပါ။ တက်တဲ့သူတွေကတော့ သင်တန်းသားဟောင်းတွေ သင်တန်းသားသစ်တွေဆိုတော့ အထူးသဖြင့် သင်တန်းသားသစ်တွေအနေနဲ့ ၂၀၁၅ အလွန်မှာ ကိုယ်ဘယ်လိုလူလဲ၊ ဘယ်လိုနေရာမှာ ဒီလိုအခွင့်အရေးတွေကို ဘယ်လိုယူကြမလဲ၊ စိန်ခေါ်မှုတွေကို ဘယ်လိုဖြေရှင်းကြမလဲ၊ ကိုယ့်ဘက်က ဘယ်လောက်အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားကြဖို့လိုမလဲဆိုတာကို ဆွေးနွေးပြီးတော့ နိဂုံးချုပ်ခဲ့ပါတယ်။

❖ ❖ ❖

## ရိုးတူးမြောင်းများတူးဖော်ပေးခြင်းကြောင့် စိုက်ပျိုးမြေဧက ၇၃၀၀ ကျော် ရေကြီးနစ်မြုပ်မှုမှကာကွယ်ပေးနိုင်တော့မည်

**စဉ့်ကိုင် မတ် ၂၁**

စဉ့်ကိုင်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေများမှ ပိုလျှံသောရေများအား ပြန်လည်စွန့်ပစ်သည့် ချောင်းများ၊ ရေနုတ်မြောင်းများ၊ ရေဆိုးပစ်မြောင်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ပြန်လည်တူးဖော်ပေးခဲ့ခြင်းကြောင့် ရေစီးရေလာကောင်းမွန်ကာ ယခင်က မိုးရာသီအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော စိုက်ပျိုးမြေဧက ၇၃၅၀ ဧကအား ရေကြီးရေလျှံခြင်းမှကာကွယ်နိုင်ပြီး တောင်သူများ




ပိုမိုအကျိုးအမြတ်ရရှိတော့မည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၄-၂၀၁၅ တိုင်းဒေသကြီးအစိုးရ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် စဉ့်ကိုင်မြို့နယ်အတွင်းတွင် စဉ့်ကိုင်မြို့ မြို့မရပ်ကွက်အတွင်းမှ ရေဆိုးများထုတ်ယူသည့် ပိုးတူးရိုးအား အရှည်ပေ ၁၂၇၅၀၊ စိုက်ပျိုးမြေများမှ ပြန်လည်စွန့်ပစ်ရေထုတ်သည့် ရိုးတူးမြောင်းများဖြစ်သည့် သပြေရိုး(လွဲကော)အား အရှည်ပေ ၁၉၆၀၀၊ မုံပေါင်းရိုးအား အရှည်ပေ ၂၂၅၀၀နှင့် ရှမ်းကမ်းရိုးအား အရှည်ပေ ၂၄၁၂၉ဖြင့် ရန်ပုံငွေကျပ်သိန်းပေါင်း ၁၅၀၀ကျော် အကုန်အကျခံကာ စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရန်အတွက် စက်ယန္တရားများဖြင့် တူးဖော်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

“အရင်တုန်းက ဒီရိုးတူးမြောင်းတွေကရှိတယ်၊ ဒါပေမယ့် ပြန်မတူးတဲ့နှစ်တွေများလာတော့ ရေစီးရေလာမကောင်းတော့ဘူး၊ ဒါကြောင့်မို့ မိုးတွင်းဆို ရေကမထွက်တော့ လယ်မြေတွေက စိုက်ပျိုးပြီးသားတွေ မလိုလားအပ်ဘဲ တချို့ဆုံးရှုံးမှုတွေဖြစ်တယ်၊ စိုက်ပျိုးပြီးသားတွေ ရေနစ်သွားရင် တောင်သူအတွက် အကျိုးရှိသင့်သလောက်မရှိတော့ဘူး၊ အခုလို ရိုးတွေကောင်းသွားတော့ ရေကြီးနစ်မြုပ်မှု ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး”ဟု မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းဝင်း၏ ပြောကြားချက်အရ သိရှိရသည်။ ရိုးတူးမြောင်းများ တူးဖော်ပေးခြင်းကြောင့် အကျိုးကျေးဇူးရှိလာမည်ကိုလည်း “ဒီနှစ်က ရိုးတွေတူးပေးတော့ ပိုပြီးအကျိုးရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနှစ်က တောင်သူတွေ နွေနှမ်းကြဲကြမှာ၊ နှမ်းက စပါးလောက် ရေဒဏ်မခံနိုင်ဘူး၊ ကျွန်တော်တို့ဆီက မိုးများရင် ရေကတော်တော်နဲ့ မထွက်ဘူး၊ လယ်တွေ သုံးရက် လေးရက်လောက် မြုပ်ကုန်တာ၊ စပါးဆိုတော်သေးတယ်၊ နှမ်းဆိုမရဘူး၊ အခုလို ရိုးတွေကောင်းသွားတော့ မိုးများလည်း မကြောက်တော့ဘူး”ဟု သပြေရိုးကျေးရွာမှ တောင်သူ တစ်ဦး ပြောကြားချက်အရ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**